# ကန်တော့ရ
# ရှင်ကျင့်ဝတ်

အရှင်တိက္ခာနန္ဒ
(ဓမ္မာစရိယ) ပြုစုသည်



၁၁
န

အင်းကြင်းသင်းဒေသ ကာနိ ကြာပေါ်

၁၅၇၈၅

ဂန္ဓဝေါမြိုနယ် ကန်တော်ရှိကျောင်းတိုက်
ကမ္ဘာ ... ရန်ကုန်

**အရှင်တိက္ခာနန္ဒ**

သာသနဝံသ သိရိပဝရ ဓမ္မာစရိယ

(ကန်တော်ရသမုဋ္ဌာပကထေရာနံ နတ္တု၊ ပနတ္တု၊)

ပြုစုအပ်သော

# ကန်တော်ရ

# ရှင်ကျင့်ဝတ်

သာသနာ ၂၅၂၅ မြန်မာ-၁၃၄၃ တပေါင်းလ ခရစ်-၁၉၈၂ မတ်လ

F A ဒုတိယအကြိမ်

# မျက်မှောက်ခေတ် ရှင်ပြုနည်း

မြတ်စွာဘုရားသည် ရှင်ပြုပုံပြုနည်း မူသုံးမျိုးကို ချမှတ်တော်မူခဲ့သည်။

၁။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးစ မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် ရဟန္တာခြောက်ကျိပ်တို့အား ထိုထိုမြို့ရွာဇနပုဒ်တို့သို့ လှည့်လည်၍ သရဏဂုံ ၃-ပါးဖြင့် ရှင်ပြုပေးရန်၊ ရဟန်းပြုပေးရန် ခွင့်ပြုတော်မူခဲ့သည်။ ထို့နောက် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးတော်မူစဉ် ရာဓမည်သော ပုဏ္ဏားကို အကြောင်းပြု၍ သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးခြင်းကိုပယ်၍ လေးနက်သော ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးခြင်းကို ခွင့်ပြုတော်မူခဲ့သည်။

၂။ ထို့နောက် ကာဠုဒါယီအမတ် လျှောက်ထားတောင်းပန်သဖြင့် ခမည်းတော်ရှိရာ ကပိလဝတ်သို့ ပြန်ကြွတော်မူ၍ သီတင်းသုံးတော်မူစဉ် သားတော် ရာဟုလာကို အကြောင်းပြု၍ သရဏဂုံ ၃-ပါးဖြင့် သာမဏေပြုပေးခြင်းကို ခွင့်ပြုတော်မူခဲ့သည်။

၃။ ထို့နောက် မဟာသက္ကရာဇ် ၁၀၄-ခုနှစ်၌ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူစဉ် အသက် ၁၅-နှစ်အောက် ကလေးသူငယ်များကိုရှင်ပြု မပေးရဟု တားမြစ်တော်မူပြီးနောက် အရှင်အာနန္ဒာ၏

ဒုတိယအကြိမ်

တပည့် မိဘမဲ့ သူငယ် ၂-ဦးကို အကြောင်းပြု၍ "ရှေ့၌ ချထားသော ထမင်းစားခွက်ကို ညာလက်ဖြင့် နှိုက်စားပြီး ဘယ်လက်ဖြင့် ခဲကိုကိုင်၍ ထိုင်နေလျက် လာလာသမျှ ကျီးသတ္တဝါများကို ပျံအောင် ချောက်လှန့်နိုင်သော ကလေးသူငယ်ကို အရွယ်မသတ်မှတ်ဘဲ ရှင်ပြုပေးနိုင်သည်"ဟု ခွင့်ပြုတော်မူခဲ့သည်။ ဤနည်း၌ အသက်ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ၊ ရာဟုလာမင်းသားကလေး ရှင်ပြုသည့်အတိုင်း သရဏဂုံသုံးပါး ပီသစွာရွတ်ဆိုနိုင်မှသာ သာမဏေအဖြစ်သို့ ရောက်နိုင်ကြောင်း သိစေတော်မူခဲ့သည်။

ထို့ကြောင့် ယခု မျက်မှောက်ခေတ် သာသနာတော်၌ ရာဟုလာမင်းသားကလေးကို ရှင်ပြုသော ဒုတိယမူနည်းအတိုင်း ရှင်ပြုနေကြကာ "သာမဏေအစ ရှင်ရာဟုလာက" "ရဟန်းအစ=ရာဓမထေရ်က"ဟု ခေါ်ဝေါ်သုံးစွဲရိုး ပြုနေကြရသည်။

(ဤစာကို ကျေးဇူးရှင် ဆရာမြတ်များ ရေးသား ချီးမြှင့်တော်မူသည်)။

ဒုတိယအကြိမ်

# နိဒါန်း

**ပထမအကြောင်း** ဇယတ္တာယံ။ ။အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ- ဟူသော သိက္ခာသုံးရပ် သာသနာတော်မြတ်၏သောင်းဝက်သချာ နှစ်ကာလတိုင် မြဲခိုင်တည်တန့်ဘို့အကြောင်းသည် ဝိနည်းဒေသနာတော်၌ အခြေစိုက်တည်ရှိနေပေ၏။ ဝိနည်းဒေသနာတော်သည် သာသနာတော်၏ အသက်ဖြစ်ရာ၊ ဝိနည်းဒေသနာတော် တည်ရှိလျှင် သာသနာတော်သည်း အရှည်ကြာ တည်ရှိမည်သာ ဖြစ်ပေသည်။ ထို့ကြောင့်ပင် ရှေးရှေး သံဂါယနာတင် မဟာထေရ်မြတ်တို့သည် "ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" ဟု မိန့်ဆိုတော်မူခဲ့ကြ၏။

ထိုအချက်ကို ဉာဏ်၌သက်ဝင် ဆင်ခြင်မိကြကုန်သော ကျေးဇူးတော်ရှင် ကန်တော ပဌမ ဒုတိယ ဆရာတော်ဗရားကြီး ၂ပါးတို့သည် ၁၂၆၆-ခုနှစ် (အင်ကြင်းသင်းသော်ကံကြာပေါ်) တွင် ကန်တောရ ကျောင်းတိုက်ကြီးကို တည်ထောင်ဖန်ဆင်းကြပြီးလျှင်၊ ၁၂၀၁-ခုနှစ် (ဥက္ကာရောင်လျှံ စာတော်ပြန်)တွင် ဝိနယမ္မ စာတော်ပြန် သဘင်ကို ဆင်ယင်ပြုလုပ်တော်မူကာ လောကဓာတ်အတွင်း၌ ဝိနည်းဒေသနာတော်မြတ် ကြာမြင့်စွာ တွင်းလင်းတောက်ပ တည်ရှိရန် ကြိုးပမ်းအား ထုတ် ဆောင်ရွက်တော်မူခဲ့ကြကုန်၏၊ ထိုဆရာတော်ဗရားကြီးတို့၏ သိဿ နုသိဿ ဖြစ်ကြကုန်သော ကန်တော ရွှေကျင်နိကာယဝင် သံဃာတော်ထေရ်အရှင်တို့ကလည်း ဝိနည်းဒေသနာတော် အရှည်ကြာ

# (နိဒါန်း)

မြဲခိုင်တည်ရှိရေး ဝိနည်းတော်၌ ကျမ်းကျင်လိမ္မာသော ပညာရှင်များပေါ်ထွက်ရေးကို ဦးရင်းမူလပြုလျက် ၁၃၃၁-ခုနှစ် (အောင်စည်ညိမ့်အေး စာမေးသဘာ ကန်တော့ရာ)တွင် မူလစာတော်ပြန်ပွဲကြီးနှင့် တွဲဘက်၍ ဝိနယဓမ္မစာမေးပွဲကြီးကို စတည်ပြုလုပ်အားထုတ်ဆောင်ရွက်ကြလေသည်။

မိမိသည် ထိုစာမေးအတွက် ရှင်သာမဏေများကို သင်ကြားပို့ချပေးရန် ဝါဝင်ကျရောက်လာသည့်အလျောက်—

ရှင်ကျင့်ဝတ်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရ တို့မှ မှတ်သားဘွယ် အဓိပ္ပါယ်တို့ကို ရှာဖွေစုဆောင်းကာ သင်ကြားပို့ချပေးခဲ့သည်။

မိမိသီတင်းသုံးဖော် အရှင်မြတ်တို့ကလည်း ရှာဖွေစုဆောင်းထားသော မှတ်စုမှတ်ရာတို့ကို စုပေါင်း၍ (ပြည့်စုံသော ရှင်ကျင့်ဝတ်စာအုပ် ပြုစုထုတ်ဝေရန် (မိမိအား) တိုက်တွန်းကြပေသည်။ ထို့ကြောင့် သိမှတ်ဘွယ် ကျင့်အင်ဘွယ် အဓိပ္ပါယ်တို့ဖြင့် ဝေဆာစုံလင်သော ဤကန်တော့ရရှင်ကျင့်ဝတ်ကို အပင်ပမ်းခံကာ ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပေ၏။ သို့ဖြစ်၍ ဤစာအုပ်သည် ဝိနယဓမ္မ စာမေးပွဲအပြင် အခြားသော သာမဏေဆိုင်ရာ ဝိနည်းစာမေးပွဲများအတွက်လည်း အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်မိပေသည်။

ဒုတိယအကြိမ်

## (နိဒါန်း)

ဒုတိယအကြောင်း= ယခုကဲ့သို့ ပြည့်စုံခန့်ငြားသောရှင်ကျင့်ဝတ် စာအုပ် ထုတ်လုပ်ရာ၌၊ ဒုတိယအကြောင်း ရှိပေသေးသည်။ ထိုအကြောင်းမှာ ရှင်စစ်၊ရှင်ကောင်း ပေါ် ထွက်ရေးပင်တည်း။ မှန်၏။ သာမဏေ ဝိနည်းကို မသိ နား မလည်သော ရှင်သာမဏေသည် ရှင်စစ် ရှင်ကောင်းဖြစ်ဘို့ရန် အခွင့်အလမ်းမရှိချေ။ ဆရာဖြစ်သူကဂရုတစိုက်သင်ကြားပြသမှု မရှိက တပည့်သာမဏေသည်လည်း ဝိနည်းကို တတ်သိနားလည် လိမ့်မည်မဟုတ်ချေ။ ဖြစ်သစ်စရှင်ငယ် ရဟန်းငယ်တို့သည် ဆရာကောင်း၊ ဆရာမြတ်တို့ထံ၌ ခိုဝင်နည်းခံမိရန် အလွန်ပင် အရေးကြီးလှပေ၏။ မှန်ပေသည်-ထိုကိုပင်ရည်၍ "ပဗ္ဗဇ္ဇာ ဟိ နာမေသာ ပဋိသန္ဓိဂ္ဂဟဏသဒိသာ= ရှင်ရဟန်း ပြုခြင်းသည် ပဋိသန္ဓေယူသည်နှင့်တူ၏"ဟု အဋ္ဌကထာဆရာမြတ်တို့ အလေး အနက် မှာတော်မူကုန်၏။

ဝိနည်းသိက္ခာ သိရှိနားလည်ရေးသာ မကသေး၊သရဏဂုံ အရာ၌ ဌာန်၊ ကရိုဏ်း ပီပြင်ကျနဘို့ လိုလှပါသေးသည်၊ ထိုအရာမှာလည်း ဆရာတပည့် ၂-ဦးလုံး ဌာန်,ကရိုဏ်း ကျန ပီပြင်မှ (ဥဘတောသုဒ္ဓိဖြစ်မှ) ရှင်သာမဏေ ဖြစ်သည်ဟု ကျမ်းဂန်တို့၌ မိန့်ဆိုသောကြောင့် ရှင်စစ်, ရှင်မှန်ဖြစ်ရေးသည် ဌာန်,ကရိုဏ်း ပီသကျနသော သရဏဂုံ ရွတ်ဘတ်နိုင်ရေး၌ တည်ရှိနေ၏၊ သို့ဖြစ်၍ ဤရှင်ကျင့်ဝတ်၌ အစဉ်အဆက် ထွေးယှက်ယုံမှား နေခဲ့သော ဌာန်,ကရိုဏ်းဆိုင်ရာနှင့် သရဏဂုံ ရွတ်ဘတ်နည်းများကို ရှင်းလင်းတိကျစွာ (ပုံစံများ ဖြင့်) ထည့်သွင်းတင်ပြလိုက်ပေသည်။

ဒုတိယအကြိမ်

(နိဒါန်း)

**တတိယအကြောင်း** ဤကန်တော်ရ ရှင်ကျင့်ဝတ် ဖြစ်ပေါ်လာမှု၏ တတိယအကြောင်းမှာမူ အနန္တကျေးဇူးရှင် ဆရာသခင်တို့အား ဓမ္မပူဇာဖြင့် တုံ့ဆပ်ပူဇော်လိုခြင်းပင်တည်း။ ရှင်းပြပါဦးမည်၊ မိမိအပေါ် ထားရှိသော မိဘ၏ မေတ္တာကို ရင်သွေးသားရတနာ ရသောအခါမှ သိနားလည်သောသူပမာ (တာဝန်ပေးချက်အရ) ဆရာမြတ်တို့၏ တပည့်ပရိသတ်ကို မွေးမြူထိန်းသိမ်း အုပ်ချုပ်ရသော အခါမှ ဆရာမြတ်တို့၏ တပည့်အပေါ်ထားရှိသော စေတနာ မေတ္တာကို နားလည်သိရှိလာပါသည်၊ ကြည်ညိုမဆုံးဖြစ်လာပါသည်၊ သာသနာတော်ဝယ် အထိုက်အလျောက် လူသားမြောက်ခဲ့သည်မှာ ဆရာမြတ်တို့၏ ကျေးဇူးများပင်မဟုတ်ပါလား။ ထို့ပြင်၍ ဤကျမ်းစာကို ဆရာမြတ်တို့ထံမှရအပ်သော ပညာဖြင့် ဆရာမြတ်တို့အား တုံ့ဆပ်ပူဇော်သော ဓမ္မပူဇာကျမ်းစာဟု သိအပ်ပါ၏။ ဤစာစောင်ဖြင့် မိမိ၏ ဘေးတော် ဘိုးတော် ဖြစ်ကြကုန်သော ကန်တော်ရ သမုဋ္ဌာပကဆရာတော်ဘုရားကြီးတို့အားလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂါယနာ အကျိုးတော်ဆောင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရ ဆရာတော်ဘုရားကြီးအစရှိသော အနန္တကျေးဇူးတော်ရှင် ဆရာမြတ်တို့အားလည်း အလေးအမြတ် တုံ့ဆပ်ပူဇော်ပါ၏။ ရှိခိုးဦးညွတ်ပါ၏။

ဤစာအုပ်ဖြစ်မြောက်ရေး၌ ကန်တော်ရ

ကတညုမင်္ဂလာ — နာယက ဆရာတော်များ ဝန်ဆောင်

တရားပွားယူခြင်း — အရှင်မြတ်များက အနုဂ္ဂဟ ၂-ပါးဖြင့်

ချီးမြှောက်ထောက်ပံ့တော်မူကြပါသည်။

ဒုတိယအကြိမ်

# (နိဒါန်း)

မန္တလေးမြို့ မြတောင်တိုက် ပခာန်းအကျိုးဆောင် ရွှေဝံ၀င်း ကျောင်းဆရာတော် အရှင်သာသနာဘိဝံသ၊ မန္တလေးမြို့ အဘယာရာမရွှေဂူကျောင်းတိုက် ဥပနာယက သာသနောဒယ ဆရာတော် **အရှင်သီလာနန္ဒာဘိဝံသ** တို့က ပြည့်စုံကောင်း မြတ်သော စာမူ(ကျမ်းစာ ဖြစ်ရန် နည်းပေးခြင်း တည်းဖြတ် သုတ်သင်ပေးခြင်းတို့ဖြင့် (မေတ္တာနုဂ္ဂဟဖြင့်) ချီးမြှင့်စောင့်ရှောက် တော်မူကြပါသည်။

**ဝန်ခံချက်** အနက်ကွဲလွဲမှုဖြင့် လေ့ကျက် ဆောင်ရွက်သူများ အခက်အခဲ မတွေ့စေရန် အနက်ကို (အနည်း အကျဉ်းမျှအပ) ရေးမှုများအတိုင်း ထားရှိပါသည်။ ကဗျာ လင်္ကာများမှာ (အများအားဖြင့်) မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီးနှင့် လယ်တီဆရာတော်ဘုရားကြီးတို့၏ ကဗျာ လင်္ကာများဖြစ်ပါသည်။

ဥဒါန်းစကား ကျမ်းစာအုပ် ဖြစ်မြောက်ရေး၌ အခက်အခဲ မြောက်များစွာနှင့် ကြုံတွေ့ရခြင်းကြောင့် များစွာ ပင်ပန်းလှပါ၏။ မည်သို့ပင်ရှိစေ- ကျမ်းရှင်ကျင့်ဝတ် ပုဂ္ဂိုလ်တစုံ တယောက်ကို သာသနာတော်၌ ရှင်စစ်ရှင်ကောင်း ဖြစ်နိုင်ရေးအတွက် အထောက် အကူ ပေးနိုင်မည် ဆိုပါလျှင် "သဖလံ မမ ဇီဝိတံ=ငါ၏ အသက်ရှင်နေခြင်းကား အကျိုး ရှိပေစွ" ဟု ဥဒါန်း ကျူးနိုင်ပြီ ဖြစ်ပါသတည်း။

**အရှင်တိက္ခာနန္ဒ**

ကန်တောရသမဋ္ဌာပကထေရာနံ နတ္တာ၊ ပနတ္တာ၊

ဒုတိယအကြိမ်

ပထမအကြိမ် အုပ်ရေ (၂၀၀၀) ကို

၁၉၇၃-ခုနှစ်၊

ပညာဗလ မန္တလေးတွင် ပုံနှိပ်သည်။

ဤ''ကန်တောရရှင်ကျင့်ဝတ်'' ကျမ်းစာကို

ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရာတွင်

ဦးဝင်းမောင်

သီရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ

ကြီးကြပ်ပြင်ဆင်ပါသည်။

ဖြန့်ချိရေး-

**333 စာပေတိုက်**

အမှတ်-၅၂၊ လမ်း-၃၀၊ ရန်ကုန်မြို့။

ဒုတိယအကြိမ်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ | မျက်မှောက်ခေတ် ရှင်ပြုနည်း | |
| ၂။ | ပဏာမ | ၁။ |
| ၃။ | ရှင်ပြုခန်းဆိုင်ရာ ပါဠိအနက်များ | ၄=၁၆။ |
| ၄။ | သိက္ခာပုဒ်ဆိုင်ရာ ပါဠိအနက်များ | ၁၆=၄၅။ |
| ၅။ | ရှင်ကျင့်ဝတ်ဝယ် မှတ်ဘွယ်များ | ၄၆=၁၅၀ |
| | (က) ဆံရိပ်ခြင်းစသည် | ၄၆။ |
| | (ခ) ဌာန်ကရိုဏ်းအကြောင်း | ၅၁။ |
| | (ဂ) သရဏဂုံ ရွတ်ဘတ်နည်း ၂—မျိုး | ၆၀။ |
| | (ဃ) သိက္ခာပုဒ် ၁၀-ပါးအဓိပ္ပါယ် | ၆၄။ |
| | (င) ပစ္စဝေက္ခဏာ ၄-ပုဒ်အဓိပ္ပါယ် | ၇၄=၁၀၉။ |
| | (စ) လိင်ဆယ်ပါး အဓိပ္ပါယ် | ၁၁၃။ |
| | (ဆ) ဒဏ် ၁၀-ပါး အဓိပ္ပါယ် | ၁၂၃။ |
| | (ဇ) သေခိယ အဓိပ္ပါယ်၊ | ၁၂၆။ |
| | (ဈ) ခန္ဓကဝတ် အဓိပ္ပါယ် | ၁၄၅။ |
| ၆။ | ကန်တော့ရဝတ်ရွတ်စဉ် | ၁၅၁။ |
| ၇။ | နိဂုံး | ၁၆၅။ |


ဒုတိယအကြိမ်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၆၂၁)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၅၆)

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း

အုပ်ရေ (၂၀၀၀)

၁၃၄၃-ခု၊ တပေါင်းလ

၁၉၈၂-ခု၊ မတ်လ

မျက်နှာဖုံး—ပန်းချီ ဦးကိုလေး

ဘလောက်—ပန်းဝါ (ဖ-ဆ-ပ-လ)

အပုံးရိုက်—ဇောတိကပုံနှိပ်တိုက်

တန်ဘိုး ၈—ကျပ်

ဦးအုန်းမောင်(၀၁၂၁၆) ရွှေတည်စာပေဖြန့်ချိရေး၊
အမှတ် ၆၆၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊
ဦးအေးမောင် (၀၇၃၁) ဇောတိကပုံနှိပ်တိုက်၊ အမှတ် ၅၂၊
လမ်း-၃၀၊ ရန်ကုန်မြို့က ပုံနှိပ်သည်။
ဒုတိယအကြိမ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## (ပဌမ)

သတ္ထုကပ္ပံ သုဝိနယံ၊ ဓာရေမိ ဟဒယေ နဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။

အဟံ=ငါသည်။ သတ္ထုကပ္ပံ=သက်တော်ထင်ရှား မြတ်ဘုရားနှင့်အလားတူပေသော။ သုဝိနယံ=ကောင်းမြတ်သိတ်သည်း ဝိနည်းတော်မြတ် ပိဋကတ်ကို။ ဟဒယေန=အရည်ပြည့်ထွား နှလုံးသားဖြင့်။ ဓာရေမိ=ကျင့်ဆောင်ရပေ၏။ ဝိနယံ=ဘုရားရှင်လား တရားခေါ်ထွက် ဝိနည်းမြတ်ကို။ သဗ္ဗဒါ=နေ့ည မလပ် အခါခပ်သိမ်း။ နမဿမာနော=ရှိသေမြတ်နိုး မာန်စွယ်ချိုးကာ ရှိခိုးလျက်။ ဝိဟရိဿာမိ=အဓိသီလသိက္ခာ ကျင့်စွာ မသွေ နေပေအံ့သတည်း။

## ပဗ္ဗဇ္ဇာဝိဓိ (ရှင်ပြုပုံအစီအစဉ်)

### (က) ဆရာထံသို့ သင်္ကန်းကပ်ရန်။

ပါဠိ-သကလ ဝဋ္ဋ ဒုက္ခနိဿရဏနိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

**အနက်။** ။ဘန္တေ=အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ=အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ=မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျှင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ။ ဣမံကာသာဝံ=ဘုရားတပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ=ယူတော်မူ၍ မံ=ဘုရားတပည့်တော်ကို။ အနုကမ္ပံ=အစဉ်သနားစောင့်ရှောက်ခြင်းကို၊ ဥပါဒါယ=အကြောင်းပြု၍။ ပဗ္ဗာဇေထ=ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန်ဘုရား။

---

### (ခ) ဆရာ့ထံမှ သင်္ကန်းတောင်းယူရန်။

ပါဠိ-သကလေ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

**အနက်။** ။ဘန္တေ=အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ=အလုံးစုံသော သံသရာဝဋ်

ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္စိကရ-
ဏတ္ထာယ=မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်
ပြုပါရခြင်း အကျိုးငှာ။ ဇေတိကာသာဝံ=အရှင်ဘုရားတို့၏
လက်တော်၌ရှိသော ထိုသင်္ကန်းကို။ ဒတွာ=ပေးသနားတော်
မူ၍။ မံ=ဘုရားတပည့်တော်ကို။ အနုကမ္ပံ=အစဉ်သနားခြင်းကို။
ဥပါဒါယ= အကြောင်းပြု၍။ ပဗ္ဗာဇေထ= ရှင်သာမဏေ
ဖြစ်အောင် ပြုပေးတော်မူပါကုန်ဘုရား။
အမှာ။ ။၁-ကြိမ်၊ ၂-ကြိမ်၊ ၃-ကြိမ် (ကြိုက်သလို) ဆိုနိုင်သည်။

---

## (ဂ) ရှင်အဖြစ်တောင်းရန်။

ပါဠိ-ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစ-
နတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော
မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

အနက်။ ။ဘန္တေ အရှင်မြတ်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော=
သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ ကျွတ်လွတ်
ထွက်မြောက်ပါခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ=ရှင်သာမဏေ
အဖြစ်ကို။ ယာစာမိ တောင်းပန်ပါ၏ဘုရား။ ဘန္တေ=အရှင်
မြတ်ဘုရား။ ဒုတိယမ္ပိ=နှစ်ကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ

ဒုတိယအကြိမ်

ဒုက္ခတော သံသာရဝဋ္ဋဆင်းရဲမှု၊ မောစနတ္ထာယ ကျွတ်လွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ တောင်းပန်ပါ၏ဘုရား။ ဘန္တေ အရှင်မြတ်ဘုရား။ တတိယမ္ပိ သုံးကြိမ်မြောက်လည်း၊ သံသာရ ဝဋ္ဋ ဒုက္ခတော သံသာရဝဋ္ဋဆင်းရဲမှု။ မောစနတ္ထာယ= ကျွတ်လွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ။ ပဗ္ဗဇ္ဇံ ရှင်သာမဏေအဖြစ်ကို။ ယာစာမိ တောင်းပန်ပါ၏ဘုရား။

---

## (ဃ) သရဏဂုံ သီလတောင်းရန်။

### (သောက်တည့်ရန်)

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာ-သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ ... .... ... ... ... မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ .... .... .... .... .... မေ ဘန္တေ။

(ယမဟံ ဝဒါမိ တံ ဝဒေဟိ။ (ရှင်လောင်းများလျှင်) တံ ဝဒေထ—ဆို)။

(အာမ ဘန္တေ)။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ဒုတိယအကြိမ်

(သရဏဂုံ ၃-ပါး)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(တိသရဏဂမနံ ပရိပုဏ္ဏံ)။

(အာမ ဘန္တေ)။

သီလ ၁၀-ပါး)

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

(အာမ ဘန္တေ)။

(၁၀—ပါးသီလ မြန်မာပြန်)

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၂။ (အရှင်သည် ကိုယ်နှုတ်ဖြင့်) မပေးအပ်သော ပစ္စည်းဥစ္စာကို ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၃။ မမြတ်သော (မေထုန်) အကျင့်မှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၄။ ချွတ်ယွင်းဖောက်ပြန် မမှန်မကန်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၅။ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

ဒုတိယအကြိမ်

၆။ နေလုံညစာစားခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၇။ ကခုန်ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သာသနာတော်၏ ညွှဲ့ဘင်တံကျင်ပမာ ဖီလာကန့်လန့်ဖြစ်သော ပွဲလမ်းသဘင်ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၈။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အပြေအပြစ်လိမ်းကျံခြယ်လှယ်ခြင်းဟူသော ကိလေသာ ပွားကြောင်းအမှုမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၉။ မြင့်သောနေရာ၊ မြတ်သော (ကြီးကျယ်ခမ်းနားသော) နေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၁၀။ ရွှေငွေကိုကိုင်ခြင်း၊ ခံယူခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

အမှာစကား။ ။ရှင်အဖြစ်သည် သရဏဂုံဖြင့်ပင် ပြီးစီးအောင်မြင်ပြီး ဖြစ်၍ သိက္ခာပုဒ် ၁၀-ပါးကို အထူးတလည် ဆောက်တည်ခိုင်းနေဘွယ်မလို၊ အလိုအလျောက် ဆောက်တည်ပြီး သားဖြစ်သည်။ သို့သော် ပါဠိတော်လာအတိုင်း သင်ပြပေးရမည်ဟု (ဝိ-၃၊ ၁၊ ၂၅၁-၌ အဋ္ဌကထာဆရာ မိန့်မှာတော်မူသည်ကို တွေ့ရသည်။ ယင်းသိက္ခာပုဒ်၁၀-ပါးကိုဝိနည်းမဟာဝါပါဠိတော် (၁၁၇) ၌ တွေ့နိုင်သည်၊ ထိုပါဠိတော်၌ "သိက္ခာပဒံ သမာဒိယာမိ" မပါ။

ဒုတိယအကြိမ်

"ဝေရမဏီ"တိုင်ရှိသပါသည်။ အငွကထာမှာလည်း ပယ်သည်။ သို့သော် ဤကျမ်း၌မူ ရှေးအစဉ်အလာအတိုင်းပင် အပြည့်အစုံပြလိုက်သည်။ ကလေးသူငယ် (ရှင်လောင်း) များပါ နားလည်နိုင်ရန်အတွက် မြန်မာပြန်၍ ထည့်ထားသည်။

---

## (င) ဥပဇ္ဈာယ်ယူရန်။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။
ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။
ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

**အနက်။** ။ဘန္တေ= အရှင်မြတ်ဘုရား၊ အာယသ္မာ= **သက်တော်ရှည်သော၊ တွံ=အရှင်မြတ်ဘုရားသည်။** မေ=တပည့်တော်၏၊ ဥပဇ္ဈာယော = အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှုမြင်၍ ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ=ဖြစ်တော်မူပါအရှင်ဘုရား။

ပါသာဒိကေန သမ္ပာဒေဟိ။ (များက သမ္ပာဒေထ)

ပါသာဒိကေန=ကြည်ညိုဘွယ်ကိုဆောင်သော ကိုယ်အမူရာ နှုတ်အမူအရာဖြင့်။ သမ္ပာဒေဟိ= သိက္ခာသုံးပါးကို ပြည့်စုံစေလော့။ (ပြည့်စုံစေကြကုန်လော)။

(အာမ ဘန္တေ)။

ဒုတိယအကြိမ်

## ဝတ်ကြီးဝတ်ငယ်ခွင့်လွှတ်ဘို့ လျှောက်ရန်။

ဥပဇ္ဈာယ်ဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို ခွင့်ပြုတော်မူပါအရှင်ဘုရား။ ဘုရားတပည့်တော်ကလည်း ခွင့်ပြုပါ၏ အရှင်ဘုရား။

### (၁) ပစ္စဝေက္ခဏာဆင်ခြင်ရန်။

### (၁) စီဝရပစ္စဝေက္ခဏာ။

**ပါဠိ**-ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိ
ယာဝဒေဝ သီတဿ ပဋိဃာတာယ
ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာ
တပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ
ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ၊

**အနက်**။ ။ယောနိသော = သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ- ပဋိသင်္ခါယ = ပညာဖြင့် ဆင်ခြင်မြင်သိ၍။ စီဝရံ = သင်္ကန်းဟူသမျှကို။ ပဋိသေဝါမိ = မှီဝဲပါ၏။ သီတဿ = အအေးကို။ ယာဝပဋိဃာတာယဧဝ = ပယ်ဖျောက်ရုံငှာသာလျှင်။ ဥဏှဿ = မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ = ပယ်ဖျောက်ရုံငှာသာလျှင်။ ဍံသ မကသ ဝါတာတပ သရီသပသမ္ဖဿာနံ = မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ = ပယ်ဖျောက်ရုံငှာသာလျှင်။ စီဝရံ = သင်္ကန်းဟူသမျှကို။ ပဋိသေဝါမိ = မှီဝဲပါ၏။ ယာဝဟိရိ ကောပိနပ္ပဋိစ္ဆာဒနတ္ထံ ဧဝ = ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းရုံအကျိုးငှာသာလျှင်။ စီဝရံ = သင်္ကန်းဟူသမျှကို။ ပဋိသေဝါမိ = မှီဝဲပါ၏။

### သင်္ကန်းဥဒ္ဒိဆင်ခြင်ရန် [လင်္ကာ]

**ချမ်း**ပူကိုဖျက် ခြင်မှက်လေနေ ကင်းမွေ့လွဲသုန် ဟိရိဂုဏ်ကို ကုန်စေတင့်စွာ ကိုယ်အင်္ဂါကို လုံပါစေလို့ ကိုယ်ကိုစမ့်ါယ် ဆင်ပြင်မယ်ဟု စိတ်ဝယ်မတမ်း ဤသင်္ကန်းကို ဖုံလွှမ်း သုံးဆောင်ပါသတည်း။

### (၂) ပိဏ္ဍပါတ ပစ္စဝေက္ခနာ။

**ပါဠိ**—ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ ယာတြာ စ မေ ဘဝိဿတိ၊ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

**အနက်**။ ။ယောနိသော=သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ= ပညာဖြင့် ဆင်ခြင်မြင်သိ၍။ ပိဏ္ဍပါတံ=ဆွမ်းအစရှိသော အာဟာရကို၊ ပဋိသေဝါမိ= မှီဝဲပါ၏။ ဒဝါယ= ရွာသူရွာသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါးကစားခြင်းငှာ။ နေဝ ပဋိသေဝါမိ= မှီဝဲသည်မဟုတ်ပါ။ မဒါယ=လက်ဝှေ့သက်ပမ်းသည် စသည်တို့ကဲ့သို့ ဗလမာန်၊ ပုရိသမာန် ခက်ထန်ယစ်မူးခြင်းငှာ။ န ပဋိသေဝါမိ=မှီဝဲသည်မဟုတ်ပါ။ မဏ္ဍနာယ=နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီး

ငယ် တင့်တယ်ပြည့်ဖြိုးခြင်းငှာ။ န ပဋိသေဝါမိ=မှီဝဲသည်မဟုတ်ပါ။ ဝိဘူသနာယ =ဂျမ်းသမား ကချေသည်တို့ကဲ့သို့ အရေအဆင်းကြည်လင်ခြင်းငှာ၊ န ပဋိသေဝါမိ။ မှီဝဲသည်မဟုတ်ပါ။ဣမဿကာယဿ=ဤရူပကာယ၏။ ဌိတိယာ ဧဝ=အစဉ်မပြတ် တည်မတ်နိုင်ရုံအကျိုးငှာသာလျှင်၊ ယာပနာယ ဧဝ=မပြတ်ဆက်တည် အသက်ရှည်စေနိုင်ရုံ အကျိုးငှာသာလျှင်။ ဝိဟိံသူပရတိယာ ဧဝ=မွတ်သိပ်ဆာလောင်ခြင်း ဆင်းရဲကင်းရုံ အကျိုးငှာသာလျှင်။ ဗြဟ္မစရိယာနုဂ္ဂဟာယ ဧဝ=သာသနာ့မဂ္ဂဗြဟ္မစရိယ ၂-ပါးကိုချီးမြှောက်နိုင်ရုံ အကျိုးငှာသာလျှင်။ ပိဏ္ဍပါတံ= ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ= မှီဝဲပါ၏။

ဣတိ=ဤသို့ ဆွမ်းအစရှိသော အာဟာရကို မှီဝဲခြင်းဖြင့်။ ပုရာဏံ=အဟောင်းဖြစ်သော။ ဝေဒနဉ္စ=ဆင်းရဲဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ=ပါယ်ဖျောက်အံ့။ နဝံ=အသစ်ဖြစ်သော။ ဝေဒနဉ္စ=ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ=မဖြစ်စေအံ့၊ မေ=ငါ၏။ ယာတြာ စ=မျှတခြင်းသည်ရှင်း။ အနဝဇ္ဇတာ စ=အပြစ်ကင်းသော အဖြစ်သည်ရှင်း။ ဖာသုဝိဟာရော စ=ချမ်းသာစွာနေရခြင်းသည်ရှင်း၊ ဘဝိဿတိ=ဖြစ်လတ္တံ့။ ဣတိ=ဤသို့နှလုံးပြု၍။ ပိဏ္ဍပါတံ=ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ=မှီဝဲပါ၏။

### ဆွမ်းဌဆင်ခြင်ရန် (လက်ာ)။

ဤသည့်စားဘွယ် အမယ်မယ်ကို မြူးရယ်မာန်ကြွ လှပရေဆင်း ပြည့်ဖြိုးခြ ်းငှာ မသုံးပါဘူး လေးဖြာခတ်ဆောင်

ဤကိုယ်ကောင်သည် ရှည်အောင်တည်လျက် အသက်မျှတမ်း
မမောပန်းငြား ဗရားသာသနာ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ
ဝေဒနာဟောင်းသစ် မဖြစ်စေရ ယာပိုက်မျှလစ် ခပ်သိမ်းပြစ်ကို
မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါ
သတည်း။

## (၃) သေနာသန ပစ္စဝေက္ခနာ။

**ပါဠိ**-ပဋိသင်္ခါယောနိသော သေနာသနံ ပဋိသေ
ဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊
ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသ ဝါတာ
တပ သရီသပသမ္ဖဿာနံ ပဋိဃာတာယ၊ ယာ
ဝဒေဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာ
ရာမတ္ထံ။

**အနက်။** ။ယောနိသော=သင့်သောအကြောင်းအားဖြင့်။
ပဋိသင်္ခါပဋိသင်္ခါယ= ပညာဖြင့် ဆင်ခြင်မြင်သိ၍။
သေနာသနံ=ကျောင်းအိပ်ရာနေရာကို။ ပဋိသေဝါမိ=မှီဝဲပါ၏။
သီတဿ=အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ= ပယ်
ဖျောက်ရုံငှာသာလျှင်။ ဥဏှဿ=မီးပူကို။ ယာဝ ပဋိဃာတာ
ယ ဧဝ=ပယ်ဖျောက်ရုံငှာသာလျှင်။ ဍံသ မကသ ဝါတာတပ
သရီသပ သမ္ဖဿာနံ= မှက်,ခြင်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏
အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ= ပယ်ဖျောက်ရုံငှာ
သာလျှင်။ သေနာသနံ—ကျောင်းအိပ်ရာနေရာကို၊ ပဋိသေဝါမိ—
မှီဝဲပါ၏။ ယာဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ

ဧဝ=ဥတုဘေးရန်ကို ပယ်ဖျောက်နိုင်ရုံ တပါးတည်း ကိန်းအောင်းခြင်း၌ မွေ့လျော်နိုင်ရုံအကျိုးငှာသာလျှင်။ သေနာသနံ=ကျောင်းအိပ်ရာနေရာကို။ ပဋိသေဝါမိ=မှီဝဲပါ၏။

## ကျောင်း၌ဆင်ခြင်ရန် (လင်္ကာ)

ချမ်းပူကိုဖျက် ခြင်မှက်လေနေ ကင်းမြွေဝေးမှု ဥတုဘေးဘျမ်း မသန်းကင်းစင် စိတ်ကြည်လင်ကြောင်း နေရာကျောင်းကို ကိန်းအောင်းမှီဝဲပါသတည်း။

## (၄) ဘေသဇ္ဇပစ္စဝေက္ခနာ။

**ပါဠိ**-ပဋိသင်္ခါယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ
ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ
ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ
အဗျာပဇ္ဇပရမတာယ။ ။

**အနက်**- ။ယောနိသော=သင့်သောအကြောင်းအားဖြင့်။ပဋိသင်္ခါ-ပဋိသင်္ခါယ= ပညာဖြင့် ဆင်ခြင်မြင်သိ၍။ ဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရံ=ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက်အဦဖြစ်သော ဆေးကို။ ပဋိသေဝါမိ=မှီဝဲပါ၏။ ဥပ္ပန္နာနံ=အကြောင်းထင်ရှားပြီးဖြစ်၍ဖြစ်ဆဲမည်ကုန်သော။ ဝါ=ဖြစ်ပြီးဝေဒနာနှင့် တူကုန်သော။ ဝေယျာဗာဓိကာနံ=ဓာတ်ချောက်ခြားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ=ဆင်းရဲဝေဒနာတို့ကို။ ယာဝ ပဋိဃာတာယ ဧဝ=ပယ်ဖျောက်ရန်ငှာသာလျှင်။

ယာဝ အဇ္ဇုပတ္ထ ပရမတာယ ဧဝ=ဆင်းရဲကင်းကွာ ကျန်းမာချမ်းသာခြင်းအတိုင်းအရှည်တိုင်ရုံအကျိုးငှာသာလျှင်။ ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက်အဦဖြစ်သောဆေးကို။ ပဋိသေဝါမိ=မှီဝဲပါ၏။

### ဆေး၌ဆင်ခြင်ရန် (လင်္ကာ)။

ကျင်နာခံခက် နိပ်စက်ဘိစီး ဖြစ်ပြီးဖြစ်လာ ဝေဒနာကို စန့်ခွာပယ်လျှင်း ဆင်းရဲကင်း၍ လူမင်းမြတ်စွာ သာသနာကို ကြည်သာရွှင်လန်း ကျင့်ဖြည့်စွမ်းဘို့ ရည်မှန်းသုံးဆောင်ပါသတည်း။

### ကြွင်းပစ္စည်းများဆင်ခြင်ရန် (လင်္ကာ)။

ဘိနပ်ဆိမ်း ထီးတောင်ဝေ့းစ ဟူသမျှကို အေးမြချမ်းပူ မြေငူသစ်ငုတ် ခလုတ်ဆူးငြောင့် မနှောင့်ဘေးဘျမ်း မသန်းကင်းစင် စိတ်ကြည်လင်၍ အားအင်ပြည့်မာ သာသနာကို ကောင်းစွာကျင့်ဆောင် ဖြည့်နိုင်အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

### သိက္ခာပဒကဏ္ဍ။

### (၁) လိင်ဆယ်ပါးပါဠိအနက်။

**ပါဠိ**-ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော၊ပါဏာတိပါတီ ဟောတိ၊အဒိန္နာဒါယီ ဟောတိ၊အဗြဟ္မစာရီ ဟောတိ၊ မုသာဝါဒီ ...

ဝါဒီ ဟောတိ၊ သုရာမေရယ မဇ္ဇပါယီ ဟောတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိဒူသကော ဟောတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

အနက်။ ။ဒသဟိ=ဆယ်ပါးကုန်သော။ အင်္ဂေဟိ=အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော=ပြည့်စုံသော။ သာမဏေရော= သာမဏေကို။ နာသေတဗ္ဗော= ဖျက်ဆီးအပ်၏။ ဝါ=အသင်္ကန်းကိုဖျက် လူထွက်စေအပ်၏။ ပါဏာတိပါတီ= သူ့အသက်ကိုသတ်ခြင်းရှိသည်။ ဟောတိ=ဖြစ်၏။ အဒိန္နာဒါယီ=အရှင်မပေးသောသူတပါးဥစ္စာကိုခိုးယူသည်၊ ဟောတိ= ဖြစ်၏။ အဗြဟ္မစာရီ=မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်း ရှိသည်။ ဟောတိ=ဖြစ်၏။ မုသာဝါဒီ= ချွတ်ယွင်းဖောက်ပြန် မမှန်သောစကားကို ပြောဆိုခြင်းရှိသည်။ ဟောတိ=ဖြစ်၏။ သုရာမေရယ မဇ္ဇပါယီ=မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်ခြင်းရှိလည်။ ဟောတိ=ဖြစ်၏။

ဗုဒ္ဓဿ=မြတ်စွာဗုဒ္ဓ၏၊ အဝဏ္ဏံ=ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ=ပြောဆို၏။ ဓမ္မဿ=တရားတော်၏။ အဝဏ္ဏံ=ကျေးဇူးမဲ့ကဲ့ရဲ့သောစကားကို။ ဘာသတိ=ပြောဆို၏။ သံဃဿ=သံဃာတော်၏။ အဝဏ္ဏံ=ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို။ ဘာသတိ=ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော=မှားသော

ဒုတိယအကြိမ်

အယူရှိသည်။ ဟောတိ ဖြစ်၏။ ဘိက္ခုနီဒူသကော ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ ဖြစ်၏။ ဒသဟိ ဆယ်ပါးကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော ပြည့်စုံသော။ သာမဏေရော သာမဏေကို။ နာသေတဗ္ဗော ဖျက်ဆီးအပ်၏။ ဝါ အသွင်ကိုဖျက် လူထွက်စေအပ်၏။

---

## (၂) ဒဏ် ၁၀-ပါးပါဠိအနက်။

**ပါဠိ။**ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ၊ ဝိကာလဘောဇနေ ဝါ ဟောတိ၊ နစ္စဂီတဝါဒိတ ဝိသူကဒဿနေ ဝါ ဟောတိ၊ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနေ ဝါ ဟောတိ၊ ဥစ္စာသယန မဟာသယနေ ဝါ ဟောတိ၊ ဇာတရူပရဇတ ပဋိဂ္ဂဟဏေ ဝါ ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

အနက်။ ။ဒသဟိ=ဆယ်ပါးကုန်သော။ အင်္ဂေဟိ—အကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတဿ=ပြည့်စုံသော။ သာမဏေရဿ=သာမဏေအား။ ဒဏ္ဍကမ္မံ=သဲဒဏ်, ရေဒဏ်ပေးခြင်း

အမှုကို။ ကာတဗ္ဗံ=ပြုအပ်၏။ ဝိကာလဘောဇနေ=နေလွဲ ညစာစားခြင်းရှိသည်။ ဟောတိ=ဖြစ်၏။ နစ္စဂီတဝါဒိတ ဝိသူက ဒဿနေ=ကခုန်ခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း သာ သနာတော်၏ ခြောင့်တံကျင်ပမာ ဖိလာဖြစ်သော ကြည့်ရှု နားထောင်ခြင်းရှိသည်။ ဟောတိ=ဖြစ်၏။ မာလာဂန္ဓဝိလေပန ဓာရဏမဏ္ဍနဝိဘူသနေ=ပန်းပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာ ပျောင်းတို့ဖြင့် အပြေအပြစ် လိမ်းကျံခြယ်လှယ်ခြင်းရှိသည်။ ဟောတိ=ဖြစ်၏။ ဥစ္စာသယန မဟာသယနေ=မြင့်သောနေရာ မြတ်သော (ကြီးကျယ်ခန့်နားသော) နေရာ၌ နေခြင်းရှိသည်။ ဟောတိ=ဖြစ်၏။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏေ=ရွှေငွေကို ကိုင်ခံသာယာခြင်းရှိသည်။ ဟောတိ=ဖြစ်၏။

ဘိက္ခူနံ=ရဟန်းတို့၏။ အလာဘာယ=လာဘ်မရခြင်းငှာ။ ပရိသက္ကတိ=အားထုတ်၏။ ဘိက္ခူနံ=ရဟန်းတို့၏။ အနတ္ထာယ= အကျိုးမဲ့ဖြင်ခြင်းငှာ။ ပရိသက္ကတိ=အားထုတ်၏၊ ဘိက္ခူနံ= ရဟန်းတို့၏။ အဝါသာယ=နေမြဲကျောင်း၌ မနေနိုင်ခြင်းငှာ။ ပရိသက္ကတိ— အားထုတ်၏။ ဘိက္ခူ=ရဟန်းတို့ကို။ အက္ကောသတိ=ဆဲရေး၏။ ပရိဘာသတိ—ခြိမ်းခြောက်၏၊ ဘိက္ခူ=ရဟန်း တို့ကို။ ဘိက္ခူဟိ=ဘုန်းသောရဟန်းတို့နှင့်။ ဘေဒေတိ=ကွဲပြား အောင်ကုန်းတိုက်၏။ ဒသဟိ=ဆယ်ပါးကုန်းသော။ ဣမေဟိ ဓေါအင်္ဂေဟိ=ဤအကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတဿ=ပြည့် စုံသော။ သာမဏေရဿ=သာမဏေအား။ ဒဏ္ဍကမ္မံ=သဲဒဏ်, ရေဒဏ်ပေးခြင်းအမှုကို။ ကာတဗ္ဗံ=ပြုအပ်၏။

ပရိမဏ္ဍလဝဂ်၊

ဣဒမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၁။ ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။

၂။ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။

၃။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၅။ သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၆။ သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၉။ န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

ဒုတိယအကြိမ်

## ဥဇ္ဇဃ္ဃိကဝဂ်။

၁၁။ န ဥဇ္ဇဃ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၂။ န ဥဇ္ဇဃ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၃။ အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၄။ အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅။ န ကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆။ န ကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇။ န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈။ န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉။ န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀။ န သီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဥဇ္ဇဃ္ဃိကဝဂ္ဂေါ ဒုတိယော။

ဒုတိယအကြိမ်

၁၅၇၇၅

ခဏ္ဍကတဝဂ်။

၂၁။ နှ ခဏ္ဍကတော အန္တရဃရေ ဂမိယာမိတိ သိက္ခာ ကရဏီယာ။

၂၂။ နှ ခဏ္ဍကတော အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၃။ နှ ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၂၄။ နှ ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၅။ နှ ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၂၆။ နှ ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၇။ သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၂၈။ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၂၉။ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၃၀။ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

ခဏ္ဍကဝဂ္ဂေါ တတိယော။

ဒုတိယအကြိမ်

## သက္ကစ္စဝဂ်။

၃၁။ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ၊
၃၂။ ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၃၃။ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၃၄။ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၃၅။ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ။ သိက္ခာ ကရဏီယာ။
၃၆။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။
၃၇။ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၃၈။ န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။
၃၉။ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။
၄၀။ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော

## ကဗဠဝဂ်။

၄၁။ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။
၄၂။ န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃။ န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၄။ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ။

၄၅။ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ။

၄၆။ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၇။ န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၈။ န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၉။ န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၀။ န စပုစပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

သုရုသုရုဝဂ်။

၅၁။ န သုရုသုရုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၂။ န ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၃။ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၄။ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၅။ န သာမိသေန ဟတ္ထေန ပါနီယတ္ထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၅၆။ န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရတီယာ။

၅၇။ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

ဒုတိယအကြိမ်

၅၈။ နှ ဒတ္တပါကိုယ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။
၅၉။ နှ သတ္ထပါကိုယ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။
၆၀။ နှ အာဝုဓပါကိုယ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

သုရူသုရူဝဂ္ဂေါ ဆဋ္ဌော

ပါဒုကဝဂ်

၆၁။ နှ ပါဒုကာရုဠှဿ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။
၆၂။ နှ ဥပါဟနာရုဠှဿ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။
၆၃။ နှ ယာနဂတဿ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။
၆၄။ နှ သယနဂတဿ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။
၆၅။ နှ ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနသ ဓမ္မံ
ဒေသေဿာမိတိ သိက္ခာ ကရဏီယာ။
၆၆။ နှ ဝေဌိတသီသဿ အဂိလာနသ ဓမ္မံ ဒေသေဿာမိတိ
သိက္ခာ ကရဏီယာ။

၆၇။ န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၈။ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၉။ န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၀။ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၁။ န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၂။ န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၃။ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၄။ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၅။ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော

---

ဒုတိယအကြိမ်

# သေခိယ အနက်

## ပရိမဏ္ဍလဝဂ်

အာယသ္မန္တော=အရှင်ဘုရားတို့။ သေခိယာ= သေခိယမည်ကုန်သော။ ဣမေ ခေါ ပန ဓမ္မာ= ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ=သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်သည်အဖြစ်သို့။ အာဂစ္ဆန္တိ=ရောက်ကုန်၏။

၁။ ပရိမဏ္ဍလံ= (ထက်ဝန်းကျင်) အဝန်းညီစွာ။ နိဝါသေဿာမိ=သင်းပိုင်ကိုဝတ်အံ့။ဣတိ=ဤသို့။သိက္ခာ= သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ= ပြုအပ်ပြုထိုက်၏။

၂။ ပရိမဏ္ဍလံ=စွာ။ ပါရုပိဿာမိ=ကိုယ်ဝတ် (ကေသီ) သင်္ကန်းကိုရုန်းအံ့။ ဣတိ=သို့။ သိက္ခာ-ကို။ ကရဏီယာ=၏။

၃။ သုပ္ပဋိစ္ဆန္နော= လည်ပင်း လက်ကောက်ဝတ်တို့ကို ကောင်းစွာဖုံးအုပ်လျက်။ အန္တရဃရေ=ရွာတွင်း၌။ ဂမိဿာမိ=သွားအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော=လျက်။ အန္တရဃရေ=၌။ နိသီဒိဿာမိ= နေထိုင်အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅။ သုသံဝုတော= လက်ခြေတို့ကိုမကစားဘဲ ကောင်းစွာစောင့်စည်းလျက်။ အန္တရဃရေ=၌။ ဂမိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆။ သုသံဝုံ့တော=လျက်၊ အန္တရာယ်ရေ=၌။ နိုသိဒိယာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု=လေးတောင်ခန့်မျှ ကြည့်သောအားဖြင့် အောက်၌ ချထားအပ်သော မျက်လုံးရှိသည်ဖြစ်၍။ အန္တရာယ်ရေ=၌။ ဂမိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု=၍။ အန္တရာယ်ရေ=၌။ နိသီဒိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၉။ ဥက္ခိတ္တကာယ= မြှောက်ပင့်အပ်သော သင်္ကန်းဖြင့်၊ အန္တရာယ်ရေ=ရွာတွင်း၌။ န ဂမိဿာမိ=မသွားအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၁၀။ ဥက္ခိတ္တကာယ=ဖြင့်၊ အန္တရာယ်ရေ=၌။ န နိသီဒိဿာမိ=မနေထိုင်အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

ပဌမော -ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ-ပရိမဏ္ဍလဝဂ်သည်။ နိဋ္ဌိတော=ပြီးပြီ။

---

ဥဇ္ဇဂ္ဃိကဝဂ်

၁၁။ ဥဇ္ဇဂ္ဃိကာယ= ကျယ်လောင်စွာရယ်ခြင်းဖြင့်။ အန္တရာယ်ရေ=၌။ န ဂမိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၁၂။ ဥဇ္ဇဂ္ဃိကာယ=ဖြင့်။ အန္တရာယ်ရေ=၌။ န နိသီဒိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

ဒုတိယအကြိမ်

၁၃။ အပ္ပသဒ္ဒေါ=တိုးသောအသံရှိသည်ဖြစ်၍။ အန္တရာယ်ရေ=၌။ ဂမိယာ‌ာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ

၁၄။ အပ္ပသဒ္ဒေါ=၍။ အန္တရဃရေ=၌။ နိသီဒိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၁၅။ ကာယပ္ပစာလကံ= ကိုယ်ကို လှုပ်၍ လှုပ်၍။ အန္တရဃရေ=၌။ န ဂမိဿာမိအံ့။ ဣတိ-သိက္ခာကရဏီယာ။-

၁၆။ ကာယပ္ပစာလကံ=၍။ အန္တရဃရေ=၌။ န နိသီဒိဿာမိအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၁၇။ ဗာဟုပ္ပစာလကံ=လက်ရုံးကို လှုပ်၍ လှုပ်၍။ အန္တရဃရေ=၌။ န ဂမိဿာမိ=။အံ့။ဣတိ-သိက္ခာ-ကရဏီယာ။

၁၈။ ဗာဟုပ္ပစာလကံ=၍။အန္တရဃရေ=၌။ န နိသီဒိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၁၉။ သီသပ္ပစာလကံ=ဦးခေါင်းကို လှုပ်၍လှုပ်၍။ အန္တရဃရေ=၌။ န ဂမိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၂၀။ သီသပ္ပစာလကံ=၍။အန္တရဃရေ=၌။ န နိသီဒိဿာမိ=အံ့။ ဣ-သိက္ခာ-ကရဏီယာ။

ဒုတိယော= ၂-ခုမြောက်သော။ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ=ဥဇ္ဇဂ္ဃိကဝဂ်သည်။ နိဋ္ဌိတော=ပြီးပြီ။

---

ဒုတိယအကြိမ်

၂၁။ ခမ္ဘကတော = ခါးကိုထောက်လျက်။ အန္တရဃရေ = ၌။ န ဂမိဿာမိ = အံ့၊ ဣတိ-သိက္ခာ-ကရဏီယာ။

၂၂။ ခမ္ဘကတော = လျက်။ အန္တရဃရေ = ၌။ န နိသီဒိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၂၃။ ဩဂုဏ္ဌိတော = ဦးခေါင်းခြုံလျက်။ အန္တရဃရေ = ၌၊ န ဂမိဿာမိ = အံ့ ဣတိ-သိက္ခာ-ကရဏီယာ။

၂၄။ ဩဂုဏ္ဌိတော = လျက်။ အန္တရဃရေ = ၌။ န နိသီဒိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၂၅။ ဥက္ကုဋိကာယ = ဖဝါးစွန်းနင်းလျက်။ အန္တရဃရေ = ၌။ န ဂမိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၂၆။ ပလ္လတ္ထိကာယ = လက်အာယောဂပတ် ပုဆိုးအာယောဂပတ်ဖွဲ့လျက်။ အန္တရဃရေ = ရွာတွင်း၌။ န နိသီဒိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၂၇။ သက္ကစ္စံ = လေးစားသောအား သတိထား၍။ ပိဏ္ဍပါတံ = ဆွမ်းကို၊ ပဋိဂ္ဂဟေဿာမိ = ခံယူအံ့၊ ဣတိ-သိက္ခာ-ကရဏီယာ။

၂၈။ ပတ္တသညီ = သပိတ်၌ အမှတ်သညာရှိသည်ဖြစ်၍၊ ပိဏ္ဍပါတံ = ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ = ခံယူအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

ဒုတိယအကြိမ်

၂၉။ သမသူပကံ=ဆွမ်း၏လေးဖို့တဖို့မျှ လက်ကော်ရ ပဲဟင်း ရှိရုံသော။ ပိဏ္ဍပါတံ=ကို။ ပဋိဂ္ဂဟေဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၀။ သမတိတ္တိကံ=သပိတ်အတွင်း အနားရေးနှင့်အမျှ။ ပိဏ္ဍပါတံ=ကို။ ပဋိဂ္ဂဟေဿာမိ=ခံယူအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

တတိယော=သုံးခုမြောက်သော။ ခမ္ဘကတဝဂ္ဂေါ=ခမ္ဘကတဝဂ်သည်။ နိဋ္ဌိတော=ပြီးပြီ၊

## သက္ကစ္စဝဂ်

၃၁။ သက္ကစ္စံ=လေးစားသောအား သတိယားရ်၍။ ပိဏ္ဍပါတံ=ကို။ ဘုဉ္ဇိဿာမိ=စားအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၂။ ပတ္တသညီ=သပိတ်၌ အမှတ်သညာရှိသည်ဖြစ်၍၊ ပိဏ္ဍပါတံ=ကို။ ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၃။ သပဒါနံ=အစဉ်အတိုင်း၊ ပိဏ္ဍပါတံ=ကို။ ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၄။ သမသူပကံ=ဆွမ်း၏လေးဖို့တဖို့မျှ လက်ကော်ရပဲဟင်း ရှိရုံသော။ ပိဏ္ဍပါတံ=ကို။ ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၅။ ထူပကတော=ဆွမ်းဦးဆွမ်းထိပ်မှ။ ဩမဒ္ဒိတွာ=နှိပ်၍၊ ဝါ=နှိုက်၍။ ပိဏ္ဍပါတံ=ကို။ န ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၆။ သုပံ ဝါ ပဲဟင်းစသည်ကို၎င်း၊ ဗျဥ္ဇနံ ဝါ=စားမဲ ဟင်းလျာကို၎င်း။ ဘိယျောကမျတံ=များသည်ကိုအလို ရှိသူ၏အဖြစ်ကို၊ ဥပါဒါယ=စွဲ၍။ ဩဒနေန=ဆွမ်းဖြင့်။ နပဋိစ္ဆာဒေဿာမိ= မဖုံးလွှမ်းအံ့။ ဣတိ·သိက္ခာ·ကရဏီယာ။

၃၇။ သုပံ ဝါ=ပဲဟင်းစသည်ကို၎င်း။ ဩဒနံ ဝါ=ဆွမ်းကို၎င်း။ အဂိလာနော=မနာမဖျားဘဲ။ အတ္တနော= မိမိ၏။ အတ္ထာယ=အကျိုးငှာ။ ဝိညာပေတွာ= တောင်း၍။ နဘုဥ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၈။ ဥဇ္ဈာနသညီ=ကဲ့ရဲ့ခြင်း၌ အမှတ်ရှိသည်ဖြစ်၍။ ပရေသံ=သူတပါးတို့၏။ ပတ္တံ=သပိတ်ကို။ နဩလောကေဿာမိ=မကြည့်အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၃၉။ အတိမဟန္တံ=ဒေါင်းဥအလား အလွန်ကြီးမားသော။ ကဗဠံ=ဆွမ်းလုပ်ကို။ နကရိဿာမိ=မပြုအံ့။ ဣတိ သိက္ခာ·ကရဏီယာ။

၄၀။ ပရိမဏ္ဍလံ=အစွန်းမရှည်အဝန်းညီသော။ အာလောပံ= ဆွမ်းလုပ်ကို။ ကရိဿာမိ=ပြုအံ့ ဣတိ-သိက္ခာ-ကရဏီယာ။

စတုတ္ထော=လေးခုမြောက်သော သက္ကစ္စဝဂ္ဂေါ=သက္ကစ္စဝဂ်သည်။ နိဋ္ဌိတော=ပြီးပြီ။

---

ဒုတိယအကြိမ်

## ကဗဠဝဂ်

၄၁။ ကဗဠေ = ဆွမ်းလုပ်သည်။ အနာဟဋေ = ခံတွင်းဝသို့ မရောက်မီ။ မုခဒွါရံ = ခံတွင်းဝကို။ န ဝိဝရိဿာမိ = မဖွင့်အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၂။ ဘုဉ္ဇမာနော = ဆွမ်းစားသောငါသည်။ သဗ္ဗံဟတ္ထံ = အလုံးစုံသောလက်ကို။ မုခေ = ခံတွင်း၌။ န ပက္ခိပိဿာမိ = မထည့်အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၃။ သကဗဠေန = ဆွမ်းလုပ်နှင့်တကွသော။ မုခေန = ခံတွင်းဖြင့်။ န ဗျာဟရိဿာမိ = စကားမပြောအံ့။ ဣတိ-သိက္ခာ ကရဏီယာ။

၄၄။ ပိဏ္ဍုက္ခေပကံ = ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍။ န ဘုဉ္ဇိဿာမိ = မစားအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၅။ ကဗဠာဝစ္ဆေဒကံ = ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍။ န ဘုဉ္ဇိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၆။ အဝဂဏ္ဍကာရကံ = မြောက်ကဲ့သို့ ပါးစောင်၌ထား၍။ ဝါ = ပါးစောင်၌ (မို့မောက်အောင်) ပြု၍ ပြု၍။ န ဘုဉ္ဇိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၇။ ဟတ္ထနိဒ္ဓုနကံ = လက်ကိုခါ၍ခါ၍။ န ဘုဉ္ဇိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၈။ သိတ္ထာဝကာရကံ = ဆွမ်းလုံးကို ကြဲဖြန့်၍ ကြဲဖြန့်၍။ န ဘုဉ္ဇိဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၄၉။ ဇိဝှာနိစ္ဆာရကံ=လျှာကိုသုတ်၍ထုတ်၍။ န ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၀။ စပုစပုကာရကံ=စပု စပုအသံကိုပြု၍။ ဝါ=စပ်စပ် ပြတ်ပြတ် အသံကိုပြု၍။ န ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

ပဉ္စမော=ငါးခုမြောက်သော။ ကဗဠဝဂ္ဂေါ=ကဗဠဝဂ်သည် နိဋ္ဌိတော=ပြီးပြီ။

---

## သုရုသုရုဝဂ်

၅၁။ သုရုသုရုကာရကံ=သုရုသုရုအသံကိုပြု၍။ ဝါ=ရှုတ်ရှုတ် အသံကိုပြု၍။ နဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၂။ ဟတ္ထနိလ္လေဟကံ=လက်ကိုလျက်၍လျက်၍။ န ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၃။ ပတ္တနိလ္လေဟကံ=သပိတ်ကိုခြစ်၍ခြစ်၍။ န ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၄။ ဩဋ္ဌနိလ္လေဟကံ= နှုတ်ခမ်းကို လျက်၍ လျက်၍။ န ဘုဉ္ဇိဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၅။ သာမိသေန=ဆွမ်းစသော အာမိသနှင့် တကွဖြစ်သော။ ဟတ္ထေန=လက်ဖြင့်။ ပါနီယထာလကံ= သောက်ရေခွက်ကို။ န ပဋိဂ္ဂဟေဿာမိ=မကိုင်အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၆။ သသိတ္တကံ=ဆွမ်းလုံးနှင့်တကွဖြစ်သော။ ပတ္တဓောဝနံ=သပိတ်ဆေးရေကို။ အန္တရဃရေ=ရွာတွင်း၌။ န ဆဍ္ဍေယျာမိ=မစွန့်အံ့။ ဣတိ-သိက္ခာ ကရဏီယာ။

၅၇။ သတ္ထပါဏိဿ=လက်၌ထီးရှိသော။ အဂိလာနဿ=မနာမဖျားသောသူအား။ ဓမ္မံ=တရားကို။ န ဒေသေဿာမိ=မဟောအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၅၈။ ဒဏ္ဍပါဏိဿ=လက်၌ ၄-တောင်ပြည့်ဒုတ်ရှိသော။ အဂိလာနဿ=မနာမဖျားသောသူအား။ ဓမ္မံ=တရားကို။ န ဒေသေဿာမိ=မဟောအံ့ ဣတိ-သိက္ခာ-ကရဏီယာ။

၅၉။ သတ္ထပါဏိဿ=လက်၌ ဒါးစသော လက်နက်ရှိသော။ အဂိလာနဿ=အား။ ဓမ္မံ=ကို။ န ဒေသေဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၀။ အာဝုဓပါဏိဿ=လက်၌လေးရှိသော။ အဂိလာနဿ=အား။ ဓမ္မံ=ကို။ န ဒေသေဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

ဆဋ္ဌော=ခြောက်ခုမြောက်သော။ သုရုသုရုဝဂ္ဂေါ=သုရုသုရုဝဂ်သည်။ နိဋ္ဌိတော ပြီးပြီ။

---

## ပါဒုကဝဂ်

၆၁။ ပါဒုကာရုဠ္ဟဿ=ခြေနင်းစီးသော။ အဂိလာနဿ=မနာမဖျားသောသူအား။ ဓမ္မံ=တရားကို။ န ဒေသေဿာမိ=မဟောအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၂။ ဥပါဟနာရုဠှဿ = ဖိနပ်စီးသော။ အဂိလာနဿ = အား။ ဓမ္မံ = ကို။ န ဒေသေဿာမိ = မဟောအံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၃။ ယာနဂတဿ = ယာဉ်စီးသော။ အဂိလာနဿ = အား။ ဓမ္မံ ကို။ န ဒေသေဿာမိ… အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၄။ သယနဂတဿ = အိပ်ရာ၌ နေသော။ အဂိလာနဿ = အား။ ဓမ္မံ = ကို။ န ဒေသေဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၅။ ပလ္လတ္ထိကာယ = လက်အာယောဂပတ် ပုဆိုးအာယော ဂပတ်ဖွဲ့လျက်။ နိသိန္နဿ = ထိုင်နေသော။ အဂိလာနဿ = အား။ ဓမ္မံ = ကို၊ န ဒေသေဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၆။ ဝေဌိတသီသဿ = ဦးရစ်ပေါင်းသော ဦးခေါင်း ရှိသော။ အဂိလာနဿ = အား။ ဓမ္မံ = ကို။ န ဒေသေဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၇။ ဩဂုဏ္ဌိတသီသဿ = ဦးခေါင်းခြုံသော။ အဂိလာနဿ = အား။ ဓမ္မံ = ကို။ န ဒေသေဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၈။ ဆမာယံ = မြေ၌။ နိသီဒိတွာ = ထိုင်နေ၍။ အာသနေ = နေရာ၌။ နိသိန္နဿ = ထိုင်နေသော။ အဂိလာနဿ = အား။ ဓမ္မံ = ကို။ န ဒေသေဿာမိ = အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၆၉။ နိစေ=နိမ့်သော။ အာသနေ=နေရာ၌။ နိသီဒိတွာ= ထိုင်နေ၍။ ဥစ္စေ=မြင့်သော။ အာသနေ=နေရာ၌။ နိသိန္နဿ=ထိုင်နေသော။ အဂိယာနဿ=အား။ ဓမ္မံ= ကို။ န ဒေသေဿာမိ=အံ့။ ဣတိ-သိက္ခာ-ကရဏီယာ။

၇၀။ ဌိတော=ရပ်သောငါသည်။ နိသိန္နဿ=ထိုင်နေသော။ အဂိလာနဿ=အား။ ဓမ္မံ=ကို။ န ဒေသေဿာမိ= အံ့။ ဣတိ·သိက္ခာ-ကရဏီယာ။

၇၁။ ပစ္ဆတော=နောက်မှ။ ဂစ္ဆန္တော=သွားသောငါသည်။ ပုရတော=ရှေ့မှ။ ဂစ္ဆန္တဿ=သွားသော။ အဂိလာနဿ= အား။ ဓမ္မံ=ကို။ န ဒေသေဿာမိ=အံ့။ ဣတိ·သိက္ခာ- ကရဏီယာ။

၇၂။ ဥပ္ပထေန=လမ်းမဟုတ်သော ခရီးဖြင့်။ ဂစ္ဆန္တော= သွားသောငါသည်။ ပထေန=လမ်းဖြင့်။ ဂစ္ဆန္တဿ= သွားသော။ အဂိလာနဿ—အား။ ဓမ္မံ=ကို။ န ဒေ သေဿာမိ=အံ့။ ဣတိ-သိက္ခာ·ကရဏီယာ။

၇၃။ အဂိလာနော=မနာမဖျားဘဲ။ ဌိတော=ရပ်လျက်။ ဥစ္စာ ရံ ဝါ=ကျင်ကြီးကို၎င်း။ ပဿာဝံ ဝါ=ကျင်ငယ်ကို၎င်း။ နကရိဿာမိ=မပြုအံ့။ ဝါ=မစွန့်အံ့။ ဣတိ-သိက္ခာ- ကရဏီယာ။

ဒုတိယအကြိမ်

၇၄။ အဂိလာနော = မနာမဖျားဘဲ။ ဟရိတေ = စိမ်းစိုသော မျက်သစ်ပင်ပေါ်၌။ ဥစ္စာရံ ဝါ = ကျင်ကြီးကို၎င်း။ ပဿာဝံ ဝါ = ကျင်ငယ်ကို၎င်း။ ခေဠံ ဝါ = တံတွေးကို၎င်း။ န ကရိဿာမိ = မပြုအံ့၊ ဝါ = မစွန့်အံ့။ ဣတိ သိက္ခာ ကရဏီယာ။

၇၅။ အဂိလာနော = မနာမဖျားဘဲ။ ဥဒကေ = သုံးဆောင်ကောင်းသောရေ၌။ ဥစ္စာရံ ဝါ ကျင်ကြီးကို၎င်း။ ပဿာဝံ ဝါ = ကျင်ငယ်ကို၎င်း။ ခေဠံ ဝါ = တံတွေးကို၎င်း။ န ကရိဿာမိ = မပြုအံ့။ ဝါ = မစွန့်အံ့။ ဣတိ = ဤသို့။ သိက္ခာ = သင်ခြင်း, ကျင့်ခြင်း, အာ ထုတ်ခြင်းကို၊ ကရဏီယာ = ပြုအပ် ပြုထိုက်၏။

သတ္တမော = ခုနစ်ခုမြောက်သော။ ပါဒုကဝဂ္ဂေါ = ပါဒုကဝဂ်သည်။ နိဋ္ဌိတော = ပြီးပြီ။

သေခိယအနက် ပြီး၏

---

## စုဒ္ဒသခန္ဓကဝတ်ပါဠိအနက်

**ပါဠိ**-စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ အာဂန္တုကဝတ္တံ အာဝါသိကဝတ္တံ ဂမိကဝတ္တံ အနုမောဒနဝတ္တံ ဘတ္တဂ္ဂဝတ္တံ ပိဏ္ဍစာရိကဝတ္တံ အာရညိကဝတ္တံ သေနာသနဝတ္တံ ဇန္တာဃရဝတ္တံ ဝစ္စကုဋိဝတ္တံ ဥပဇ္ဈာယဝတ္တံ သဒ္ဓိဝိဟာရိကဝတ္တံ အာစရိယဝတ္တံ အန္တေဝါသိကဝတ္တဉ္စာတိ ဣမာနိ စုဒ္ဒသခန္ဓကဝတ္တာနိ ဧတာနိ စ သဗ္ဗေသံ သဗ္ဗဒါ စ ယထာရဟံ စရိတဗ္ဗာနိ။

**အနက်**။ ။စုဒ္ဒသ=တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိ နာမ=ခန္ဓကဝတ်မည်သည်တို့ကို။ ခန္ဓကေ=မဟာဝါ စူဠဝါခန္ဓက၌။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဝုတ္တာနိ=ဟောတော်မူအပ်ကုန်ပြီ၊ ကထံ ဝုတ္တာနိ=အဘယ်သို့ဟောတော်မူအပ်ကုန်သနည်း။

**အာဂန္တုကဝတ္တဉ္စ**=အရာမ်တွင်းသို့ မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း ဦးခေါင်းခြုံကို ဖွင့်ခြင်း၊ ဦးခေါင်း၌ တင်သောသင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိကရဟန်းကြီးကို ရှိခိုးခြင်းစသော အာဂန္တုက ရဟန်းသာမဏေတို့ ပြုရသောဝတ်ရင်း။

**အာဝါသိကဝတ္တဉ္စ**=အာဂန္တုကရဟန်းကြီးကိုမြင်လျှင် ရှေ့ဦး ကြိုဆိုခြင်း၊ သပိတ်သင်္ကန်းကို လှမ်းယူခြင်း၊ အာဂန္တုက

ရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် စသည်ကို အနီး၌ ထားခြင်းစသော အာဂါသိက ရဟန်းသာမဏေတို့ ပြုရသော ဝတ်ရှင်း။

ဂမိကဝတ္တ ၌ - သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိမ်းခြင်း၊ တံခါးမ, လေသာတံခါးတို့ကို ပိတ်ခြင်း၊ ပန့်ပြော၍ သွားခြင်းစသော ခရီးသွားအံ့သော ရဟန်းသာမဏေတို့ ပြုရသော ဝတ်ရှင်း။

အနုမောဒနဝတ္တ ၌ - မထေရ်ကြီးက ဆုတောင်းခြင်း၊ မထေရ်ကြီးက တိုက်တွန်းမှ ဟောခြင်း၊ ပန့်လျှောက်၍ ဟောခြင်း စသော တရားဟောရာ၌ ပြုရသောဝတ်ရှင်း။

ဘတ္တဂ္ဂဝတ္တ ၌ တရားဟောခြင်း၊ ဟောန့်ကြီးတို့ကို တိုးဝှေ့၍ မနေထိုင်ခြင်း၊ ဟောန်းငယ်ကို နေရာဖြင့် မတားမြစ်ခြင်း စသော ဆွမ်းစားဇရပ်၌ ပြုရသောဝတ်ရှင်း။

ပိဏ္ဍစာရိကဝတ္တ ၌ - သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိမ်းခြင်း သပိတ်ကို ဆေးကျင်းခြင်း၊ ခါးပန်းကို ပွဲခြင်း၊ သင်းပိုင် ကိုယ်ဝတ်သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း၊ သေခိယနှင့်အညီ သွားခြင်း၊ မနွေးမလျှင် ရွာတွင်းသို့ ဝင်ခြင်း၊ မရှည်မကြာ ရပ်ခြင်းစသော ဆွမ်းခံ ရဟန်း သာမဏေတို့ ပြုရသောဝတ်ရှင်း။

အာရညိကဝတ္တ ၌ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း၊ မီးပွတ်ခုံပွတ်ကြည် ဆောင်ဝှေးထားခြင်း၊ အရပ်လေး မျက်နှာတာရာနက္ခတ်တို့ကို မှတ်သားခြင်းစသော တော ကျောင်းနေ ရဟန်းသာမဏေတို့ ပြုရသောဝတ်ရှင်း။

ဒုတိယအကြိမ်

**သေနာသန ဝတ္တ**ခ္ခ=ညောင်စောင်း အင်းပျဉ် အိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ ဗရိဝုဏ် ရေချိုးအိမ် ဝစ္စကုဋ္ဌိစသည်တို့ကို တံမြက်လှည်းခြင်းစသော ကျောင်း၌ ပြုရသောဝတ်ရင်း။

**ဇန္တာဃရ ဝတ္တ**ခ္ခ=မြာကို စွန့်ခြင်း၊ တံမြက်လှည်းခြင်းစသော ချေးဇရုံးအိမ်၌ ပြုရသော ဝတ်ရင်း။

**ဝစ္စကုဋ္ဌိ ဝတ္တ**ခ္ခ=ချောင်းဟန့်ခြင်း၊ သက်နုံးတန်း၌ သင်္ကန်းကို တင်၍ မနှေးမလျင်ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌ နင်းပြီးမှ သင်းပိုင်ကို ပင့်ခြင်း၊ ကြမ်းသော ကနုတ်စသည်ဖြင့် မသုတ်ခြင်း၊ သန့်သက်ရေဆေးခြင်း၊ နင်းခုံ၌နင်းလျက် သင်းပိုင်ကို ပင့်ခြင်းစသော ကျင်ကြီးအိမ်၌ ပြုရသောဝတ်ရင်း။

**ဥပဇ္ဈာယ ဝတ္တ**ခ္ခ=နံနက်စောစောထ၍ကိုယ်ဝတ်ကိုလက်ကတော့ တင်၍ မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း၊ ယာဂုဆွမ်း ကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာ တို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်းစသည်ဖြင့်ဥပဇ္ဈာယ်ဆရာ၌သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရသောဝတ်ရင်း။

**သဒ္ဓိဝိဟာရိက ဝတ္တ**ခ္ခ=သင်္ဂြိုဟ်ထောက်ပံ့ချီးမြှင့်ခြင်းစသည်ဖြင့် သဒ္ဓိဝိဟာရိကတပည့်တို့၌ဥပဇ္ဈာယ်ဆရာတို့ကပြုရသော ဝတ်ရင်း။

**အာစရိယဝတ္တဥ္စ**=နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတောတင်၍ မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသောဝတ်ရင်း။

**အန္တေဝါသိကဝတ္တဥ္စ**=သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့်တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရသော ဝတ်ရင်း။

ဣ**ဘိ**=ဤသို့။ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ=ဤ ၁၄-ပါးကုန်သော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ=ဟောတော်မူအပ်ကုန်ပြီ။ ဧတာနိ စ ဤဝတ်တို့ကိုလည်း။ **သမ္ဗုဒ္ဓံ**= ခပ်သိမ်းကုန်သော ရဟန်းသာမဏေတို့သည်။ သဗ္ဗဒါ စ= အခါခပ်သိမ်းလျှင်။ ယထာရဟံ=ကျင့်ထိုက်သည့်အားလျော်စွာ။ စရိတဗ္ဗာနိ= ကျင့်အပ်ကုန်၏။

---

## ဝတ္တအပရိပူရဏဒေါသ

က။ ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။
ခ။ ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

ဒုတိယအကြိမ်

## ဝတ္တပရိပူရဏာနိသံသ

(ဂ။ ဝတ္တံ ဟိ ပရိပူရေန္တော၊ သီလမ္ပိ ပရိပူရတိ။
ဝိသုဒ္ဓသီလော သပ္ပညော၊ စိတ္တေကဂ္ဂမ္ပိ ဝိန္ဒတိ။
ဃ။ အဝိက္ခိတ္တစိတ္တော ဧကဂ္ဂေါ၊ သမ္မာ ဓမ္မံ ဝိပဿတိ။
သမ္မဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ မှ ပရိမုစ္စတိ။)

## ဥယျောဇနေဂါထာ

င။ တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ တတော နိဗ္ဗာန-မေဟိတိ

မှတ်ချက်-လက်သည်းကွင်းပြထားသော ဂ-နှင့် ဃ-အမှတ်ပါ ဂါထာများသည် ရှေးထုတ်,ခေတ်ထုတ် ရှင်ကျင့်ဝတ်စာအုပ်များ၌ မပါကြ၊ စူဠဝါပါဠိတော် ဝတ္တက္ခန္ဓက (နှာ ၄၁၆-၇) ၌ ငါးဂါထာလုံးပင်လာ၏၊ မှတ်သားဖွယ်ကောင်း၍ ဤကန်တော့ရ ရှင်ကျင့်ဝတ်၌ ထည့်သွင်းပြလိုက်သည်။

---

## ဝတ်ကျင့်မပြည့်စုံခြင်း၏ အပြစ်

က။ ဝတ္တံ—ဝတ်ကြီးဝတ်ငယ်ကို။ အပရိပူရေန္တော = မဖြည့်ကျင့်သော ရဟန်းသာမဏေသည်။ သီလံ = သီလကို။ န ပရိပူရတိ = ဖြည့်ကျင့်သည်မမည်။ အသုဒ္ဓသီလော = မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော = ပညာမရှိသော ရဟန်းသာမဏေသည်။ စိတ္တေကဂ္ဂံ = စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို။ န ဝိန္ဒတိ = မရနိုင်။

ခ။ ဝိက္ခိတ္တစိတ္တော=လေခက်သော တံခွန်ကဲ့သို့ပျံ့လွင့်သော စိတ်ရှိသည် (ဖြစ်၍)။ နေကဂ္ဂေါ=မတည်ကြည်သော ရဟန်းသာ့မဏောသည်။ သမ္မာ=ကောင်းစွာ။ ဓမ္မံ=မဂ်ဖိုလ် နိဗ္ဗာန်တရားကို။ န ပဿတိ=မမြင်ရနိုင်။ သဒ္ဓမ္မံ=သူတော် ကောင်းတရားကို။ အပဿမာနော=မမြင်ရသော ‹ဟန်း သာမဏောသည်။ ဒုက္ခာ=ဝဋ်ဆင်းရဲမှ။ န ပရိမုစ္စတိ= မလွတ်မြောက်နိုင်။

---

## ဝတ်ကျင့်ပြည့်စုံခြင်း၏ အကျိုး

(ဂ။ ဟိ=ဝတ်အကျင့်ကိုဖြည့်ကျင့်ခြင်း၏အကျိုးကား။ ဝတ္တံ= ဝတ်ကြီးဝတ်ငယ်ကို။ ပရိပူရေန္တော= ဖြည့်ကျင့်သော ရဟန်းသာမဏေသည်၊ သီလမ္ပိ=သီလကိုလည်း။ပရိပူရတိ= ဖြည့်ကျင့်သည်မည်၏။ ဝိသုဒ္ဓသီလော= အထူးသဖြင့် စင်ကြယ်သော သီလရှိသော။ သပ္ပညော=ပညာရှိသော ရဟန်းသာမဏောသည်။ စိတ္တေကဂ္ဂမ္ပိ=စိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကိုလည်း။ ဝိန္ဒတိ=လှုလှုပိုင်ပိုင် ရနိုင်၏။

ဃ။ အဝိက္ခိတ္တစိတ္တော=ကျောက်တောင်အလား လှုပ်ရှားမရှိ မြဲခိုင်တည်တန့် မပျံ့လွင့်သော စိတ်ရှိသည် (ဖြစ်၍)။ ကေဂ္ဂေါ= တည်ကြည်သော ရဟန်းသာမဏောသည်။ သမ္မာ= ကောင်းစွာ။ ဓမ္မံ= မဂ်ဖိုလ်နိဗ္ဗာန် တရားကို။ ဝိပဿတိ= အထူးအားဖြင့် မြင်နိုင်၏။ သဒ္ဓမ္မံ=သူတော် ကောင်းတရားကို။ သမ္ပဿမာနော=ကောင်းစွာမြင်သော ရဟန်းသာမဏောသည်။ ဒုက္ခမှာ=ဝဋ်ဆင်းရဲမှ။ ပရိမုစ္စတိ= လှုလှုပိုင်ပိုင် လွတ်မြောက်နိုင်၏။)

ဒုတိယအကြိမ်

## တိုက်တွန်းချက်

၈။ တသ္မာ ဟိ-တသ္မာ ဧဝ=ထို့ကြောင့်သာလျှင်။ ဝိစက္ခဏော=အမြော်အမြင် ပညာမျက်စိရှိသော။ ဇိနပုတ္တော=ဘုရားသားတော်သည်။ ဗုဒ္ဓသေဋ္ဌဿ= ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သောမြတ်စွာဘုရား၏။ ဩဝါဒံ=အဆုံးအမတော်ဖြစ်သော။ ဝတ္တံ= ဝတ်ကြီးဝတ်ငယ်ကို။ ပူရေယျ=ဖြည့်ကျင့်ရာ၏။ တတော=ထိုသို့ဖြည့်ကျင့်ခြင်းကြောင့်။ နိဗ္ဗာနံ=နိဗ္ဗာန်သို့။ ဧဟိတိ=ရောက်ရလိမ့်သတည်း။

### ဆောင်ရန်သံပေါက်ကဗျာများ

**အပြစ်**=

၁။ ဝတ်ကျင့်ကင်းက၊ မြတ်သီလ၊ ကင်းထထိုသူငယ်။
၂။ သီလကင်းပြား၊ စိတ်လှုပ်ရှား၊ ဥာဏ်အားမစင်ကြယ်။
၃။ ဥာဏ်မြင်စုံကန်း၊ နိဗ္ဗူနန်း၊ ရောက်ခန်းဝေးပေါ့ကွယ်။

**အကျိုး**=

၁။ ဝတ်ကျင့်ဖြည့်တုံ၊ သီလဂုဏ်၊ ပြည့်စုံထိုသူ့မှာ။
၂။ သီလရှိလျှင်၊ စိတ်ကြည်လင်၊ ဥာဏ်မြင်မှန်လှစွာ။
၃။ ဥာဏ်မြင်မှန်သေး၊ နိဗ္ဗူအေး၊ ရောက်ရေးလွယ်လှပါ။

**တိုက်တွန်းချက်** =

၁။ ထို့ကြောင့်ရကား၊ ရှင်ချစ်သား၊ တရားမြင်မြော်ကာ။
၂။ ဝတ်ငယ်ဝတ်ကြီး၊ အသီးသီး၊ မညည်းဖြည့်ကျင့်ပါ။
၃။ ဖြည့်ကျင့်အားသန်၊ တရားမှန်၊ နိဗ္ဗာန်ရောက်ဘို့သာ။

**စုဒ္ဒသခန္ဓကဝတ်ပါဠိအနက်ပြီး၏**

---

ဒုတိယအကြိမ်

# ရှင်ကျင့်ဝတ်ဝယ် မှတ်ဘွယ်များ

## ရှင်ပြုဝန်း

ဆောင်–ဆံရိပ်တခန်း၊ သက်န်းပေတို၊ သရဏဂုံပေးငြား၊ ဤသုံးပါး ခေါ်ငြားပဗ္ဗဇ္ဇာ။

၁။ ဆံရိပ်ခြင်း၊ ၂။ သင်္ကန်းပေးခြင်း၊ ၃။ သရဏဂုံ ပေးခြင်း ဤသုံးပါးပြုလုပ်ခြင်းကို ရှင်ပြုသည်ဟု ခေါ်သည်။ (ပါဠိတော်လာ စကားခြောက်ခွန်းကို ပေါင်းယူထားသည်)။

## (၁) ဆံရိပ်ခြင်း

ရှင်လောင်းကို ဆံချပေးကာနီး၌ ဝါ= ဆံမချမီ (ခေါင်းမရိပ်မီ) ကျောင်းတိုက်ရှိ သံဃာတော်များထံ ရှင်လောင်းကို ဆံချမည့်အကြောင်း(ခေါင်းရိပ်မည့်အကြောင်း)လျှောက်ထား ခွင့်ပန်ရသည်။

ခွင့်ပန်ပုံ–ဤသူငယ်ကို ဆံချမှုကို ပန်ကြားပါ၏။ (ဤသူငယ်ကို ဆံချမလို့ပါ)ဟု ဖြစ်စေ၊ ဤသူငယ်ကို ရှင်ပြုခြင်းကို ပန်ကြားပါ၏။ (ဤသူငယ်ကို ရှင်ပြုမလို့ပါ) ဟု ဖြစ်စေ။

–ဤသူငယ်သည် ရှင်ပြုလိုပါ၏ဟု ဖြစ်စေ။ စသည် ပန်ကြားရသည်။

=ထိုသို့ပန်ကြားရာ၌ ၃-ကြိမ်၊ ၂-ကြိမ်၊ ၁-ကြိမ်၊ (မိမိသဘောအတိုင်း) ပန်ကြားနိုင်သည်။

ဒုတိယအကြိမ်

ထိုသို့ပန်ကြားရာ၌=

၁။ သံဃာအားလုံးကို တနေရာ၌ စုဝေးစေ၍ရှင်း။

၂။ ၁၀-ပါး၊ အပါး ၂၀-စသည်ဖြင့် သံဃာနည်းပါး အရေအတွက် ထင်ရှားလျှင် ထိုသံဃာတော်များရှိရာ သို့ (ရှင်လောင်းနှင့်တကွဖြစ်စေ သို့မဟုတ် ရှင်လောင်း မပါဘဲဖြစ်စေ) သွား၍ရှင်း၊ သို့မဟုတ် ရှင်တပါးပါး ရဟန်းငယ်တပါးပါးကိုဖြစ်စေ စေလွှတ်၍ရှင်း ပန် ကြားရသည်။

၃။ သံဃာများလွန်းသော ကျောင်းတိုက်ဖြစ်၍ စုဝေးရန် ခက်က ခဏ္ဍသိမ်၌ဖြစ်စေ၊ မြစ်သမုဒ္ဒရာသို့ ခေါ်သွား၍ ဖြစ်စေ (မပန်ကြားဘဲ) ရှင်ပြုပေးနိုင်သည်။ (ဆံချ ပေးနိုင်ဟူလို)။

၄။ ဆံချပြီးကာစဖြစ်လျှင်ရှင်း၊ ဆံပင်လက်နှစ်သစ်မျှ မရှည် သေးလျှင်ရှင်း၊ ဆံမချဘဲ ရှင်ပြုပေးနိုင်သည်။ (ရဟန်း သာမဏေများ ဆံပင်လက်နှစ်သစ်ထက် ရှည်အောင် မထားကောင်း)။

## တစပဥ္စကကမ္မဋ္ဌာန်း

ရေချိုးပေးသောအခါဖြစ်စေ၊ ဆံချပေးသောအခါဖြစ်စေ၊ (သို့မဟုတ် ဆံမချမီ ချကာနီး၌ဖြစ်စေ) ရှင်လောင်းအား တစပဥ္စကကမ္မဋ္ဌာန်းကို ပြောပြပေးရမည်။ သို့မဟုတ် ဆံချ ခံနေစဉ်၌ ရှင်လောင်းကို ရွတ်ဆိုနှုတ်လုံးသွင်းနိုင်ရမည်။

ဒုတိယအကြိမ်

အမှာ-မငယ်လှသောသူငယ်ကိုမူ သူ့ဘာသာသူ ရေချိုးစေ၍ ဆံပင်များကိုမူ ဆပ်ပြာ ကသယ်မှုန့်တို့ဖြင့် (ကိုယ်တိုင်)ပွတ်တိုက် ဆေးကြောပေးရမည်။ ငယ်လှသောကလေးကိုမူ ပွေး၊ဝဲ စသည်ရှိသော်လည်း မရွံမရှာဘဲ မိဘပမာ ကောင်းမွန်ကြင်နာစွာ ပွတ်တိုက်ရေချိုးပေးရမည်။ ဤသို့ပြုလုပ်ပေးသော ကျေးဇူးကြောင့် ဆရာသမားအပေါ်၌ရင်း၊ သာသနာတော်၌ရင်း များစွာချစ်ခြင်း၊ ရိုသေခြင်းရှိ၍ လူမထွက်ဘဲရှိမည်၊ သာသနာတော်၌ ပျင်းရိခြင်းကိုဖျောက်၍ မထေရ်ကြီးအဖြစ်သို့ ရောက်နိုင်မည်၊ ကျေးဇူးသိတတ်သူများဖြစ်မည် ဟု အဋ္ဌကထာဆရာကြီးများ မှာ၏။

---

**တစပဉ္စကကမ္မဋ္ဌာန်း**-ကေသာ လောမာ နခါ ဒန္တာ တစော ဤငါးပါးသော ကောဋ္ဌာသအစုကို (တစလျှင် ငါးခုမြောက် ရှိသောကြောင့်) **တစပဉ္စကကမ္မဋ္ဌာန်း** ဟု ခေါ်၏။

ပါဠိ-ကေသာ လောမာ နခါ ဒန္တော တစော။
မြန်မာ-ဆံပင် အမွေး လက်သည်းခြေသည်း သွား အရေ။

### ရွတ်ဆိုပွားများရန်လင်္ကာ

ငါ့ကိုယ်၌တည် ဆံတို့သည်ကား ရည်ဆင်းသဏ္ဌာန် နံ့လျှံပွားရာ တည်ရာပိုင်းခြား ငါးခုအားဖြင့် ဆိုးဝါးညှိနံ့ ပုတ်သိုးလွန်သည် ရွံဘွယ်အတိပါတကား။

ငါ့ကိုယ်၌တည် အမွေးတို့သည်ကား.... .... .... .... ....တူပြီ။
ငါ့ကိုယ်၌တည် ခြေသည်းလက်သည်းတို့သည်ကား........တူပြီ။
ငါ့ကိုယ်၌တည် သွားတို့သည်ကား ......................တူပြီ။
ငါ့ကိုယ်၌တည် အရေသည်ကား........ရွံဘွယ်အတိပါတကား။

ဒုတိယအကြိမ်

**ကမ္မဋ္ဌာန်းအကျိုး**=ယင်းတစေပဉ္စကကမ္မဋ္ဌာန်းကို ရွတ်ဆို နှလုံးသွင်းရခြင်း အကျိုးကား– ရှေးဘဝတို့က ဘာဝနာအခြေခံ ရင့်သန်ခဲ့သူဖြစ်လျှင် ခေါင်းရိပ်ခံနေဆဲ (ခေါင်းရိပ်အပြီး)မှာပင် ရဟန္တာဖြစ်နိုင်သည်။

ရှေးဘဝက ကမ္မဋ္ဌာန်းအခြေခံနည်း၍ ရဟန္တာမဖြစ်စေကာမူ လာလတ္တံ့အချိန်အခါ လာလတ္တံ့ဘဝတို့၌ အခြေခံရစေ၏။ ဝါ=အထုံပါစေ၏။

---

## (၂) သင်္ကန်းပေးခြင်း

**သင်္ကန်းကပ်-သင်္ကန်းတောင်း** = (ရေချိုးပြီး) ခေါင်းရိပ်ပြီးနောက် ဆရာဘုန်းကြီးထံ သင်္ကန်းကပ်၍ တဖန်ပြန်တောင်းကာ ဝတ်ရသည်။ မိမိပိုင်သင်္ကန်းပင်ဖြစ်သော်လည်း ဆရာဘုန်းကြီးက ခွင့်မပြုလျှင် (မိမိဘာသာ) မဝတ်ကောင်းသောကြောင့် သင်္ကန်းကပ်ခြင်း၊ တောင်းခြင်း ပြုလုပ်ရသည်။

ဆရာဘုန်းကြီး၏ ပစ္စည်းဖြစ်မူ ဆိုဖွယ်ရာမရှိ၊ မေးမှသာ ဝတ်ကောင်းပေသည်။

ထိုသို့ သင်္ကန်းဝတ်ပေးရာ၌—

=ဆရာဘုန်းကြီး (သရဏဂုံဆရာ၊ ဥပဇ္ဈာယ်ဆရာ) ကိုယ်တိုင်ဖြစ်စေ၊

ရဟန်းငယ်ကိုဖြစ်စေ သို့မဟုတ် သာမဏေကိုဖြစ်စေ၊ သို့မဟုတ် ဝတ်ရုံတတ်သော ဒါယကာကိုဖြစ်စေ ခိုင်းစေ၍ ဝတ်ကောင်းသည်၊ ဝတ်စေကောင်းသည်။ (သရဏဂုံကိုမူ ရဟန်းများသာ ပေးအပ်သည်)။

---

## (၃) သရဏဂုံပေးခြင်း

သရဏဂုံ သင်္ကန်းဝတ်ပေးပြီးနောက် စည်းဝေး ရောက်လာသော သံဃာတော်တို့ကို ရှိခိုးစေ၍၊ လက်အုပ်ချီကာ ဆောင့်ကြောင့်ထိုင်စေ၍ သရဏဂုံပေးရသည်။

သရဏဂုံ-ဟူသည် = ဗုဒ္ဓ,ဓမ္မ,သံဃာ ရတနာသုံးပါးသာလျှင် အားထားကိုးကွယ်ရာ အစစ်အမှန်ဟု ယုံကြည်သိမှတ်သော စိတ်ဖြစ်သည်။

သရဏ-ဟူသည် — သတ္တဝါတို့၏ အားထားကိုးကွယ်ရာ ဖြစ်သော ဗုဒ္ဓ,ဓမ္မ,သံဃာ ရတနာမြတ်သုံးပါးတည်း။

ရတနာသုံးပါးကို အားထားကိုးကွယ်ရာအဖြစ် ယုံကြည်သိမှတ် ဆည်းကပ်ပါ၏ဟု ဝန်ခံသောအားဖြင့် (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)စသည်ဖြင့် ရွတ်ဆိုပြောကြားခြင်းကို သရဏဂုံ ဆောက်တည်သည်ဟု ခေါ်သည်၊ ၃-ကြိမ် ၃-ခေါက်ဆိုခြင်းမှာ သာ၍ လေးစားရာရောက်ခြင်း၊ ပို၍ခိုင်မြဲခြင်းအကျိုးငှာဖြစ်သည်။

သရဏဂုံပေးခြင်းကိစ္စ အဓိက = ပါဠိတော်လာ ၆-မျိုးကိုချုံး၍ ပြသော ရှင်ပြုခြင်းကိစ္စ ၃-ရပ်တွင် သရဏဂုံပေးခြင်း ကိစ္စရပ်သည်အရေးအကြီးဆုံးအဓိကအကျဆုံးဖြစ်သည်။

သရဏဂုံကိုရွတ်ဆိုရာ၌ ဆရာနှင့်တပည့် ၂-ဦး ၂-ဘက်လုံး ဌာန်ကရိုဏ်းကျနပီသသန့်ရှင်းမှ သရဏဂုံ အထမြောက်၍ ရှင်သာမဏေဖြစ်သည်၊ ဆရာက ကျနပီပြင်၍ တပည့်ကမပီပြင်လျှင်ရင်း၊ တပည့်ကပီပြင်၍သွားကျိုးနေခြင်း စသောအကြောင်းကြောင့် ဆရာက မပီပြင်လျှင်ရင်း ရှင်သာမဏေမဖြစ်။

## ဌာန်ကရိုဏ်းပယတ်အကြောင်း

ရှင်စစ် ရဟန်းစစ်ဖြစ်နိုင်ရေးအတွက် ဌာန်ကရိုဏ်း ပီပြင်ကျနမှုသည် အထူးလိုအပ်လှသည်ဖြစ်ရာ ဤနေရာ၌ဌာန်ကရိုဏ်းအကြောင်းကို အနည်းငယ်ပြပါဦးမည်။

မှတ်ချက်-ဤဌာန်ကရိုဏ်းဆိုင်ရာအခန်းကို စာချ,စာသင်,ကျောင်းထိုင် အရှင်တို့၏ ဗဟုသုတအကျိုးငှာသာ ပြဆိုခြင်းဖြစ်သည်၊ ဆိုင်ရာစာမေးပွဲအတွက် ရည်ရွယ်ပြဆိုခြင်းမဟုတ်။

အက္ခရာ ၄၁-လုံး = အ အာ ဣ ဤ ဥ ဦ ဧ ဩ ၊ က ခ ဂ ဃ င ၊ စ ဆ ဇ ဈ ည ၊ ဋ ဌ ဍ ဎ ဏ ၊ တ ထ ဒ ဓ န ၊ ပ ဖ ဗ ဘ မ ၊ ယ ရ လ ဝ သ ဟ ဠ အံ။

သရ ၈-လုံး = အ အာ၊ ဣ ဤ ၊ ဥ ဦ ၊ ဧ ဩ။

ဗျည်း ၃၃-လုံး = က ခ ဂ ဃ င ၊ စ ဆ ဇ ဈ ည ၊ ဋ ဌ ဍ ဎ ဏ ၊ တ ထ ဒ ဓ န ၊ ပ ဖ ဗ ဘ မ ၊ ယ ရ လ ဝ သ ဟ ဠ အံ။

ဝဂ်ဗျည်း ၂၅-လုံး....က ခ ဂ ဃ င ၊ စ ဆ ဇ ဈ ည၊
ဋ ဌ ဍ ဎ ဏ ၊ တ ထ ဒ ဓ န ၊ ပ ဖ ဗ
ဘ မ။

အဝဂ်ဗျည်း ၈-လုံး=ယ၊ ရ လ ဝ သ ဟ ဠ အံ။

ဃောသ ၂၁-လုံး=ဂ ဃ င ၊ ဇ ဈ ည၊ ဍ ဎ ဏ၊
ဒ ဓ န ၊ ဗ ဘ မ ၊ ယ ရ လ ဝ ဟ ဠ။

အဃောသ ၁၁-လုံး=က ခ ၊ စ ဆ ၊ ဋ ဌ ၊ တ ထ၊
ပ ဖ၊ သ။

သိထိလ ၁၀ လုံး=က ဂ၊ စ ဇ၊ ဋ ဍ၊ တ ဒ၊ ပ ဗ၊

ဓနိတ ၁၀-လုံး=ခ ဃ ၊ ဆ ဈ ၊ ဌ ဎ ၊ ထ ဓ ၊ ဖ ဘ။

=သဘာဝအားဖြင့် ပြင်းပြင်းရွတ်ဆိုအပ်သောကြောင့်-
ဃောသ။

=သဘာဝအားဖြင့်ပြေ့ပြေ့ရွတ်ဆိုအပ်သောကြောင့်-
အဃောသ။

=ဝစီပယောဂဖြင့် ပြေ့ပြေ့ရွတ်ဆိုအပ်သောကြောင့်-
သိထိလ။

=ဝစီပယောဂဖြင့် ပြင်းပြင်းရွတ်ဆိုအပ်သောကြောင့်-
ဓနိတ။

ဒုတိယအကြိမ်

**သရဏ်ကိုကမ္မဝါစာ**တို့ကို ရွတ်ဆိုရာ၌ **ပယောဂ** သိဒ္ဓိဖြစ်သော ဓနိတအက္ခရာတို့ကိုသာ ပြင်းပြင်းရွတ်ရသည်၊ ပြင်းပြင်းဆိုသော်လည်း ငေါက်ငန်းသကဲ့သို့ အလွန်ကြီးမပြင်းရ၊ သိထိလအက္ခရာတို့နှင့် ကွဲပြားရုံသာ ရွတ်ရသည်။

**ဌာန်ကရိုဏ်းပယတ်**=ရှင်ပြုကိစ္စ၊ **ရဟန်းခံကိစ္စ**တို့၌ ဗျတ္တ ပဋိဗလ ဖြစ်ဘို့ရာ ဌာန်, ကရိုဏ်း, ပယတ်တို့၌ ကျွမ်းကျင်လိမ္မာရန်လို၏။ အဋ္ဌကထာ ဆရာကြီး များကလည်း (ဗျဉ္ဇနာနံ ဌာနကရဏာဒယမ္ပိ အဟာပေန္တေနဝ=သဒ္ဒါတို့၏ ဌာန်ကရိုဏ်းပြည့်စုံမှုကိုမယုတ်စေဘဲ)ဟု အထူးမှာတော်မူကြ၏။ **ဌာန်ကရိုဏ်း**တို့ကိုပြရာ၌ **အမြင်သန့်ရှင်း**ကာ ပို၍နားလည်စေရန် ဇယားကွက်ဖြင့် ပြလိုက်ပါသည်။ ထိုဇယားကွက်ကိုကြည့်၍ ဌာန်အပြား၊ ကရိုဏ်းအပြား၊ ပယတ်အပြားတို့ကိုရင်း၊မည်သည့်အက္ခရာ**ကို** မည်သည့်ဌာန် **မည်သည့်**ကရိုဏ်း မည်သည့်ပယတ်ဖြင့် ရွတ်ဆိုရသည်တို့ကိုရင်း သိပါလေ။

ပါးစပ်အတွင်း၌ ဌာန်တို့၏တည်နေရာ၊ ကရိုဏ်းတို့၏ အပိုင်းအခြားကိုလည်း ပုံစံဖြင့် ပြထားပါသည်။ (ပုံစံ ၁-ကို ကြည့်ပါ)။

---

## ဌာန် ကရိဏ်း ပယတ်နှင့် အက္ခရာဇယားပုံစံ

| ဌာန် | အက္ခရာ များ | | | | | | | | | | | | | ကရိဏ်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကဏ္ဌ | အ | | အာ | ေ | ဩ | ဟ | က | ခ | ဂ | ဃ | င | | | သကဌာန (ကဏ္ဌ) |
| တာလု | | ဣ | ဤ | ဧ | | | စ | ဆ | ဇ | ဈ | ည | ယ | | ဇိဝှာမဇ္ဈ |
| မုဒ္ဓ | | | | | | | ဋ | ဌ | ဍ | ဎ | ဏ | ရ | ဠ | ဇိဝှောပဂ္ဂ |
| ဒန္တ | | | | | | သ | တ | ထ | ဒ | ဓ | န | ဝ | လ | ဇိဝှဂ္ဂ |
| ဩဋ္ဌ | | | ဥ | ဦ | ဩ | | ပ | ဖ | ဗ | ဘ | မ | ဝ | | သကဌာန (ဩဋ္ဌ) |
| နာသိကာ | | | | | | အံ | င | ဉ | ဏ | န | မ | | | သကဌာန (နာသိကာ) |
| ပယတ် | သံဝုတ | ဝိဝဋ | | | | | ဖုဋ္ဌ | | | | | ဤသံဖုဋ္ဌ | | ဝိဝဋ |

အမှာ-ပဒရူပသိဒ္ဓိ၌ ဌ-အက္ခရာနှင့်နိဂ္ဂဟိတ်ကို ပယတနဝိမုတ်အဖြစ်ထားသည်။ ဤ၌ကား ဌ-ကို လ-နှင့်တူသောကြောင့် ဤသံဖုဋ္ဌ၊နိဂ္ဂဟိတ်ကို ဝိဝဋပယတ်၌ သင်းထားသည်။ (အကြောင်းသိလိုက ဌာန်ကရိဏ်း ပယတ်အဖွင့်ကျမ်းကြည့်)။

ဒုတိယအကြိမ်

## ပုံစံ - ၁ -





ပုံစံ-၅-က



တ-ထ-ဒ-ဓ

ပုံစံ-၆-က



ပ-ဖ-ဗ-ဘ

ပုံစံ-၅-ခ



န

ပုံစံ-၆-ခ



မ

ဌာန်ကရိုဏ်းတို့၏ တည်ရှိပုံကို သတ်မှတ်ပိုင်းခြား၍ (ပုံစံ၌) ပြထားခြင်းမှာ အတိအကျမဟုတ်၊ သိသာလွယ်ကူရုံသာ ပြထားခြင်းဖြစ်သည်။ ပုံစံတွင် ပါသော ဟနုမူလ၊ ဇိဝှာမူလဌာန် တို့မှာ ပဒရူပသိဒ္ဓိစသော ကျမ်းတို့၌ မပါ၊ မဆို၊ သို့သော်လည်း ကဏ္ဍဇ အက္ခရာတို့ကို ရွတ်ဆိုရာ၌ လက်တွေ့ အသုံးဝင်သောကြောင့် ပုံစံ၌ ပြထားသည်။

မည်သည့်ဌာန်၌ဖြစ်သော မည်သည့်ဝဂ်ဗျည်းတို့ကို ရွတ်ဆိုရာ၌ ပါးစပ်အတွင်းရှိ အစိတ်အပိုင်းများ မည်သို့ထိခိုက်လှုပ်ရှား ရမည်ကိုလည်း ပုံစံများဖြင့် ပြလိုက်ပါသည်။ (ပုံစံ ၂-က စသည်ကိုကြည့်ပါ)။ ထိုပုံစံများကိုကြည့်၍ လက်တွေ့ရွတ်ဆို ကြည့်ပါ။

ဒန္တဌာန် ယူဆပုံ သတ်မှတ်ပုံမှာ ၂-ဝါဒရှိသည်။ ပထမ ဝါဒက ဒန္တဌာန်အရ သွားကိုပင် သတ်မှတ်ယူဆသည်၊ ဒုတိယ ဝါဒက အတွင်းသွားရင်းရှိ ဝါ=သွားရင်းနှင့် ကပ်လျက်ရှိသော သွားဖုံးအရပ်ကိုယူသည်၊ သတ်မှတ်သည်။ ထို့ကြောင့် ဒန္တဇ အက္ခရာတို့ကို ရွတ်ပုံပြဖြစ်သောပုံစံ ၅-(က)၊ ပုံစံ ၅-(ခ) တို့မှာ တပုံနှင့်တပုံ မတူကြ၊ ၅-က-ကို ပထမဝါဒအရပြ၍၊ ၅-ခကို ဒုတိယဝါဒအရ ပြထားသည်။

ရွတ်ဆိုနည်းသရုပ်ပြ ပုံစံတို့တွင် က-ပုံစံငါးခု၌ နှာခေါင်းသို့ သွားသော လေလမ်းကြောင်း ပိတ်လျက်နေသည်ကို တွေ့ရမည် ဖြစ်ပြီး၊ ခ-ပုံစံတို့၌ ထိုလေလမ်းပွင့်နေသည်ကို တွေ့ရမည်

ဒုတိယအကြိမ်

ဖြစ်သည်။ ထိုသို့ခွဲပြရခြင်းမှာ ဝဂ်တဝဂ်တွင် အက္ခရာငါးလုံး ရှိသည့်အနက် ရှေ့အက္ခရာ ၄-လုံးကို ရွတ်ရာ၌ နှာခေါင်းမှ လေမထွက်ဘဲ နောက်ဆုံးဝဂ္ဂန္တအက္ခရာကို ရွတ်ဆိုသောအခါ နှာခေါင်းမှ လေထွက်ကြောင်း သိရန်ဖြစ်၏။ မှန်၏ ရှေ့အက္ခရာ ၄-လုံးသည် ဃောဇအက္ခရာများဖြစ်၏။ ဝဂ္ဂန္တအက္ခရာကား ဒွိဇ အက္ခရာဖြစ်၏၊ မိမိဆိုင်ရာဌာန်နှင့် နာသိကာဌာန် ၂-ခု၌ဖြစ်၏၊ ထို့ကြောင့် ဝဂ္ဂန္တကို ရွတ်ဆိုသောအခါ နှာခေါင်းမှ လေထွက် လေသည်၊ အက္ခရာတခုခု နာသိကာဌာန်၌ ဖြစ်မဖြစ်သိလိုလျှင် နှာခေါင်းပိတ်၍ ရွတ်စမ်းကြည့်ပါ၊ ရလျှင် နာသိကာဌာန်၌ မဖြစ်၊ မရလျှင် ဖြစ်သည်ဟု မှတ်ပါ။

ဌာန်ကရိုဏ်း ပီပြင်ကျနရမည်ဟုဆိုသော်လည်း မြန်မာတို့ အနေဖြင့် အခက်တွေ့နေရသော အက္ခရာများရှိ၏။ မြန်မာ တို့သည် ဋ-ဝဂ်နှင့် တ–ဝဂ်ကို ကွဲပြားခြားနားအောင် မရွတ် နိုင်ကြ၊ ယခု မြန်မာတို့ရွတ်ဆိုနေသော စ–ဝဂ်သည်လည်း တာလုဌာန်မဖြစ်ချေ၊ ထို့ပြင် ဝ–အက္ခရာ သ–အက္ခရာတို့လည်း ဌာန် ကရိုဏ်း ပယတ် မညီဖြစ်နေသည်။ သို့သော် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အသံထွက်ခြင်းဖြစ်၍ (မြန်မာများအတွက်) ဌာန်ကရိုဏ်း မှကျနသော်သည်း မှားသည် လွဲချော်နေသည်ဟု ဆိုဘွယ်မမြင်၊ အပြစ်လည်း မရှိတန်ရာ (အမှာကံ ခန္တိ)။

မှတ်ချက်–ဌာန်ကရိုဏ်း တည်ပြရာပုံစံ၊ ရွတ်ဆိုနည်းပြပုံစံ ရုပ်ပုံများကို မန္တလေးမြို့ အနောက်ပြင် အဘယာရာမ ရွှေဂူကျောင်းတိုက် ဒုတိယ နာယက အာစရိယသီလာနန္ဒာဘိဝံသထေရ်ရေးသား

စ်ရင်သည့် ဌာန် ကရိုဏ်း ပယတ် အဖွင့်ကျမ်းမှ ကူးယူဖော်ပြပါသည်။ (ထိုကျမ်းမှာ ပုံမနှိပ်သေး)
ဌာန်ကရိုဏ်းတို့နှင့် ပတ်သက်၍ ကျယ်ကျယ်ဝန်းဝန်းလေ့လာသိရှိလိုသော် (ထိုကျမ်းထွက်ပေါ်လာသောအခါ) ထိုကျမ်းနှင့် ပဒရူပသိဒ္ဓိစသော ထိုထိုသဒ္ဒါကျမ်းတို့ကို ကြည့်ရှုကြပါကုန်။

---

ဌာန်ကရိုဏ်.ဆိုင်ရာကို ပြပြီးနောက် သရဏဂုံ ရွတ်ဆိုရာ၌ အရေ.ကြီးသော နိဂ္ဂဟိတန္တ မကာရန္တ ရွတ်ဆိုနည်းများကို သိသာရုံပြပါဦးမည်။

## သရဏဂုံရွတ်နည်း ၂-မျိုး

သရဏဂုံ ရွတ်ရာ၌–

၁။ နိဂ္ဂဟိတန္တ (နိဂ္ဂဟိတ်အဆုံးရှိသော) ရွတ်နည်း။
၂။ မကာရန္တ(မ-အက္ခရာအဆုံးရှိသော)ရွတ်နည်းဟု ၂–မျိုး ရှိ၏။

၎င်း ၂-မျိုးတွင် တမျိုးမျိုးဖြင့် ရွတ်ဘတ်တတ်ဘို့ အရေးကြီ ၏။ ရွတ်ဘတ်တတ်ရန်လည်း အထူးဂရုပြု လေ့လာသင့်ကြပေ၏။ ဆရာသမားထံ၌ လက်တွေ့နည်းခံ သင်ကြားမှုမရှိဘဲ မိမိဘာသာ ရွတ်ဘတ်တတ်ရန် မလွယ်ကူသဖြင့် ဆရာကောင်းများထံ ဆည်းကပ်နည်းခံသင့်ကြပေ၏။

ဣမာနိ စ ပန ဒုဒမာနေန "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ" ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ။ (ဝိ၊ ဌ၊ ၃၊ ၂၅၁)
ဒုတိယအကြိမ်

**နိဂ္ဂဟီတန္တရွတ်နည်း** = ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဟု နိဂ္ဂဟိတ် **အဆုံး ရှိသော** ရွတ်ခြင်းကို နိဂ္ဂဟီတန္တ (အနုနာသိကန္တ)ရွတ်နည်းဟု ခေါ်၏။ ဤရွတ်နည်းဝယ် ဒ္ဓံ-**ဓ**-အက္ခရာသည် ဒန္တဇအက္ခရာ၊ နိဂ္ဂဟိတ်**ကား** နာသိကဇ အက္ခရာဖြစ်၏။ ယင်းသို့ **ဌာန**ကွဲသော်လည်း မှီရာကား(**အ-သရကိုသာ** ၂-ခုလုံး မှီနေကြသဖြင့်)တူကြ၏။ သို့ဖြစ်၍ ၎င်း ၂-ခုကို မခွဲမဖြတ်ဘဲ ရွတ်ရသည်၊ သရဏံ၌ ဏ-သည် မုဒ္ဓဇအက္ခရာဖြစ်၏၊ ဏံ-အတိုင်းပင် မခွဲမဖြတ်ရွတ်ရသည်။

နိဂ္ဂဟိတ်နှင့်ယှဉ်သောကြောင့် ဓ-ဗျည်း ဏ-ဗျည်းတို့သည် နိဂ္ဂဟီတန္တ **မည်**ကုန်၏။ ထို့ကြောင့် ဓံ-ဏံ တို့ကို ရွတ်ရာ၌ ၂-ဌာနကွဲအောင် မရွတ်ရတော့ဘဲ **နာသိကာ**ဌာန် အဆုံး**သတ်ကာ** ရွတ်ရသည်။ ဆိုလိုရင်းမှာ ဆိုင်ရာဌာနကို ဖိနှိပ်၍ (အတန်ငယ် ဟ နေသော ပါးစပ်ဖြင့်) နှာခေါင်းသို့ လေထွက်စေ၍ ရွတ်ရမည် ဟူလို။

> အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာ ဝိစ္ဆေဒံ အကတွာ ဒါတဗ္ဗာနီတိ ဒသေတုံ ဧကေသမ္ဗန္ဓာနီတိ ဝုတ္တံ။ (သာရတ္ထ-ဋီ၊ ၃၊ ၂၀၃။ ဝိမတိ ၂၊ ၉၅) အန္တရာအဋ္ဌတွာ ဝတ္တဗ္ဗံ။ (ဝဇိရ၊ ၄၁၂)

ဤနိဂ္ဂဟီတန္တ (အနုနာသိကန္တ) ရွတ်နည်းဝယ် နှုတ်ခမ်းဖွင့် ရွတ်နည်း**ဝါ**ဒ၊ **နှုတ်ခမ်းပိတ်** ရွတ်နည်းဝါဒဟု ၂-မျိုးရှိနေ၏။ ဆရာ့ဆရာမြတ်တို့**ကား** နှုတ်ခမ်းပိတ်ရွတ်ခြင်း**ကား** **အ**မှားစင်စစ်ဟုမိန့်၍ **အာ**-အက္ခရာကိုရွ**တ်သော**အခါ **ပ**ါးစပ်ဖွင့်ရသော

ဖွင့်နည်းမျိုးမဟုတ်ဘဲ အနည်းငယ် (ပကတိအနေအထား အတိုင်း) ပွင့်ဟနေသော ပါးစပ်[နှုတ်ခမ်း ] ဖြင့် ရွတ်ရမည်ဟု မိန့်တော်မူကြကုန်၏။ [ဝိသုဒ္ဓါရုံသုတ်နက်၊ ပုဒ်စစ်ဂဏ္ဍိဝသည်]

အန္တရာ ဝိစ္ဆေဒံ အကတွာ [အကြား၌ မပြတ်ဘဲရွတ်ရမည်[ ဆိုသဖြင့် ဗုဒ္ဓံနှင့် သရဏံ ဆက်တိုက်၊ သရဏံနှင့် ဂစ္ဆာမိ ဆက်တိုက် [ကြားမပြတ်ဘဲ] ရွတ်ရမည်ဟု ထင်မှားတတ်ကြ၏၊ ဗုဒ္ဓံတပုဒ် သရဏံတပုဒ်ဖြစ်၍ ၂-ပုဒ်တို့၏ ကြား၌ကား [ဧကန်]ဖြတ်၍ ရွတ်ရသည်သာဖြစ်၏။ အမှန်မှာ မနှင့် နိဂ္ဂဟိတ်ကြား၊ ဏ နှင့် နိဂ္ဂဟိတ်ကြား မခြားမပြတ်ဘဲ ရွတ်ရမည်ဟု မိတ်ဆိုချင်းဖြစ်သည်။

**မကာရန္တရွတ်နည်း**=“ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီတိ” ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ၊ (မဟာဝါ ၄၊ ၂၅၁) ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိဟု မအက္ခရာ အဆုံးရှိသောရွတ်ခြင်းကို မကာရန္တရွတ်နည်းဟု ခေါ်၏။

မကာရန္တနည်း၌ ဒ္ဓမ်-ဝယ် ဓ-အက္ခရာသည် ဒန္တဇအက္ခရာ၊ မ်-အက္ခရာသည် သြဋ္ဌဇအက္ခရာ၊ ဌာန်ကွဲကြ၏။ ဓ-အက္ခရာက အသရကို မှီ၏၊ မ်-အက္ခရာက မမှီ၊ ဝါ-မှီရာသရမရှိ။ ဤသို့မှီရာလည်း မတူကြ။ သို့ဖြစ်၍ ဓ-နှင့် မ-ကို တသံတည်း တဆက်တည်းမရွတ်ရ၊ ၂-ဌာန်သံပေါ်အောင် ဖြတ်၍ရွတ်ရမည်၊ ဤသို့ ဓ-နှင့် မ-အကြား စဉ်းငယ်မျှဖြတ်ကာ ရွတ်ရမည်ကို ရည်၍-

ဝိစ္ဆိန္ဒိတွာတိ မကာရန္တံ ကတွာ ဒါနသမယေ ဝိစ္ဆေဒံ ကတွာ၊ (သာရတ္ထ၊ ၃၊ ၂၀၃)ဟု ဋီကာဆရာ မိန့်တော်မူ၏။

သရဏမ်၌ ဏနှင့် မလည်း ထိုနည်းတူပင်။

ဒုတိယအကြိမ်

ဝိစ္ဆိန္ဒိတွာ (ဖြတ်၍ရွတ်ရမည်)ဟု မိန့်သောကြောင့် ဗုဒ္ဓမ် နှင့် သရဏံမ်ကြား၊ သရဏာမ်နှင့် ဂစ္ဆာမိကြားတွင် ကြာ၍ရွတ် ရမည် မှတ်ထင်ပြီး ထိုအတိုင်းဖြတ်ရွတ်ကြသည်၊ အမှန်မှာ ခ-နှင့် မ-အကြား ဏနှင့်မအကြားကိုသာ ဖြတ်၍ရွတ်ရမည်ဖြစ်၏။ ထိုကိုရည်၍ "ဝိစ္ဆိန္ဒိတွာ"ဟု မိန့်တော်မူခြင်းဖြစ်၏။ ပုဒ် ၂-ပုဒ် ကြားမှာမူ ဖြတ်၍ရွတ်အပ်သည်ချည်းဟု ဆရာမြတ်တို့ မိန့်တော် မူကြကုန်၏။ (ဗုဒ္ဓမ် တပုဒ်၊ သရဏာမ် တပုဒ်တည်း)

ဤ၌ ဓမ္မံ-ကို နိဂ္ဂဟိတန္တ မကာရန္တ ၂-နည်းဖြင့် ရွတ်ပုံ ပြပါဦးမည်။ ဓမ္မံ-ဟု နိဂ္ဂဟိတန္တနည်းဖြင့် ရွတ်သောအခါ မ အတွက် နှုတ်ခမ်း ၂—ခု ထိစေ၍ပြီးမှ အသရနှင့် နိဂ္ဂဟိတ် အတွက် နှုတ်ခမ်းကို ပကတိ အနေအထားသို့ ရောက်အောင် ဖြန်လည်ဖွင့်ရသည်။ (ပွင့်သည် ဟ၍ သည်ဆိုရုံသာ၊ အလွန်ကြီး မဟရ)

ဓမ္မမ်-ဟု မကာရန္တနည်းဖြင့် ရွတ်သောအခါ မ္မ-အက္ခရာ အတွက် နှုတ်ခမ်း ၂-ခု ထိစေ၍ပြီးမှ ထိုမ္မ—အက္ခရာ မှီနေရာ အ-သရအတွက် ပြန်လည်ကာ စဉ်းငယ်မျှဖွင့်ပေး၍ သရကင်း သော မ် အက္ခရာအတွက် ထပ်မံ ထိစေ၍ပေးရသည်။(လက်တွေ့ လေ့လာကြည့်လေ)။

သရဏဂုံပေးစဉ်(ရွတ်ဆိုစဉ်)က အနုနာသိကန္တနည်းဖြင့်ပေး ရာ ချွတ်ချော်၍ မကာရန္တနည်းနှင့် ရောသွားသော်လည်း အပ်၏ ဟု ဝဇီရဗုဒ္ဓိကာဆရာက ထေရဝါဒအနေဖြင့် ထုတ်ပြတော်မူ၏။

ထိုသို့ ၂-နည်းရော၍ပေးအပ် ရွတ်အပ်သော်လည်း အနုနာသိကန္တရွတ်ရာ၌ကား မဖြတ်ဘဲသာရွတ်ရမည်-ဟု ထေရဝါဒတခု ထင်မံပြကာ မိန့်၏။ မည်သို့ပင်ရွတ်စေ တနည်းနည်းသို့ သက်ရောက်လျှင် ကံမြောက်တော့သည်ဟု ယုံကြည်စွာ မှတ်အပ်တော့သည်။

---

## သိက္ခာပုဒ် ၁၀-ပါး

သရဏဂုံဆောက်တည်ပြီး ရှင်သာမဏေဖြစ်လျှင် သိက္ခာပုဒ် ၁၀-ပါးကို အထူးတလည် ဆောက်တည်ဘွယ်ရာ မလိုတော့၊ အလိုလိုဆောက်တည်ပြီးသား ဖြစ်တော့သည်။ သာမဏေများ ကျင့်သုံးရမည့် ၁၀၉-ပါးသောသီလလည်း အလိုလိုတည်တော့သည်သာတည်း၊

ဥပမာ=ရဟန်းဖြစ်လျှင်ဖြစ်ခြင်း ဝိနည်းသိက္ခာပုဒ်အားလုံးအလိုအလျောက် ဆောက်တည်ပြီး ဖြစ်သကဲ့သို့တည်း။ မှန်၏၊ ရှင်ပြုခြင်းသည် ရဟန်းခံခြင်းနှင့်တူ၏။ ရှင်သာမဏေတို့၏ သရဏဂုံသည် ရဟန်းတို့၏ဥပသမ္ပဒကမ္မဝါစာနှင့် အလားတူလေသည်။

သိက္ခာပုဒ် ၁၀-ပါးကို မိမိနားလည်ရာ ဘာသာဖြင့်ဆောက်တည်နိုင်၏။

ဒုတိယအကြိမ်

**ပါဏာတိပါတသိက္ခာပုဒ်**=သိက္ခာပဒံ ၌ သိက္ခာဟူသည် သီလ, သမာဓိ, ပညာ ဟူသော တရားသုံးပါးသည်။ ပဒ=ဟူသည် ရခြင်း၏အကြောင်းတည်း။ သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါးကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် သိက္ခာပုဒ်မည်၏။

ပါဏာတိပါတ–၌ ပါဏအရ ပိုးရွ, ခြ, ပရွက်ဆိတ် (ကျဉ်) စသော သေးငယ်လှသော သတ္တဝါများမှစ၍သတ္တဝါဟူသမျှ အကုန်ယူရသည်။ ကြမ်းပိုးဥ, သန်းကြဲဥစသောဥများကို ဖျက်ဆီးလျှင်လည်း လိင်အပြစ်သင့်သည်သာ။

ပါဏာတိပါတ-ဟူသည် သတ်ဖြတ်လိုသော ဝဓကစေတနာတည်း။ ဝါ-စေတနာဖြင့် စေ့ဆော်၍သတ်ဖြတ်ခြင်းတည်း။

## ပါဏာတိပါတပယောဂ ၆–မျိုး

၁။ ကိုယ်တိုင်သတ်ခြင်း။

၂။ သူတပါးကိုစေခိုင်း၍ သတ်ခြင်း။

၃။ လက်နက်ဖြင့် ပစ်လွှတ်၍သတ်ခြင်း။

၄။ တွင်းကျထောင်ခြင်း၊ အဆိပ်ခတ်ခြင်းစသော ထာဝရပယောဂဖြင့် သတ်ခြင်း။

၅။ ဆေးဝါး, အင်းအိုင်, လက်ဖွဲ့, မန္တာန်စသော ဝိဇ္ဇာမယအတတ်ဖြင့် သတ်ခြင်း။

၆။ တံခိုးဣဒ္ဓိပါဒ်ဖြင့် သတ်ခြင်း။

ဤ ၆-မျိုးဖြင့် အားထုတ်သေစေရာ၌ လိင်အပြစ်သင့်၏။
ဆောင် = ကိုယ်တိုင်ဖြစ်စေ၊ ပစ်လွှတ်ထွေ၊ ပုံသေထာဝရ။
ဝိဇ္ဇာမန္တန်၊ တံခိုးဖန်၊ ခြောက်တန်ပယောဂ။

---

အဒိန္နာဒါနသိက္ခာပုဒ်=သူတပါး သိမ်းဆည်းထားအပ်သော (သူတပါးပိုင်) ပစ္စည်းဥစ္စာများသည် အဒိန္န မည်၏။

အရှင်က ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ၂-ပါးလုံးဖြင့်ဖြစ်စေ မပေးအပ်သောသူတပါးဥစ္စာကို ခိုးယူခြင်းသည် (ခိုးယူကြောင်း ထေယျစေတနာသည်) အဒိန္နာဒါန မည်၏။

ဘာမျှအဘိုးမတန်သည့် မြက်ဘပင်; ဝါးခြမ်းတစိပ်မျှကိုသော်လည်း(မပေးဘဲ)ခိုးယူက လိင်ကျသည်။

အပြဟ္မစရိယသိက္ခာပုဒ်=မေထုန်မှီဝဲခြင်း ဟူသော မမြတ်သော အကျင့်ကို အပြဟ္မစရိယဟု ခေါ်၏။

မေထုန်ဝတ္ထု ၅မျိုး=မေထုန်မှုမြောက်ထိုက်သော မေထုန်ဝတ္ထုမှာ ၅-မျိုးရှိသည်။ ၎င်းမှာ= လူ၊နတ်၊ ဘီလူး၊ ပြိတ္တာ၊ တိရစ္ဆာန်–ဟူ၍ ဖြစ်သည်။ ထိုမေထုန် ဝတ္ထု၅-မျိုးတွင် တမျိုးတမျိုး၌ ယောကျ်ား၊ မိန်းမ၊ ပဏ္ဍုက်၊

ဒုတိယအကြိမ်

ဂုတ္တိဥဘတောဗျည်း၊ ပုရိသဥဘတောဗျည်း-ဟု ၅-မျိုးစီရသည်။ ကျင်ကြီးပေါက်-၁၊ ကျင်ငယ်ပေါက်-၁၊ ခံတွင်းပေါက်-၁၊ ဤ ၃-ခုကို မဂ်-ဟုခေါ်သည်။ ၎င်းမဂ်၃-မျိုးတွင် တမျိုးမျိုး၌ မေထုန်ပြုက လိင်ကျသည်။

ဆောင်=လူနတ်တိရိတ်၊ပြိတ်ဘီလူးတုံ၊ ဤငါးခုံ၊မေထုန်ဝတ္ထုချည်း၊ အထီးအမ၊ ပဏ္ဍက၊ ဥဘယဥဘောဗျည်း။
ကျင်ကြောင်း ၂-ပါး၊ ခံတွင်းအသား၊ သုံးပါးမဂ်ခေါ်နည်း။

မုသာဝါဒသိက္ခာပုဒ်=ချွတ်ယွင်းစေခြင်း (လိမ်လည်လိုခြင်း)ကို ရှေ့သွားပြုသူ၏ ကာယပယောဂ ဝစီပယောဂသည် မုသာမည်၏။ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သောစကားကို ပြောဆိုခြင်းသည် (ဝါ- မိစ္ဆာစေတနာသည်) မုသာဝါဒမည်၏။

ပြောင်လှောင်လို၍၊ ရယ်မြူးကြည်စားလို၍ မုသားပြောလျှင်လည်း လိင်ကျသည်ပင်။

အမှတ်တမဲ့ ပြောမိရာ၌၎င်း၊ ထိုင်းမှိုင်း တွေဝေသည့်အတွက် ပြောလိုရာမပြောနိုင်ဘဲ အမှားပြောမိရာ၌၎င်း အပြစ်မရှိ။

သုရာမေရယသိက္ခာပုဒ်=မူးယစ်စေတတ်၍ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို မသောက်မမျိုရ၊ သိလျက်နှင့်သောက်မျိုလျှင် လိင်အပြစ်သင့်သည်။ မသိလျှင် အပြစ်မရှိ။

သုရာ (သေရည်) ၅-မျိုး= သုရာမေရယ-၌ သုရာအရ သေရည် ၅-မျိုးရှိသည်။ ၎င်းတို့မှာ-

၁။ ပိဋ္ဌသုရာ=မှုန့်ညက်ဖြင့်ပြုလုပ်သော သေရည်။

၂။ ပူဝသုရာ=မုန့်ဖြင့်ပြုလုပ်သော သေရည်။

၃။ ဩဒနသုရာ=ထမင်းဖြင့်ပြုလုပ်သော သေရည်။

၄။ ကိဏ္ဏပက္ခိတ္တသုရာ= တဆေးမှုန့်ခတ်၍ (ထည့်၍)ပြုလုပ်သော သေရည်။

၅။ သမ္ဘာရသံယုတ္တသုရာ=ဖန်းခါးသီးစသော အဆောက်အဦတို့ဖြင့် ပြုလုပ်သော သေရည်တို့ဖြစ်သည်။

ဆောင်-ပိဋ္ဌ-ပူဝ-ဩဒန-ကိဏ္ဏသမ္ဘာရာ၊
မှုန့်ညက် မုန့်ထမင်း၊ ဆေး ဖန်သွင်း၊ နယ်ခြင်းသေငါးဖြာ။

မေရယ-အရ သေရက် (အရက်)လည်း ၅-မျိုးပင်ရှိသည်။ သေ ာ က်ပ ါအတိုင်းတည်း။

၁။ ပုပ္ဖါသဝ=ပန်းပွင့်အမျိုးမျိုးဖြင့် ပြုလုပ်သောအရက်။

၂။ ဖလာသဝ=သစ်သီးအမျိုးမျိုးဖြင့် ပြုလုပ်သောအရက်။

၃။ မဓ္ဝါသဝ=သစ်မည်စည်အပွင့်(အသီး)ဖြင့် ပြုလုပ်သော အရက်။

၄။ ဂုဠာသဝ=ကြံရည်ဖြင့် ပြုလုပ်သောအရက်။

၅။ သမ္ဘာရသံယုတ္တာသာဝ= ဖန်းခါးသီးစသော အဆောက်အဦဖြင့် ပြုလုပ်သောအရက်။

ဆောင်-ပုပ္ဖ-ဖလာ၊ မ္ဗိဋ္ဌ-ဂုဠ၊ သမ္ဘာရ၊ ပဉ္စမေရယာ။
ပွင့်-သီး-စည်-ကြံ၊ တိဖလ၊ စိန်ပြန်အရက် ငါးမျိုးလာ။

**လုပ်နည်း** =သေရည်ကိုပြုလုပ်ရာ၌ နယ်၍ ပြုလုပ်ရသည်။

အရက်ကိုပြုလုပ်ရာ၌ ကြာမြင့်စွာစိမ်ထားရသည်။

**ဝိကာလ ဘောဇန သိက္ခာပုဒ်**=နေလွဲမွန်းတိမ်းအခါ၌ ဆွမ်းမုန့်စသော အစာအာဟာရကို စားခြင်းသည် ဝိကာလဘောဇနမည်၏၊ နံနက် အရုဏ်လာသည်မှ နေ့လည်မွန်းတည့်တိုင်အောင်သော အချိန်ကာလသည် ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ ခဲဘွယ်ဘောဇဉ် စားသောက်ရန် အချိန်ကာလဖြစ်သောကြောင့် "ကာလ"မည်၏။

နေလွဲမွန်းတိမ်းအချိန်မှစ၍(နောက်တနေ့)အရုဏ်တက်သည် တိုင်အောင်သော အချိန်သည် ရဟန်းသာမဏေတို့ ဆွမ်းခဲဘွယ် မစားအပ်သော အချိန်ဖြစ်သောကြောင့် "ဝိကာလ"မည်၏။

ထိုဝိကာလအခါ၌ ဆာသောင်မွတ်သိပ်က အားဖျော်ယာမကာများကို သောက်ကောင်းသည်။

**နစ္စဂီတသိက္ခာပုဒ်** = နစ္စ-အရ ကချေသည်တို့၏ ကခြင်းမှစ၍ မှုးသူ ရှုးသူတို့၏ ကခြင်း၊ အယုတ်အားဖြင့် ဥဒေါင်း,မျောက်စသော တိရစ္ဆာန်တို့၏ ကခြင်းစသော ကခြင်းဟူသမျှအားလုံးကို ယူရသည်။

ဒုတိယအကြိမ်

**ဂီတ** — **အရ** သီချင်းသည်တို့၏ သီချင်းမှုစ၍ ဘုန်းကြီးပျံ့စသည် တို့မှ **သာ**ဝကိုဒွန် ဓမ္မဂီတများ၊ **မဇော**် စည်းသော ဓမ္မကထိက ရဟန်းတို့၏ ဓမ္မဂီတများကိုပါ ယူရသည်။

ဝါဒိတ — အရ စောင်းပတ်သော တူရိယာတို့ကို တီးခြင်းမှစ၍ ဒိုးစည်တီးခြင်း အယုတ်အားဖြင့် ရေစည်(ရေအိုး)၊ တီးခြင်း ဝါးစသည်တီးခေါက်ခြင်း စသည်များကိုပါ ယူရသည်။

ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်းများကို ကိုယ်တိုင်လည်း မပြုလုပ်ကောင်း၊ သူတပါးကို ခိုင်း မခိုင်းကောင်း၊ ဇာတ် မင်းသားသံပေါက်အောင် (သီချင်းသံဖြင့်) ဟောသော ဓမ္မကထိက ရဟန်းတို့၏ တရားကိုမနာကောင်း။ ပျို့ကဗျာများကို အသံသာဖြင့် မရွတ်ဆိုကောင်း၊ ရိုးရိုးသာရွတ်ဆိုကောင်းသည်။

နစ္စ ဂီတ ဝါဒိတ-တို့သည် ကိလေသာ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ကုသိုလ်အသင်းအပင်းကို ဖျက်ဆီးတတ်သော ကြောင့် ဝိသူက-မည်၏။ ဝိသူကမည်သော နစ္စစသည်ကိုကြည့်ရှု နားထောင်ခြင်းသည် ဝိသူကဒဿန-မည်၏။

**တနည်း** — နစ္စ ဂီတ ဝါဒိတပယ်တို့ကို ကြည့်ရှုနားထောင်မှုတို့သည် မြတ်စွာဘုရား၏အဆုံးအမဘောင်နှင့်ပြောင့်တံကျင်ပမာ ဖီလာကန့်လန့်ဖြစ်သောကြောင့် ဝိသူကဒဿနမည်၏။ (မိမိ နေရာသို့ ရောက်လာလျှင်မူ ကြည့်ရှုနားထောင်ကောင်း၏)။

ဒုတိယအကြိမ်

မာလာဂန္ဓသိက္ခာပုဒ်=မာလာ-အရပ န်းကုန်း၊ပန်းပွင့်၊စက္ကူပန်း၊ ရွှေပန်း၊ ငွေပန်း၊ အဝတ်ပန်း၊ အယုတ်အားဖြင့် ချည်မျှင်ဖြင့်ပြုလုပ်ထားသော အရာဝတ္ထုစသော ပန်းဟူသမျှအားလုံး ယူရသည်။

ဂန္ဓ-အရ ဝိလေပနမှတပါး နံ့သာမှုန့်၊ အမွှေးတိုင်၊ ရေမွှေး နံ့သာဆီစသော အမွှေးအကြိုင်ဟူသမျှကို ယူရသည်။

ဝိလေပန-အရ ကြိတ်ချေ၍ (ကျောက်ပြင်၌သွေး၍) ပြုလုပ် စိမ်အပ်သော သနပ်ခါး၊ မျက်နှာချေ စသည်များကို ယူရသည်။

ပန်းကိုပန်ဆင်ခြင်းသည် ဓာရဏာမည်။

ကျောက်ပေါက်မာစသော နိမ့်ရာအရပ်ကို ပြည့်ဖြိုးအောင် လိမ်းကျံခြင်းသည် မဏ္ဍန။ အနံ့ကိုဖြစ်စေ (အသားအရေကို နှစ်သက်ဘွယ်ဖြစ်စေသည့်)နံ့သာပြစ်စသည်ကိုဖြစ်စေ လိမ်းကျံသုံးစွဲသောအားဖြင့် သာယာခြင်းသည် ဝိဘူသနမည်၏၊ ပန်းစသည်ကိုပန်ခြင်းစသည်၏ အကြောင်းရင်းဖြစ်သော (ဒုဿီလျ) စေတနာသည် ဌာနမည်၏။

လှုပရန် တန်းဆာဆင်ရန် ပန်းစသည်ကို မပန်မလိမ်းကျံကောင်း၊ အနာရောဂါကင်းစေခြင်းငှာ မကောင်းနံ့များ ပျောက်ကင်းစေခြင်းငှာ နံ့သာလိမ်းကျံကောင်း၏။ ဘီလူးသားရဲတို့ဘေးမှ ကာကွယ်ရန် ပရိတ်ပန်းစသည်များကို ပန်ဆင်ကောင်း၏။

ဒုတိယအကြိမ်

ဥစ္စာသယနသိက္ခာပုဒ်=ဥစ္စာသယန-ဟူသည် အပေါ်အောက် တတောင်ထွာထက် မြင့်သော အခြေရှိသော ထိုင်ခုံ၊ခုတင်၊ညောင်စောင်း စသည်များတည်း။ ခြေထောက်၌ ခြင်္သေ့ရုပ်၊ ကျားရုပ် စသည်ပါသော ပလ္လင်ကိုလည်း ဥစ္စာသယနဟုပင်ဆိုကြသည်။ ထိုဥစ္စာသယနတို့၌ မနေကောင်း၊ မထိုင်ကောင်း မအိပ်ကောင်း၊ တတောင်ထွာထက် ပိုနေသော ခြေထောက်ကိုဖြတ်၍ သုံးဆောင်မှုအပ်၏။

မဟာသယန=ဟူသည် ကြီးကျယ်ခမ်းနား ဆန်းပြားသော လက် ၄-သစ်ထက်ရှည်သော အမွေးရှိသော ကော်ဇော သားမွေးခင်းစသည်များတည်း။ ဂွမ်းပုံမွေ့ရာများလည်း မဟာသယနပင်။ (လဲသွတ်ထားသော မွေ့ရာကိုမူ လုံးလုံးပင် မသုံးဆောင်အပ်၊ လဲထုတ်၍ သုံးစွဲမှုအပ်၏။)

ဇာတရူပသိက္ခာပုဒ်=ဇာတရူပ-ဟူသည် ရွှေတည်း။ ရဇတ ဟူသည် ကျပ်ငွေ အသပြာများတည်း။ ရဇတ(ငွေ)အရ ကြေးပိုက်ဆံ၊ ချိပ်ပိုက်ဆံ၊ သစ်သားပိုက်ဆံ ရောင်းဝယ်၍ဖြစ်နိုင်သော အရာအားလုံးကိုယူ။

ဥပမာ=နိုင်ငံအစိုးရက သစ်ရွက်ကို ငွေအဖြစ် သုံးစွဲမည်ဟု ကြေညာသုံးစွဲလျှင် ထိုသစ်ရွက်များကိုလည်း ငွေအဖြစ် ယူရမည်။

ဒုတိယအကြိမ်

ထိုရွှေငွေများကို ကိုယ်တိုင်လည်းမခံယူကောင်း (မကိုင်တွယ်ကောင်း) သူတပါးကိုလည်း မခံယူစေကောင်း (မကိုင်တွယ်စေကောင်း) အနီး၌ ချထားသည်ကိုလည်း (စိတ်က) မသာယာကောင်း။

ဆောင်=ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ ဝမ်းတွင်းသာယာမိ။

ဤ ၃-ပါးတွင်၊ တပါးယှဉ်၊ ဒါကာလှုင်ထိုက်ပြီသိ။

**သိက္ခာပုဒ် ၁၀-ပါးပြီး၏**

---

## ဥပဇ္ဈာယ်ယူခြင်း

သရဏဂုံပေးပြီးနောက်(ရှင်သာမဏေဖြစ်ပြီးက) ဥပဇ္ဈာယ်ယူစေရသည်။ ဥပဇ္ဈာယ်မရှိဘဲ ရှင်ပြုပေးက ရှင်ပြုပေးသောရဟန်းမှာ အာပတ်သင့်သည်။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ-ဟု ရွတ်ဆို၍ ဥပဇ္ဈာယ်ဆရာဟု မိမိစိတ်၌ မှတ်ယူခြင်းကို ဥပဇ္ဈာယ်ယူသည်ဟု ခေါ်သည်။

ဆရာက "ပါသာဒိကေန သမ္ပာဒေဟိ(သမ္ပာဒေထ)"ဟုဆို၍ ဥပဇ္ဈာယ်ဆရာဖြစ်ကြောင်း အသိပေးခြင်းကို ဥပဇ္ဈာယ်ပေးသည်ဟု ခေါ်သည်။

ဒုတိယအကြိမ်

လောကဌ် မိဘသည် သား၊သမီးကို အမြဲမပြတ် ဆုံးမပဲ့ပြင်သကဲ့သို့ ဥပဇ္ဈာယ်ဆရာသည်လည်း တပည့်၏အပြစ်ကြီး အပြစ်ငယ်ကို ကြည့်ရှု၍ ဆုံးမသွန်သင် ပဲ့ပြင်ရ၏။
ထို့ကြောင့် ဥပဇ္ဈာယ်ဆရာသည် မိဘနှင့် တူ၏။
တပည့်သည် သားသမီးနှင့် တူ၏။

ဆောင်=ဥပဇ္ဈာယ်ရှင်၊ မိဘသွင်၊ စိတ်တွင်မြဲကြည်ညို။
တပည့်ကိုကား သမီးသား၊ သွင်ထားကြင်နာပို။
= = အပြစ်ကြီး အပြစ်ငယ်ကို အမြဲမပြတ် ကြည့်ရှုဆုံးမတတ်သောဆရာကို ဥပဇ္ဈာယ်ဆရာဟု ခေါ်၏။
= = သရဏဂုံပေးသောဆရာကို ပဗ္ဗဇ္ဇာစရိယ (ရှင်ပြုပေးသောဆရာ)ဟု ခေါ်၏။

တပည့်သည် ဥပဇ္ဈာယ်ဆရာ၏ ဝတ်ကြီးဝတ်ငယ်ကို ဥပဇ္ဈာယ်ဆရာသည် သဒ္ဓိဝိဟာရိကဝတ်ကို မပြုကျင့်နိုင်ကြက အပြစ်ရှိကြသည်။ အပြစ်မှကင်းလွတ်စေခြင်းငှာ ဥပဇ္ဈာယ်ယူပြီးအဆုံး၌ ခွင့်တောင်း လျှောက်ထားကြရသည်။ (ကျမ်းဂန်၌ကား ဆရာကိုယ်တိုင်က ခွင့်ပြုမိန့်ကြား၏)

### ပစ္စဝေက္ခဏာ ၄-ပုဒ်အဓိပ္ပာယ်

ရှင်ရဟန်းအဖြစ်ကို ရောက်လာလျှင် မှီရာပစ္စည်းလေးပါးကို ကောင်းစွာသုံးစွဲတတ်ဖို့ အရေးကြီးသည်။သို့ဖြစ်၍ ပြည့်စုံစွာပင် ပြပေအံ့။

ဒုတိယအကြိမ်

**ပစ္စည်းလေးပါး**=ရဟန်း သာမဏေများအတွက် ပစ္စည်းလေးမျိုးရှိ၏၊ ၎င်းတို့မှာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟူ၍ဖြစ်သည်။

၎င်းပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ဆင်ခြင်၍ သုံးဆောင်ရာဟောကြားသော ပါဠိလေးပုဒ်ကို **ပစ္စဝေက္ခဏာ** ၄-ပုဒ်ဟု ခေါ်သည်။ ၎င်းတို့မှာ- ၁။ စီဝရပစ္စဝေက္ခဏာ ၂။ ပိဏ္ဍပါတပစ္စဝေက္ခဏာ ၃။ သေနာသနပစ္စဝေက္ခဏာ ၄။ ဘေသဇ္ဇပစ္စဝေက္ခဏာ (ဂိလာနပစ္စဝေက္ခဏာ)တို့ ဖြစ်သည်။

ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်ခြင်းကို **ပစ္စဝေက္ခဏာ**-ဟုခေါ်၏။ ဤသို့ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် **ပစ္စယသန္နိဿိတသီလ** မည်၏။

ရဟန်းသာမဏေတို့ စောင့်သုံးအပ်သောသီလမှာ လေးမျိုးရှိသည်။ (ကိုယ်နှုတ်စိတ်တို့ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းထိန်းသိမ်းခြင်းအကျင့်ကို သီလ-ဟုခေါ်သည်) သီလလေးမျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ပါတိမောက္ခသံဝရသီလ
၂။ ဣန္ဒြိယသံဝရသီလ
၃။ အာဇီဝပါရိသုဒ္ဓိသီလ
၄။ ပစ္စယသန္နိဿိတသီလ

ထို ၄ ပါးတွင်-

(၁) ဝိနည်းပါဠိတော်လာ သိက္ခာပုဒ် (သီလ) များသည် [သာမဏေများအတွက် လိင်,ဒဏ်,သေခိယ,ခန္ဓကဝတ်နှင့် သုက္ကဝိဿဋ္ဌိ ကာယသံသဂ္ဂစသော သိက္ခာပုဒ်သီလ များသည်] ပါတိမောက္ခသံဝရသီလ မည်၏။

ဤသီလ၌ သဒ္ဓါဘရားပြဓာန်းသည်၊ သဒ္ဓါတရား ရှိသူမှ ဤသီလကို စောင့်ထိန်းနိုင်သည်။ သဒ္ဓါတရားဖြင့် ဒေသနာကြား၍,သရဏဂုံထပ်၍ကုစားက စင်ကြယ်၏။ ထို့ကြောင့် ဤသီလကို ဒေသနာသုဒ္ဓိဟု ခေါ်သည်။

(၂) ဣန္ဒြေ ၆-ပါးကို လုံခြုံအောင် စောင့်စည်းထိန်းသိမ်းမှု [သီလ]သည် ဣန္ဒြိယသံဝရသီလ မည်၏။

ဤသီလ၌ သတိပြဓာန်း၏၊ သတိတရားရှိသူမှ ထိန်းသိမ်းနိုင်သည်။အဆင်းလှသည်ကိုမြင်လျှင် လောဘ တဏှာမဖြစ်အောင်၊ မလှသည်ကိုမြင်လျှင် ဒေါသ မဖြစ်အောင် (သတိဖြင့်) စောင့်စည်းမှု စသည်တည်း။ ထို့ကြောင့် ဤသီလသည် (သတိဖြင့်စောင့် စည်းလျှင် စင်ကြယ်သောကြောင့်) သံဝရသုဒ္ဓိ မည်၏။

(၃) အသက်မွေးဝမ်းကြောင်းမှုသည် အာဇီဝ မည်၏၊ ဆေးကုခြင်း၊ သစ်သီးပေးခြင်း စသော ယုတ်မာမှားယွင်း သောနည်းဖြင့် အသက်မွေးခြင်းကိုမိစ္ဆာဇီဝ. (မှားယွင်း သော အသက်မွေးခြင်း)ဟု ခေါ်၏။

ဒုတိယအကြိမ်

ထိုမိစ္ဆာဇီဝကို ရှောင်ကြဉ်၍၊ တရားသဖြင့် ပစ္စည်းလေးပါးကိုရှာဖွေ၍ မှီဝဲသုံးဆောင်ခြင်းသည် (အသက်မွေးမှုစင်ကြယ်သန့်ရှင်းသောကြောင့်) အာဇီဝပါရိသုဒ္ဓိသီလမည်၏။ ဝီရိယပြဓာန်း၏။ ဝီရိယရှိသူမှ ဤသီလနှင့်ပြည့်စုံနိုင်၏။ ဆွမ်းခံခြင်းဟူသော ရှာဖွေခြင်းဖြင့်စင်ကြယ်သောကြောင့် ဤသီလသည် ပရိယေဋ္ဌိသုဒ္ဓိမည်၏။

(၄) ပစ္စည်းလေးပါးနှင့်စပ်၍ စောင့်စည်းထိန်းသိမ်းမှုသည် ပစ္စယသန္နိဿိတသီလမည်၏။ ပညာပြဓာန်း၏၊ ပညာဖြင့်သာ စောင့်စည်းထိန်းသိမ်းနိုင်၏။ ပညာဖြင့်ဆင်ခြင်သုံးစွဲလျှင် စင်ကြယ်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိမည်၏။

---

## ၁-စီဝရပစ္စဝေက္ခဏာ

သင့်သောအကြောင်း မှန်ကန်သောနည်းလမ်းဖြင့် အအေးကိုဖျောက်ခြင်းစသောအကျိုးကို ဉာဏ်ဖြင့်တိုက်ရိုက်သိ၍ အဖန်ဖန်ဆင်ခြင်ခြင်းသည် ပဋိသင်္ခါယောနိသော မည်၏။

**စီဝရံ ပဋိသေဝါမိ** ၌ **စီဝရ**အရ သင်းပိုင်၊ ကေသိ၊ သင်္ကန်းကြီးစသော အမှတ်မထား တပါးပါးသော သင်္ကန်းအပြင် ဝတ်ရုံခြုံကောင်းသော အဝတ်အထည်ဟူသမျှကို ယူရမည်။

ဒုတိယအကြိမ်

စီဝရ(သင်္ကန်း)သည် ဇာတ်အားဖြင့် ၆-မျိုးပြား၏။

၁။ ခေါမ=ခုံချည်သင်္ကန်း
၂။ ကောသေယျ=ပိုးချည်သင်္ကန်း
၃။ ကပ္ပါသိက=ဝါချည်သင်္ကန်း
၄။ သာဏ=ပိုက်ဆံချည်သင်္ကန်း
၅။ ကမ္ဗလ=ကမ္ဗလာ(သိုးမွေးချည်)သင်္ကန်း
၆။ ဘင်္ဂ=ဘန်ချည်သင်္ကန်း၊ ဝါ-ရှေ ၅-မျိုးရော၍ ယက်အပ်သောသင်္ကန်း။

ကမ္ပိယာနုလောမအားဖြင့်—

၁။ ပဋ္ဋုဏ္ဏ=ပဋ္ဋုဏ်တိုင်း၌ ဖြစ်သောအဝတ် (သင်္ကန်း) ၂။ သောမာရ=သောမာရတိုင်း၌ဖြစ်သောအဝတ် ၃။ စိန=စိန်တိုင်း၌ ဖြစ်သော အဝတ် ၄။ ဒုကူလ=ဘွဲ့ဖြူအဝတ် [ပုဆိုး] ၅။ ဒေဝဒိန္န=နတ်လှူသောသင်္ကန်း ၆။ ကုဒ္ဒိဇ=ဟော်ဘိကျွဲခေါ်သောအခါ ပုညိဒ္ဓိကြောင့်ဖြစ်သောသင်္ကန်း ဟူ၍ ၆-မျိုးပြား၏။

သို့သော်—ဤ ၆-မျိုးမှာ သီးခြားမဟုတ်၊ ခေါမ-စသော၆-မျိုးထဲတွင် ပါဝင်သည်။ ထို ၆-မျိုးမှ ပွားလာသည့်အဝတ်(သင်္ကန်း)များဖြစ်သည်။

ဆောင်-ခုံ-ပိုး-ဝါ-ဘံ၊ ကမ္ဗလံ၊ ပိုက်ဆံချည်ခြောက်ပါး။
ပဋ္ဋုဏ်-စိန၊ သောမာရ၊ ဒုကူလ-နတ်လှူပြား။
ဟော်ဘိကျွဲ၊ တံခိုးကြီ၊ နုလုံခြောက်ထည်ပြား။
ဒုတိယအကြိမ်

**သက်န်းဆိုးရည် ၆—မျိုး**=၁။ အမြစ်ဆိုးရည်။ ၂။ ပင်စည်ဆိုးရည်။ ၃။ **အခေါက်ဆိုးရည်**။ ၄။ အရွက်ဆိုးရည်။ ၅။ အပွင့်ဆိုးရည်။ ၆။ အသီးဆိုးရည်။
ဆောင်-မြစ်- ခေါက်- ပင်- ရွက်၊ ပွင့်- သီးစွက်၊ ခြောက်ချက် ဆိုးရည်လာ။

## မအပ်သောဆိုးရည် ၉—မျိုး

၁။ အမြစ်ဆိုးရည်တွင် နနွင်းမြစ်မအပ်၊ အကြွင်းအပ်သည်။

၂။ ပင်စည်ဆိုးရည်တွင် ထန်းကျင့်ခေါ် တိန်းညက်နှစ်ပင် ပိန္နဲနွယ်ပင် မအပ်၊ ကြွင်းပင်စည်အပ်သည်။

၃။ အခေါက်ဆိုးရည်တွင် ကြပိုင်ခေါက်၊ ဒေါက်ရပ်ခေါက် မအပ်၊ အကြွင်းအပ်သည်။

၄။ အရွက်ဆိုးရည်တွင် မဲရွက်၊ ဒန်းရွက်မအပ်။ ကြွင်းအရွက် အပ်သည်။

၅။ အပွင့်ဆိုးရည်တွင်ဆူးပန်းခေါ်-ဝတ်ပန်းပွင့်၊ ပေါက်ပွင့် မအပ်၊ ကြွင်းအပ်၏။

၆။ အသီးဆိုးရည်တွင် မအပ်သည်မရှိ။ အားလုံးအပ်၏။

ဆောင်-နနွင်း-ထန်းကျင့်၊ ဆူးပန်းပွင့်၊ ပေါက်ပွင့် ပိန္နဲနွယ်။ ကြပိုင်-ဒေါက်ရပ်၊ မဲ-ဒန်းမှတ်၊ မအပ်ဆိုးရည်ဝယ်။

## မအပ်သော သင်္ကန်းအရောင်များ

၁။ အောက်မဲညိုသွင့် (အဆင်း) လောက် ညိုသောသင်္ကန်း မအပ်။

၂။ မဟာ လေ့ကားပွင့်လောက် ဝါရွှေသော သင်္ကန်း မအပ်။

ဒုတိယအကြိမ်

၃။ လယ်ခေါင်ရန်းပန်းလောက်နီမြန်းသော သက်န်းမအပ်။
၄။ ပတီးနက်စေ့ ရေစွတ်သော ကျီးတောင်လောက် မဲနက်သော သင်္ကန်း မအပ်။
၅။ ကင်းခြေမျှား (ကင်းသန်းနီ) ကျောက်ကုန်း အဆင်း ရှိသော သင်္ကန်း မအပ်။
၆။ ပဒုမ္မာကြာပွင့်အဆင်းကဲ့သို့ နီဖြော့ဖြော့သင်္ကန်း မအပ်။

အထက်ပါအရောင်များကို ဖွတ်လျှော်ချွတ်၍ အပ်သော ဆိုးရည်ဆိုးကာ သုံးဆောင်မှု သုံးဆောင်ကောင်းသည်၊ အိပ်ရာခင်းစသည် ပြုလုပ်သုံးဆောင်မှု အပြစ်မရှိ။

ယာဝ ဒေဝ သီတဿ ပဋိဃာတာယ-၌ ယာဝဒေဝ သဒ္ဒါသည် သင်္ကန်း သုံးဆောင်ခြင်း၏ အကျိုးတို့ကို ပိုင်းခြားမှတ်သားပြသည်။ အအေးစသည်ကို ပယ်ဖျောက်ခြင်းစသော အကျိုးငှာသာလျှင် သင်္ကန်းကို သုံးဆောင်သည်၊ ထို့ထက်လွန်သော (ထိုမှတပါးသောအခြား) အကျိုးငှာမဟုတ်–ဟူလို။

သီတဿ ပဋိဃာတာယ-၌ သီတသည် အဇ္ဈတ္တသီတ ဗဟိဒ္ဓသီတဟု ၂-မျိုးရှိသည်။

၁။ ခန္ဓာကိုယ်အတွင်း၌ ဓာတ်လေချောက်ချားခြင်းကြောင့် ဖြစ်သော ချမ်းအေးခြင်း သီတသည် အဇ္ဈတ္တသီတ မည်၏။

ဒုတိယအကြိမ်

၂။ အပသန္တာနှင့် ဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်သော ချမ်းအေးခြင်းသီတသည် ဗဟိဒ္ဓသီတမည်၏။ (ဆောင်း ဥတု ချမ်းအေးခြင်းကိုလည်းယူ)။

(က) သီတသို့ ပဋိဃာတတာယဖြင့် ပြသည့်ယူကျိုး—

အတွင်းသီတ အပသီတ တခုခုကနှိပ်စက်သည်ရှိသော်စိတ်ပျံ့လွင့်သည်ဖြစ်၍ ဘာဝနာတရား အားမထုတ်နိုင်၊ သီတ ၂-ပါးကိုပယ်၍ တည်ကြည်သောစိတ်ဖြင့် ဘာဝနာတရား ပွားများအားထုတ်နိုင်ခြင်းငှာသာ သင်္ကန်းကိုသုံးဆောင်သည်။

(က) ပယ်ကျိုးကား—

မြို့သားလူငယ်တို့ကဲ့သို့ တင့်တယ်စမ္ပာယ်လို၍ ဝတ်ခြင်း၊ ပြည့်တန်းဆာမတို့ကဲ့သို့တန်းဆာဆင်လို သိုင်းခြုံလို၍ဝတ်ခြင်း၊ လူရှင်လူပျက်ကဲ့သို့ တွဲလျားချလို၍ဝတ်ခြင်း၊ မြို့စား၊ ရွာစား၊ မှင်းသမီး၊ မင်းသားကဲ့သို့ ဝင့်ဝါထောင်လွှားလို၍ ဝတ်ခြင်း (သုံးဆောင်ခြင်း)မဟုတ်။ (ဤကား သင်္ကန်းသုံးစွဲခြင်း၏ပထမ အကျိုး)။

ဥဏှဲ့ဿပဋိဃာတတာယဝယ်ဥဏှအရ မီးပူကိုယူရသည်။

(ခ) ရင်းပါဠ်ဖြင့်ပြသည့်ယူကျိုးကား—

တောမီးလောင်ခြင်း စသည်ကြောင့် ဖြစ်ပေါ်တတ်သော မီးပူကို ကာကွယ်၍ တရားအားထုတ်နိုင်ခြင်းငှာသာ သင်္ကန်းကို သုံးဆောင်သည်။

ပယ်ကျိုးကား ရှေးနည်းတူ၊ (ဤကား သင်္ကန်းသုံးစွဲခြင်း၏ ဒုတိယမြောက် အကျိုးတည်း)

ဒုတိယအကြိမ်

ဒုံသ မကသ ဝါတာတပသရီသပ-၌ဒုံသ-ဟူသည် မှက်တည်း၊ ယင်မမဲရိုင်းကိုလည်း ဒုံသဟုပင် ခေါ်၏။ မကသ ဟူသည် ခြင်တည်း။ ဝါတ-ဟူသည် မြူပါသောလေ မြူမပါသောလေ စသော အထူးထူးသောလေတို့တည်း။ အာတပ-အရနေပူကို ယူရသည်၊ မီးပူကို ဥတုဖြင့်ယူပြီးဖြစ်၍ ဤ၌ မယူရ။

သရီသပ-ဟူသည် ရွေ့တွား၍သွားတတ်သော မြွေစသော သတ္တဝါများတည်း။ ၎င်းသရီသပသဒ္ဒါဖြင့်မြွေကဲ့သို့ခန္ဓာကိုယ်ရှည်လျား ရွေ့တွား၍သွားတတ်သော (ရင်ဖြင့်တွား၍ သွားတတ်သော) ကင်းခြေများ၊ ကင်းမြီးကောက်၊ ပင့်ကူ၊ အိမ်မြှောင်၊ တောက်တဲ့စသော သတ္တဝါများကိုလည်းယူ။

သမ္ဖဿာနံ-၌ သမ္ဖဿ ၂-မျိုးရှိသည်။ ၎င်းမှာ–

၁။ ဒဋ္ဌသမ္ဖဿ=ကိုက်ခဲခြင်းဟူသောအတွေ့

၂။ ဖုဋ္ဌသမ္ဖဿ=ထိပါးခြင်းဟူသောအတွေ့ဟူ၍ဖြစ်သည်။

ဖုဋ္ဌသမ္ဖဿ-အရ ဖုဋ္ဌဝိသမြွေကိုယူရသည်။ မြွေ ၃-မျိုးရှိသည်။

၁။ ဒဋ္ဌဝိသမြွေ=(ကိုက်ခဲလျှင် အဆိပ်တက်သောမြွေ)

၂။ ဖုဋ္ဌဝိသမြွေ=(ထိလျှင်ပင် အဆိပ်တက်သောမြွေ)

၃။ ဒိဋ္ဌဝိသမြွေ=[မြင်လျှင်ပင်(ကြည့်ရုံမျှဖြင့်) အဆိပ်တက်သောမြွေ]

ဆောင်–ကိုက်ခဲ-ထိပါး၊ မြင်လေငြား၊၊ ဆိပ်ပွားမြွေသုံးမျိုး။

ဤ ၃-မျိုးတွင် ဖုဋ္ဌဝိသနှင့် ဒဋ္ဌဝိသမြွေ ၂-မျိုးကိုသာ ဤ၌ ယူရမည်။

ဒုတိယအကြိမ်

(ဂ) ဥသ·ပ·သမ္ဗာ သံ့ဘန်ဖြင့် ပြသည့်ယူကျိုးကား—

မွှက်၊ခြင်၊လေ၊နေပူ၊မြွေ၊ကင်းသန်းစသည်တို့၏ ကိုက်ခဲခြင်း ထိပါးခြင်းဟူသော အတွေ့တို့ကို ကာကွယ်လုံခြုံစေ၍ တရား အားထုတ်နိုင်ခြင်းငှာသော ဤသင်္ကန်းကို သုံးဆောင်သည်။

ပယ်ကျိုးကား- ရှေးနည်းတူ (ဤကား တတိယမြောက် သင်္ကန်းသုံးဆွဲခြင်း အကျိုးတည်း)

ယာဝ ဒေဝဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ–၌ ယာဝ ဒေဝသည် သင်္ကန်းသုံးဆောင်ခြင်း၏ကိန်းသေမြဲသောအကျိုးကို၊ဝါ-အခါ ခပ်သိမ်းရအပ်သောအကျိုးကို ပိုင်းခြားပြသည်။

အရှက်အကြောက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းသည်သာလျှင် သင်္ကန်းသုံးဆောင်ခြင်း၌ မြဲသော အကျိုးဖြစ်သည်၊ အအေးစသည်ကို ပယ်ခြင်းစသော်အကျိုးမှာ ရံဖန်ရံခါသာရသည်။

ကျဉ်းမြောင်းရာအရပ်၌ရှိသော အင်္ဂါကြီးငယ်သည် အရှက် အကြောက်ကို ဖျက်ဆီးတတ်သောကြောင့် ဟိရိကောပိနမည်၏။ (ဩတ္တပ္ပကိုလည်း အဝိနာဘာဝနည်းအားဖြင့်ယူ)

(ဃ) ယာဝဒေဝဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံဖြင့်ပြသည့်ယူကျိုးကား

ဟိရိဂုဏ်ကို၊ ဝါ-အရှက်အကြောက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းငှာသော ဤသင်္ကန်းကို သုံးဆောင် သည်။

ပယ်ကျိုးကား ရှေးနည်းတူ၊ (ဤကား သက်နိုးသုံးဆောင်ခြင်း၌ စတုတ္ထမြောက်(ကိန်းသေ)မြဲသောအကျိုးတည်း)။

မှတ်ချက်-(က) (ခ) (ဂ) (ဃ) အမှတ်အသားတို့ဖြင့် ပြထားသော စကားရပ်များကား သက်နိုးသုံးဆောင်ခြင်း၌ရအပ်သောအကျိုးများ (၄-ပါး) ဖြစ်သည်။

---

## ၂-ပိဏ္ဍပါတ ပစ္စဝေက္ခဏာ

ပိဏ္ဍပါတံပဋိသေဝါမိ-၌ ပိဏ္ဍပါတဟူသည် ဆွမ်းတခုသာမက ခဲဖွယ်ဘောဇဉ်စသော အမှတ်မရှိ စားမျိုအပ်သော ဝတ္ထုများတည်း။

ထိုခဲဖွယ်ဘောဇဉ် စသည်တို့သည် ဆွမ်းခံလှည့်လည်မှုဖြင့် (ဝါ-ဆွမ်းခံလှည့်လည်သူ၏) သပိတ်၌ ကျရောက်တတ်သောကြောင့် ပိဏ္ဍပါတမည်၏။ တနည်းအားဖြင့် အိမ်တိုင်းအိမ်တိုင်းမှ ရအပ်သောဆွမ်းတို့၏ (ခဲဖွယ်ဘောဇဉ်တို့၏) အပေါင်းအစုသည် ပိဏ္ဍပါတမည်၏။

### ခဲဖွယ် ၁၂-မျိုး

၁။ အမြစ်ခဲဖွယ်=ကစွန်းဥ-ပဲဇီမ်းစားဥ-ပဲမြစ်စသည်
၂။ အဥခဲဖွယ်=ကြာဥ-ဝက်မြေဥစသည်
၃။ အစွယ်ခဲဖွယ်=ကြာစွယ်

၄။ အညှောက်ခဲဘွယ်=ထန်း၊ ညှောက်စသည်
၅။ ပင်စည်ခဲဘွယ်=ကြံ-ကြာရိုး(ကြာရင်း)စသည်
၆။ အခေါက်ခဲဘွယ်= ကြံခွံ (သစ်ချိုခေါက်ကိုလည်း ယူသင့်သည်ထင်၏)
၇။ အရွက်ခဲဘွယ်=မှုံလာ–ဆလတ်စသည်
၈။ အပွင့်ခဲဘွယ်=ပန်းမုံလာ မလိုင်ဖူးစသည်
၉။ အသီးခဲဘွယ်=အုန်းသီး-သရက်သီးစသည်
၁၀။ အစေ့ခဲဘွယ်=ပဲလှော်-ကြာစေ့စသည်
၁၁။ အမှုန့်ခဲဘွယ်=ဂျုံမှုန့်-ဆန်မှုန့်စသည်
၁၁။ အစေးခဲဘွယ်=ဆေးကုလားမစသည်

ဆောင်=မြစ်-ဥ-စွယ်-ညှောက်၊ပင်-ခေါက်-ရွက်- ပွင့်၊သီးစေ့ဆင့်၊ စေးနှင့် မှုန့်ဆယ့်နှစ်။

---

ဘောဇဉ် ၅-ပါး။ ၁=ထမင်း။ ၂=ငါး။ ၃=အသား။ ၄=မယောမုံ့။ ၅=မုံ့လုံး။

၁။ သလေးစပါး၊ကောက်ရင်းကောက်ကြီးစပါး၊ ဂျုံစပါး၊ နတ်ကောက်စပါး၊ပြောင်း၊လူး၊ဆတ် ဤစပါး၇-မျိုး၏ ဆန်ကို ချက်သောထမင်းသည် ထမင်းဘောဇဉ်
၂။ ရေသတ္တဝါအသားဟူသမျှသည် ငါးဘောဇဉ်
၃။ ကုန်းသတ္တဝါအသားဟူသမျှသည် အသားဘောဇဉ်

၄။ စပါး ၇-မျိုးကို အမှုန့်ထောင်း၍ ပြုလုပ်အပ်သော ပေါက်ပေါက်ဆုပ်၊ အနှဆုပ်၊ ကရေကရာ၊ အမှုန့်၊ အခဲ အလုံး၊ အပြားဟူသော မုံ့လုံးသည် သတ္တု (မုံ့လုံး) ဘောဇဉ်

၅။ ဂျုံဟူသော ကုလားစပါးကိုပြုလုပ်အပ်သော ပေါင်မုံ့၊ ကိတ်မုံ့စသော မုံ့များသည် မုဿောမုံ့ဘောဇဉ်

ဆောင်=ထမင်း-ငါး-သား၊ မုံ့နှစ်ပါး၊ ငါးပါးဘောဇဉ်တည်း၊

ဤနေရာဝယ် မစားအပ်သော အသားကြီး ၁၀-မျိုးကိုလည်း သိအပ်သည်။

၁=လူသား။ ၂=ခွေးသား။ ၃=မြင်းသား။ ၄=ဆင်သား။ ၅=သစ်သား။ ၆=ခြင်္သေ့သား။ ၇=ကျားသား။ ၈=ဝံသား။ ၉=ခအောင်းသား။ ၁၀=မြွေသား။

မစားအပ်ခြင်းအကြောင်း=လူမှာ ဇာတ်ချင်းတူသောကြောင့် ဆင်၊ မြင်းတို့မှာ မင်းအင်္ဂါဖြစ်သော ကြောင့်၊ မြွေ၊ ခွေးတို့မှာ ရွံစရာ စက်ဆုတ်စရာကောင်းသော ကြောင့်၊ ခြင်္သေ့၊ သစ်၊ ကျား၊ ဝံ၊ အောင်းတို့မှာ သူတို့အသား စားမိကအနံ့ရ၍ရန်-အန္တရာယ်ပြုတတ်သောကြောင့်မစားအပ်။

ဤအသားကြီး ၁၀-မျိုးကို သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ မစားအပ်၊ စားက အပြစ်သင့်၏။ ဤ ၁၀-မျိုးမှာ အသားကိုသာ မစားအပ်သည်မဟုတ်၊ အရိုး- အမွေး- အရေ အသွေး-အသားတို့ကိုလည်း မသုံးဆောင်အပ်။

ဒုတိယအကြိမ်

အသား အသွေးစသည်သာမအပ်သည်။ အဆီမှာမူ လူဆီမှ လွဲလျှင် အကုန်အပ်သည်၊ နို့ရည်ကား လူနို့မှစ၍ အကုန် အပ်သည်ချည်း။

ဆောင်-လူ,ခွေး,မြင်း,ဆင်၊သစ်,ကျားလျှင်၊ခြသေ့ဝံ,အောင်း,မြွေ။
ရိုး,ရေ,သား,သွေး၊အမွေးတို့ပါ၊မသုံးရာ၊ဆယ်မြွာအမျိုးပေ။
လူမှာဇာတ်ချင်း၊ ဆင်,မြင်းမှာမူ၊ မင်းအင်္ဂါဖြစ်၊ ခြသေ့ သစ်ကျား၊ ဝံအောင်းများမူ၊ ဖြစ်ပွားရန်ဘေး၊ မြွေခွေးရွံ့ ဘွယ်၊ တားမြစ်ပယ်၊ မှတ်ဘွယ်ကြောင်းချက်တွေ။

ဥဒ္ဒိဿမံသ ၃-မျိုး။ ရဟန်းသာမဏေများသည် အသားကြီး ၁၀-မျိုးကိုသာ မစားအပ်သည်မဟုတ် သေး၊ ၁=ရဟန်း။ ၂=ရဟန်းမ။ ၃=သာမဏေ။ ၄=သာ မဏေမ။ ၅=သိက္ခာမာန်မဟုသောသီတင်းသုံး ဘော် ၅-ဦးတွင် တဦးဦးကိုကျွေးမွေးလှူဒါန်းဘို့ရည်ညွှန်းသတ်သော အသား ကိုလည်း မစားအပ်။

ဤသို့ ရည်ညွှန်းသတ်သော အသားမျိုးကို ဥဒ္ဒိဿမံသ-ဟု ခေါ်သည်။ တဦးဦးအတွက် ရည်ညွှန်းသတ်က သီတင်း သုံးဘော် ငါးယောက်လုံး မစားအပ်တော့ချေ။

၁။ မိမိကိုလှူဒါန်းရန် (သီတင်းသုံးဘော်ငါးဦးကို လှူဒါန်း ရန်)သတ်သည်ကိုမြင်လျှင် ဒိဋ္ဌဥဒ္ဒိဿမံသ
၂။ ကြားလျှင် သုတဥဒ္ဒိဿမံသ
၃။ ယုံမှားသက်ာမကင်းရှိလျှင် ပရိသင်္ကိတ ဥဒ္ဒိဿမံသ။
ဒုတိယအကြိမ်

ဤသို့ မြင်ကြားယုံမှား အစွန်း ၃-ပါး တပါးပါးရှိခဲ့သော် မစားအပ်။ သိလျက် စားလျှင်သော အပြစ်ရှိသည်။ မသိ၍ စားလျှင် အပြစ်မရှိ။

တဦးဦးကို ရည်၍သတ်သည် မှန်သော်လည်း ဒကာက လိမ်လည်သျောက်ထား၍ ရည်၍သတ်သော အသားမဟုတ်ဟု ယုံကြည်စားလျှင်လည်း အပြစ်မရှိ။

ဆောင်-သိတင်းငါးရပ်၊ ရည်၍သတ်၊ မအပ်ထိုအသား။
မြင်ခြင်းကြားခြင်း၊ ယုံမှားခြင်း၊ ကင်းစေစွန်းသုံးပါး။

နေ၀ ဒ၀ါယ ဖြင့်- ရွာသားလူငယ်ကဲ့သို့ မြူးတူးပျော်ရွှင် ကစားခြင်းငှာ ဆွမ်း စသည်ကို သုံးဆောင်သည်မဟုတ်ဟု သိစေသည်။

န မဒါယဖြင့်-လက်ဝှေ့သတ်သမား၊ နပမ်းလုံးသမားတို့ကဲ့သို့ ဗသမာန် ပုရိသမာန်ယစ်ခြင်းငှာ သုံးဆောင်သည်မဟုတ်ဟု သိစေသည်။

ခွန်အားကိုစွဲမှီ၍ဖြစ်သော ဝင့်ဝါထောင်လွှား မာန်ထွား ခြင်းကို ဗလမဒ(ဗလမာန်)ဟု ခေါ်သည်။

ငါကား ယောကျ်ားတည်းဟု ယောကျ်ားအဖြစ်ကို မှီ၍ ဖြစ်သော ဝင့်ဝါထောင်လွှား မာန်ယစ်ထွားခြင်းကို ပုရိသမဒ (ပုရိသမာန်)ဟု ခေါ်သည်။

ထိုဗလမာန် ပုရိသမာန်ဟူသော အကျိုးငှာ သုံးဆောင်သည် မဟုတ်-ဟူလို။

ဒုတိယအကြိမ်

**န မဏ္ဍနာယ**ဖြင့်– နန်းတွင်းသူတို့ကဲ့သို့ရင်း၊ပြည့်တန်းဆာမတို့ကဲ့သို့ရင်း အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှာ သုံးဆောင်သည် မဟုတ်ဟု သိစေသည်။

**န ဝိဘူသ**နာယဖြင့်-ဂျွမ်းဘားသမား ကချေသည်များကဲ့သို့ **အ**ရောင်**အ**ဆင်း ကြ**ည်**လင်တင့်တယ် ရှုချင်စဘွယ်ဖြစ်စေခြင်းငှာ သုံးဆောင်သည်မဟုတ်ဟု သိစေသည်။

ဤလေးပုဒ်တွင် (က) နေ၀ ဒ၀ါယ ဖြင့် မေ့ာဟပွား ကြောင်း ဥပနိဿယကို ပယ်သည်။ (ဒ၀–သည် မောဟကို ပွားစေ၏)

(ခ) န မဒါယဖြင့် ဒေါသပွားကြောင်း ဥပနိဿယကို ပယ်သည်။ (မဒ သည် ဒေါသကိုပွားစေတတ်၏) (ဂ) န မဏ္ဍနာယ န ဝိဘူသနာယ ၂-ပုဒ်ဖြင့် ရာဂပွါးကြောင်း ဥပနိဿယကို ပယ်သည်။ (မဏ္ဍနဝိဘူသနသည် ရာဂကို ပွားစေတတ်၏)

နေ၀ ဒ၀ါယစသော ဤလေးပါးကို ပဋိက္ခေပ(ပယ်အင်္ဂါ) ၄–ပါးဟု ဆိုသည်။

ယာ၀ဒေဝဣမဿကာယဿ ၌ ယာ၀ဒေ၀သည် စီ၀ရ ပစ္စဝေက္ခဏာ၌ကဲ့သို့ ဆွမ်းဘောဇဉ်ကို သုံးဆောင်ခြင်း၌ရသော အကျိုးတို့ကို ပိုင်းခြားပြသည်။

ဣမဿကာယဿဋ္ဌိတိယာ-၌ ကာယ ဟူသည် မဟာဘုတ် လေးပါးကိုမှီသော စတုသန္တတိ ရုပ်အပေါင်းတည်း။ ဋ္ဌိတိ ဟူသည် အစဉ်အဆက်အားဖြင့် (မကျမလဲ)တည်ခြင်းတည်း။

ဤမသကာယဿဒိုတိယာဖြင့် ဤရူပကာယ၏ (မကျမလဲဘဲ)အစဉ်မပြတ် တည်မတ်နိုင်ရုံအကျိုးငှာသာလျှင်ဤဆွမ်းစသော အာဟာရကို သုံးဆောင်သည်–ဟု ပြသည်။

ဥပမာ=အိမ်အိုကို မပြိုမလဲအောင် ကျားကန်သကဲ့သို့တည်း။
ဒ၀-မဒ- မဏ္ဍန- ဝိဘူသနအကျိုးငှာ မဟုတ်ဟု (ပယ်ကျိုးကိုလည်း)ပြသည်။

ယာပနာယ–၌ ယာပနာဟူသည် ဇီဝိတိန္ဒြေ၏ အရှိန်မသတ်မပြတ်ဖြစ်ခြင်းတည်း။ ဝါ-ရှည်ကြာသောကာလပတ်လုံး အာယုကပ်ဆုံးသည်တိုင်အောင် တည်ခြင်းတည်း။

ယာပနာယဖြင့်- ဇီဝိတိန္ဒြေဟူသော အသက်၏ မပြတ်ဆက်တည် ရှည်ကြာသောကာလပတ်လုံး၊ အာယုကပ်ဆုံးသည်တိုင်အောင် တည်ခြင်းအကျိုးငှာသာ ဆွမ်းစသော အာဟာရကို သုံးဆောင်သည်ဟု ပြသည်။ (ဒဝ-စသည်အကျိုးငှာမဟုတ်)

ဥပမာ=ကောင်းစွာလည်ပတ်ခြင်းငှာ လှည်း (ရထား) အိုကို လှည်းစာထိုးသကဲ့သို့တည်း၊ ဝါ-လှည်းဝင်ရိုးဆီ ထည့်သကဲ့သို့တည်း။

ရူပကာယ၏ တည်တန့်ခြင်းငှာ၊ ဇီဝိတိန္ဒြေ၏ ဖြစ်မြဲဖြစ်စဉ်မျှတခြင်းငှာ ဆွမ်းစသော အာဟာရကို မှီဝဲသုံးဆောင်သည်ဟူလို။

ဒုတိယအကြိမ်

**တနည်း**=ဋ္ဌိတိ-ဟူသည် ဇီဝိတိန္ဒြေဟူသော **အသက်**တည်း။ ရူပကာယ**၏** တည်တန့်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဇီဝိတိန္ဒြေသည် ဋ္ဌိတိမည်၏။

**ယာပနာ**-ဟူသည် မပြတ်ဖြစ်ခြင်းတည်း။

**ဤနည်း**အရ=ဤရူပကာယ၏ တည်တန့်ကြောင်း ဖြစ်သော ဇီဝိတိန္ဒြေ၏ မပြတ်**ဆက်ကာ** ဖြစ်ခြင်းငှာ သုံးဆောင်သည်-ဟု မှတ်ရမည်။

ဝိဟိံသူပရတိယာ-၌ ဆာလောင်ခြင်းသည် နှိပ်စက်**တတ်သော** အနက် ရောဂါဟူသောအနက်ကြောင့် ဝိဟိံသမည်၏။

ဧင်းပါဠိဖြင့်=နှိပ်စက်တတ်သော ဆာလောင်ခြင်းဟူသော အနာရောဂါကို ငြိမ်းအေးစေခြင်းငှာသာ သုံးဆောင်သည်ဟု ပြသည်။ (ဒဝ-စသည်အကျိုးငှာ မဟုတ်)၊

**ဥပမာ**=အိုင်းနာ (အိုင်းအမာ) ရှိသောသူသည် အမာလိမ်းဆေးကို မှီဝဲအသုံးပြုသကဲ့သို့ရင်း။

**အအေး**မိလျှင် အပူဆေး၊ အပူဝင်လျှင် **အအေး**ဆေးကို မှီဝဲသကဲ့သို့ရင်းတည်း။

ဗြဟ္မစရိယာနုဂ္ဂဟာယ-၌ ဗြဟ္မစရိယသည် ၁။ သာသန ဗြဟ္မစရိယ။ ၂။ မဂ္ဂဗြဟ္မစရိယဟု ၂-မျိုးရှိသည်၊

၁။ သာသနဗြဟ္မစရိယ ဟူသည် မဂ္ဂဗြဟ္မစရိယမှတပါး သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော အလုံးစုံသော ဗုဒ္ဓရှင်အဆုံးအမတော်များတည်း။

၂။ မဂ္ဂဗြဟ္မစရိယ ဟူသည် အရိယာမဂ် တည်းဟူသော မြတ်သောအကျင့်တည်း။

ဗြဟ္မစရိယာနုဂ္ဂဟာယဖြင့် ဆွမ်းစသော အာဟာရကို မှီဝဲခြင်းကြောင့်ရသော ကိုယ်အား၏ပြည့်စုံမှုကို အမှီပြု၍ နှစ်ပါးသော ဗြဟ္မစရိယကို ချီးမြှောက်ခြင်းငှာသာ သုံးဆောင်သည်ဟု ပြသည်။ (ဒဝ-စသည်အကျိုးငှာ မဟုတ်)

ဥပမာ=ကန္တာရခရီး၌ လွန်မြောက်ရန် မိမိသားသေအသားကို စားသောလင်မယားကဲ့သို့ရင်း။ မြစ်-သမုဒ္ဒရာ ကူးမြောက်ရန် လှေသင်္ဘောစီးသူတို့ကဲ့သို့ရင်းတည်း။

ဣတိပုရာဏဥ္စ ဝေဒနံ-၌ ပုရာဏဝေဒနာ (ဝေဒနာဟောင်း) ဟူသည် ဆာလောင်ခြင်းတည်း။ ဆာလောင်ခြင်းသည် ဆွမ်းစသော အာဟာရမစားမီရှေး၌ဖြစ်သောကြောင့် ပုရာဏဝေဒနာ (ဝေဒနာဟောင်း)မည်၏။

နဝဥ္စဝေဒနံ ၌ နဝဝေဒနာ(ဝေဒနာသစ်) ဟူသည် အတိုင်းအဆမရှိ အလွန်အကျွန်စားခြင်းကြောင့်ဖြစ်သော စားပိုးနင့်ခြင်းစသည်တည်း။ စားပိုးနင့်ခြင်းစသည်သည် ဆွမ်းစသော အာဟာရကို သုံးဆောင်ပြီးသည်မှနောက်၌ ဖြစ်သောကြောင့် နဝဝေဒနာ (ဝေဒနာသစ်)မည်၏။

ဒုတိယအကြိမ်

**ဝေဒနာသစ်ဥပမာ**— အတိုင်းအဆမရှိစားပြီး မိမိအလိုလို မထနိုင်၍ လက်ကိုဆွဲထူကြပါ–ဟု ပြောရအောင် စားသော (**အာဟရဟတ္ထက**)ပုဏ္ဏား။

**အစားကြူးကာ** ဗိုက်အလွန်အကျွန် ဖောင်းတင်းနေ၍ ပုဆိုးကိုပင် မဝတ်နိုင်အောင်စားသော (**အလံသာဋက**)ပုဏ္ဏား။

ဗိုက်လေးလွန်း၍ နေရာမှမထနိုင်ဘဲ စားရာဌာနမှာပင် လူးလှိမ့်နေရအောင်စားသော (တတြဝဋ္ဋက)ပုဏ္ဏား။

**အစာများ**ခံတွင်းဝဆိုက်၍ ကျီးနှိုက်စားမိအောင်စားသော (ကာကမာသက)ပုဏ္ဏား။

ဝမ်းဗိုက်မဆန့်မတန်အံပစ်ရအောင် စားသော(ဘုတ္တဝမိတက) ပုဏ္ဏားတို့ကဲ့သို့တည်း။

ဇာတိပုရာဏဥ္စ-ပ နဥပ္ပါဒေဿာမိဖြင့်ဆာလောင်ခြင်းဟူသော ဝေဒနာဟောင်း ပြေငြိမ်းစေပြီး၊ အတိုင်းအဆမရှိ စားခြင်း ကြောင့်ဖြစ်သော ဝေဒနာသစ်ကို မဖြစ်စေမူ၍သာလျှင် ဆွမ်း စသည်ကို သုံးဆောင်သည်ဟု ပြသည်။

ဥပမာ= လူနာသည် ဆေးကိုမှီဝဲသကဲ့သို့တည်း။

တနည်း= မစားရခြင်းကြောင့်ဖြစ်သော မဝေဒနာသည် ပုရာဏဝေဒနာမည်၏။ အစားလွန်ခြင်းကြောင့်ဖြစ်သော ဝေဒ နာသည် နဝ ဝေဒနာမည်၏။

တနည်း=မလျောက်ပတ်သောအစာကို သုံးဆောင်မိခြင်း၊ အတိုင်းထက်အလွန် စားခြင်းကိုမှီ၍ ရှေးကြမ္မာဟောင်းကြောင့် ဖြစ်သော ဝေဒနာသည် ပုရာဏဝေဒနာမည်၏။

ဒုတိယအကြိမ်

ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းကိုမှီ၍နေ၁င်အခါ အပယ်စသည်၌ ဖြစ်လတ္တံ့သော ဝေဒနာသည် နဝ ဝေဒနာ မည်၏။

ယာတြာ စ မေ ဘဝိဿတိ-၌ ယာ-တြာဟူသည် ရူပကာယ၏ ရှည်မြင့်စွာသောကာလသို့[ဝါ-အာယုကပ်ဆုံးသည်တိုင်အောင်] ရောက်နိုင်ခြင်းတည်း။ ဝါ–လျောင်း-ထိုင်-ရပ်-သွား ဟူသော ဣရိယာပုထ် လေးပါး မပျက်စီးဘဲ မပြတ်ဖြစ်ခြင်းမျှတခြင်း တည်း။

အတိုင်းအရှည်နှင့်ယှဉ်၍ ဝါ-မိမိဝမ်းနှင့်တန်ရုံ သုံးဆောင်သဖြင့် အသက်ဇီဝိပြတ်ခြင်း ဣရိယာပုထ်ပျက်စီးခြင်း မရှိခြင်းကြောင့် အကြောင်းနှင့်စပ်သော ဤရူပကာယသည် မပြတ်ဆက်တည် မျှတသည်–ဟူလို။

ယာပနာနှင့် ယာတြာအထူး။ ။အသက်ဟူသော ဇီဝိတိန္ဒြေ၏ မပြတ်ဖြစ်ခြင်း မျှတခြင်းကား ယာပနာတည်း။

ဣရိယာပုတ်လေးပါးလုံး၏ မပျက်မစီးဘဲ မျှတခြင်းကား ယာတြာတည်း၊ ဤသို့ထူး၏။

ယာတြာ စ မေ ဘဝိဿတိဖြင့် ငါ၏ ဤဆွမ်းစသည်ကို သုံးဆောင်ခြင်းသည် ဤရူပကာယ၏ ရှည်သောကာလတိုင် ရောက်နိုင်လတံ့၊ ဝါ–ဣရိယာပုထ်လေးဝ မပျက်အောင် မျှတသည်ဖြစ်လတံ့ဟု နှလုံးပြု၍သာ ဆွမ်းစသည်ကိုသုံးဆောင်သည်ဟု ပြသည်။

ဒုတိယအကြိမ်

ဥပမာ=ရပ်စောက်နာ၊ ဝါ-မတ်တတ်နာ၊ ဝါ-နာတာရှည်ရောဂါရှိသောသူသည် အနာရောဂါငြိမ်းကြောင်း ဆေးကို မှီဝဲသကဲ့သို့တည်း။

ငင်းနာတာရှည်ရောဂါသည် ဆေးကုစား၍ မပျောက်မကင်းနိုင်၊ မကုစားဘဲနေ၍လည်း မဖြစ်သောရောဂါတည်း။

(ဆေးစားသော်လည်း သက်သာရုံသာရှိသည် မပျောက်-ဟူလို)

အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ-၌ အနဝဇ္ဇတာ(အပြစ်မရှိခြင်း`ဟူသည် တရားသဖြင့် ပစ္စည်းလေးပါးကို ရှာဖွေခြင်း၊ တရားသဖြင့် ခံယူခြင်း၊ ဆင်ခြင်၍ သုံးဆောင်ခြင်းတည်း။ ဝါ-သုံးဆောင်ခြင်းကြောင့်အပြစ်မရှိခြင်းတည်း။ ဖာသုဝိဟာရ (ချမ်းသာစွာနေရခြင်း) ဟူသည် မိမိဝမ်းနှင့် သင့်တန်ရုံ သုံးဆောင်ခြင်းကြောင့်ဖြစ်သော ကိုယ်ချမ်းသာတည်း။

အနဝဇ္ဇတာ-၌ တရားသဖြင့်ရှာဖွေခြင်း ဆိုသည်မှာ ဗုဒ္ဓရှင်ချီးမွမ်းအပ်သော သမ္မာဇီဝ (မှန်ကန်သော အသက်မွေးဝမ်းကြောင်း)ဖြင့် ရှာဖွေခြင်းတည်း။ (အပြန်အားဖြင့် ဗုဒ္ဓရှင်စက်ဆုပ်ကဲ့ရဲ့အပ်သော ကုလဒူသန အနေသနစသော မိစ္ဆာဇီဝ (မှားသောအသက်မွေးဝမ်းကြောင်း) ဖြင့် ရှာဖွေခြင်းကို မတရားရှာဖွေခြင်းဟု သိလေ)

တရားသဖြင့်ခံယူခြင်းဆိုသည်မှာ ဒါယကာ၏ငင်း၊ ပစ္စည်းဝတ္ထု၏ငင်း၊ မိမိ၏ငင်း အတိုင်းအရှည်ကိုသိ၍ ခံယူခြင်း၊ သဒ္ဓါဒေယျပစ္စည်းကို မပျက်မစီးစေဘဲ ခံယူခြင်းတို့ဘည်း [အပြန်အားဖြင့် မတရားသဖြင့် ခံယူခြင်းကိုသိ]

ဆင်ခြင်၍ သုံးဆောင်ခြင်း ဆိုသည်မှာ=ပစ္စည်းသုံးဆောင်ခြင်း အကြောင်းကို ဉာဏ်ပညာဖြင့် သက်ဝင်ဆင်ခြင်၍ သုံးဆောင်ခြင်းတည်း။ (အပြန်ကို မဆင်ခြင်ဘဲ သုံးဆောင်ပိုမှတ်)။

ဤနေရာ၌ ကုလဒူသန အနေသနတရားတို့ကိုလည်း သိသင့် သိထိုက်၍ ထုတ်ပြပေဦးအံ့။

ကုလ ဒူသန ၈–ပါး။ ၁=သစ်သီးပေးခြင်း။ ၂=ပန်းပေးခြင်း။ ၃=မျက်နှာချေ(ပေါင်ဒါမှုန့်)ပေးခြင်း။ ၄=မြေညက်ပေးခြင်း။ ၅=ဝါး ပေးခြင်း။ ၆=ဒန်ပူပေးခြင်း။ ၇=စေခိုင်းရာသို့ ခြေဖြင့်သွားခြင်း။ ၈=ဆေးကုခြင်း။

ဤ ၈–ပါးသည် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲဟူသော အမျိုးလေးပါးတို့၏ သဒ္ဓါတရားကို ဖျက်ဆီးကြောင်း ဝတ္ထုများ ဖြစ်သောကြောင့် ကုလ ဒူသနဝတ္ထု မည်၏။
ဆောင်=ပန်း-သီး-မှုန့်-မြေ၊ ဝါး-ပူ–ခြေ၊ ဝေဇ္ဇဒူရှစ်ဖြာ။

အနေသန ၂၁-ပါး။ ၁=မျက်နှာသစ်ရေပေးခြင်း။ ၂=ဆွမ်းတို့ပေးခြင်း။ ၃=သစ်ရွက်ပေးခြင်း။ ၄=ရေချိုးဆပ်ပြာမှုန့်ပေးခြင်း။ ၅=ကလေး ချီထိန်းခြင်း။ ၆=ပဲဟင်းအလား အမှန်နည်းပါး၍ အမှားများသောစကားကို ဆိုခြင်း။ ၇=ချစ်ခင်အောင် ခင်ဗျားကျွန်တော် စသည်ဖြင့် အောက်ကျို့စကားဆိုခြင်း။ ၈=အနီး၌ ခိုင်းစေရာခံခြင်း။

၉=စာတမန်ပြုလုပ်ခြင်း။ ၁၀=ဘူမိနက်သန့်မြေကြန့်အတတ်ဖြင့် ဟောစားခြင်း။ ၁၁=သယ်ယာ၏ အကျိုးအပြစ်ကို သိသောအတတ်ဖြင့် ဟောစားခြင်း။ ၁၂=အင်္ဂဝိဇ္ဇာအတတ်၊ ရုပ်လက္ခဏာအတတ်ဖြင့် ဟောခြင်း။ ၁၃=နက္ခတ်တာရာ ဂြိုဟ်စီးဂြိုဟ်နင်းအတတ်ဖြင့် ဟောခြင်း။

ဤ ၁၃ ပါးနှင့် ရှေး၌ပြခဲ့သော ကုလ ဒူသန ၈-ပါး ပေါင်းက အနေသန ၂၁-ပါးဖြစ်လေသည်။

အနေသန ဟူသည် မအပ်မစပ်သော မရှာမှီးသင့်သော နည်းဖြင့် ပစ္စည်းလေးပါးကို ရှာဖွေခြင်းတည်း။

ဤသို့ ကုလဒူသန ၈-ပါး၊ အနေသန ၂၁-ပါးတို့ဖြင့် ပစ္စည်းရှာဖွေခြင်းကို မတရားရှာဖွေခြင်းဟုဆိုသည်။

ပိဏ္ဍပါတ ပစ္စဝေက္ခဏာ၌ အင်္ဂါ ၁၀-ပါး။

၁။ နေဝ ဒဝါယ
၂။ န မဒါယ
၃။ န မဏ္ဍနာယ
၄။ န ဝိဘူသနာယ [ဤလေးပါးသည် ပဋိက္ခေပ အင်္ဂါတည်း။
၅။ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ
၆။ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ
၇။ ဣတိ ပုရာဏဉ္စ-ပ-န ဥပ္ပါဒေဿာမိ

ဒုတိယအကြိမ်

**၈**။ ယာတြာ စ မေ ဘဝိဿတိ
[ဤအင်္ဂါလေးပါးကား **ဂဟေတဗ္ဗ**တည်း]
၉။ **အနဝဇ္ဇတာ စ**
၁၀။ ဖာသုဝိဟာရော စ
(ဤ ၂—ပါးကား ဘောဇနာနိသံသတည်း)

---

## ၃-သေနာသန ပစ္စဝေက္ခဏာ

**သေနာသနံ ပဋိသေဝါမိ**-၌ သေနဟူသည် လျောင်းအိပ်ရာ ကျောင်း-ကုဋီ-နေရာ အမျိုးမျိုးတည်း။

**အာသန**ဟူသည် နေထိုင်ရာ **ကျောင်း**၊ ကုဋီ၊ နေရာ၊ ညောင် **စောင်း** စသည် အမျိုးမျိုးတည်း။

**သေနာသန**အရ လျောင်းစက်နေထိုင်ရာ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ခုတင်၊ အင်းပျဉ်၊ မွေ့ရာ၊ အိပ်ခင်း ထိုင်ခင်း၊ ဖျာသင်ဖြူး၊ ခြင်ထောင်၊ ကုလားထိုင်၊ စားပွဲ၊ သစ်ပင်ရင်း၊ ဂူ-စသည် ယူရ၏။

ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ-၌ သီတ ဥဏှဟူသော ဥတုသည် နှိပ်စက်တတ်သောကြောင့် ပရိဿယ မည်၏။

**နှိပ်စက်ပုံ**=မလျောက်ပတ်သော ဥတုသည် ကိုယ်ကိုနာကျင် အောင်၊ စိတ်ပျံ့လွင့်**အောင်** ပြုလုပ်နှိပ်စက်၏။

ဒုတိယအကြိမ်

ထိုသို့ နှိပ်စက်တတ်သော ဥတုဘေးရန်ကို လုံခြုံသော ကျောင်းအိပ်ရာနေရာစသည်ကို မှီဝဲခြင်းဖြင့် ပယ်ဖျောက်ရသည်၊ ကျောင်းအိပ်ရာနေရာကို မှီဝဲရသည်-ဟူလို။

**ပယ်ဖျောက်ဟူသည်**= မဖြစ်သေးသည်ကို မဖြစ်အောင် ပေါ်ပေါက်မလာအောင် တားဆီးခြင်း၊ ကာကွယ်ခြင်း၊ ဖြစ်ပြီးသည်ကို ငြိမ်းအေးကွယ်ပျောက်စေခြင်းတည်း။

အထူးထူးသောအာရုံမှ ရုပ်သိမ်း၍ တခုတည်းသော ကမ္မဋ္ဌာန်းအာရုံ၌သာလျှင် စိတ်၏ကပ်ငြိခြင်း (စိတ်ကိုထားခြင်း) သည် ပဋိသလ္လာန မည်၏၊

ထိုသို့ ထိုထိုအာရုံမှ ရုပ်သိမ်း၍ တခုတည်းသောအာရုံ၀ယ် စိတ်ကိုထားခြင်း၌ မွေ့လျော်ခြင်းသည် ပဋိသလ္လာနာရာမ မည်၏။

ဆိတ်ငြိမ်သော ကျောင်းသည် (ဆိတ်ငြိမ်ခြင်းကြောင့်) ယောဂီပုဂ္ဂိုလ်တို့ တရားအားထုတ်ခြင်းငှာ လျောက်ပတ်၏။ ။ ထို့ကြောင့် ကမ္မဋ္ဌာန်း၌ စိတ်ကိုထားခြင်း၌ မွေ့လျော်နိုင်ရုံ၊ ဝါ-အပေါင်းအသင်းနှင့် ကိလေသာအဖော်မရှိ တယောက်တည်း ကိန်းအောင်းခြင်း၌ ချမ်းသာမွေ့လျော်ခြင်း အကျိုးငှာသာလျှင် ကျောင်းကိုမှီဝဲသည် ဟူလို။

ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထံ-ဖြင့် ဥတုဘေးရန်ကို ပယ်ဖျောက်နိုင်ရုံ၊ အပေါင်းအသင်းနှင့် ကိလေသာအဖော်မှဖဲ၍ တယောက်တည်းကိန်းအောင်းခြင်း၌ မွေ့လျော်နိုင်ရုံ

အကျိုးငှာသာလျှင် ကျောင်းအိပ်ရာနေရာကို မှီဝဲသုံးဆောင်သည်ဟု–ပြသည်။ (တင့်တယ်စမ္မာယ်ခြင်း၊ တန်းဆာဆင်ခြင်း စသောအကျိုးငှာသုံးဆောင်သည်မဟုတ်ဟုလည်း[ပယ်ကျိုးကို]ပြသည်)။

ဥတုပရိဿယ ပ မဏ္ဍ သည် ကျောင်းကိုမှီဝဲရာ၌ ကိန်းသေမြဲသော အကျိုး ဖြစ်၏။ သီတာဿစသည်ကား စီဝရပစ္စဝေက္ခဏာ၌ကဲ့သို့ တရံတခါသာဖြစ်သော 'မမြဲသော)အကျိုးများတည်း။ (စီဝရမှာကဲ့သို့ပင် ယာဝ ဒေဝ ဂ ပြ၏)

တနည်း ဥတုပရိဿယ အဓိပ္ပာယ်။ ။ဥတုအရ အမြဲမပြတ်နှိပ်စက်တတ်သော သီတုဏှ ဥတုကိုရ၏၊

ပရိ ဿယ အရ ဘေးရန်သည် ၂-မျိုးရှိသည်၊ ၎င်းတို့မှာ=

၁။ ပါကဋပရိဿယ (ခြင်္သေ့၊ သစ်၊ကျားစသော ထင်ရှားသောဘေးရန်)

၂။ အပါကဋပရိဿယ=(ရာဂ၊ ဒေါသစသော မထင်ရှားသောဘေးရန်)ဖြစ်သည်။

ဘေးရန်ဖြစ်ပုံ=ဟင်းလင်းပြင် သစ်ပင်ရင်းစသည်၌နေသောရဟန်းအား အကာအကွယ် လုံခြုံမှုမရှိခြင်းကြောင့် ရန်ပြုတတ်သော ခြင်္သေ့၊ သစ်၊ ကျားစသော တိရစ္ဆာန်တို့တွေ့ကဘေးရန်ပြု၏။ (ဤကား ထင်ရှားသော ဘေးရန်ဖြစ်ပုံတည်း)

ဒုတိယအကြိမ်

ပတ်ဝန်းကျင် မလုံခြုံ၍ မလျောက်ပတ်သော အာရုံကို မြင်ခြင်းစသည်ကြောင့် ရာဂ-ဒေါသ-မောဟ ကြသော-စသော တရားဆိုးတို့ ဖြစ်ပွားကပ်ရောက်၍ ယောဂီရဟန်းကို နှိပ်စက်၏ (ဤကား မတင်ရှားသောဘေးရန် ဖြစ်ပုံတည်း)

---

## ၄-ဘေသဇ္ဇပစ္စဝေက္ခဏာ

ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ-၌ ဂိလာနပစ္စယ- ဟူသည် အနာရောဂါ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းတည်း။ ဝါ-အနာ ရောဂါကို ပျောက်စေခြင်းပင်တည်း ဘေသဇ္ဇ ဟူသည် ဆီ၊ ပျား၊ တင်လဲစသည်တည်း။ ထိုဆီပျားစသည်သည် ဆေးဆရာ၏ စီရင်ဖော်စပ် ခွင့်ပေးပြုလုပ်အပ်သောကြောင့် ဘေသဇ္ဇမည်၏။

ထိုဘေသဇ္ဇသည် အသက်ကို ဖျက်ဆီးတတ်သော အနာ ရောဂါကို ဖြစ်ခွင့်မပေးဘဲ တားမြစ်ခြာပယ် ကာကွယ်စောင့် ရှောက်ဘတ်၍ အရံအတားသဘွယ် ဖြစ်သောကြော မရိက္ခာရ မည်၏။

တနည်း=အသက်တန်း ဆုံးသည်တိုင်အောင် တည်ခြင်း၏ အကြောင်းဖြစ်၍ အဆောက်အဦသဘွယ် ဖြစ်သော ကြောင့် ပရိက္ခာရမည်၏။

ဘေသဇ္ဇပရိက္ခာရအရ=သတ္တာဟကာလိက ယာဝဇီဝိက ဝတ္ထု များအပြင် ယာမကာလိကဝတ္ထုများကိုပါသူ။

ဒုတိယအကြိမ်

ဤနေရာဝယ် ကာလိကလေးပါးကိုလည်း သိသင့်သည်--
၁။ ယာဝကာလိက ၂။ ယာမကာလိက
၃။ သတ္တာဟကာလိက ၄။ ယာဝဇီဝိက-ဟူ၍ ကာလိက ၄-ပါးရှိသည်။

၁။ **ယာဝကာလိက**။ နံနက်အရုဏ်တက်မှ မွန်းတည့်ချိန်အထိ **အပ်သော** (ဝါ= အရပ်ဒေသတိုင်း၌ **အာဟာရကိစ္စအဖြစ်** စားသုံးနေကျဖြစ်သော) ခဲဘွယ် ဘောဇဉ်များသည် **ယာဝကာလိက** မည်၏။

စပါး ၇-မျိုး၊ သီးကြီး ၆-လုံး၊ သရက်သီးစသော အသီးငယ်များအပြင် အရပ်ဒေသတိုင်း၌ အာဟာရ **ကိစ္စအဖြစ် စားသုံး**ကြသော အသီးအရွက် **စားသောက်** ဘွယ် ဟူသမျှသည် ယာဝကာလိကမည်၊

ဆောင်-ယာဝ-ယာမ၊ သတ္တာဟ၊ ယာဝ ဇီဝိကာ။
မွန်းတည့်ရုံမျှ အပ်တုံက၊ ယာဝကာလိကာ။
အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊စားရိုးကျ၊ ယာဝကာလိကာ။

ထိုယာဝကာလိက ဝတ္ထုများကို သုံးဆောင်ပြီးက ပါးစပ်၊ သွားတို့ကို စင်ကြယ်အောင် ဆေးကြော သုတ်သင်ရသည်။ (ဒန်ပူစား၊ သွားတိုက်ရသည်) မဆေးကြော၍ သွားကြား စသည်၌ အာမိသကျန်က နေလွဲအခါ ဝမ်းထဲမျိုမိက ဝိကာလ ဘောဇန သိက္ခာပုဒ်အရ အပြစ်ဖြစ်သည်။

ဒုတိယအကြိမ်

**ယာမကာလိက**=ယနေ့အရုဏ်မှ နောက်ဘနေ့အရုဏ်အထိ အပ်သောအဖျော်ရည်များသည် ယာမကာလိကမည်၏။ အဖျော် ၈-ပါးနှင့် ရှောက်-မကျည်းစသော အနုလောမအဖျော်များသည် ယာမကာလိက ဝတ္ထုများတည်း။

**အဖျော် ၈-ပါး**။ ၁=သပြေသီးအဖျော်၊ ၂= သရက်သီးအဖျော်။ ၃=သပြက်သီး(မုဒရက်သီး)အဖျော်။ ၄=ဖက်သက်သီ အဖျော် (ခေါင်းလျှော်ရသောအသီးတည်း) ၅=သစ်မည်ဇည်သီးအဖျော် (မယ်ဇယ်သီးတည်း)။ ၆=အိမ်ငှက်ပြော်သီးအဖျော်။ ၇=တောငှက်ပြောသီးအဖျော်။ ၈=ကြာစွယ်အဖျော်။

ဆောင်=သပြေ-သရက်၊နွယ်သပြက်၊ ဖက်သက်-သစ်မည်ဇည်။
တော-အိမ်ငှက်ပြော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်။
ရှောက်-မန်ကျည်းစ၊ နုလောမ၊ လျှော်လှအဖျော်ရည်။

ရှောက်သီး၊ မန်ကျည်းသီးစသော အဖျော်များကို အနုလောမအဖျော်ဟုခေါ်၏။ သောက်သုံးကောင်း၏၊

ထိုအသီးများကို ရေမရောဘဲ ဇာတိရသအတိုင်း မသောက်အပ်၊ ရေရောမှ အပ်၏။ ယာဝကာလိကဝတ္ထုမှ ဇာတိရသများလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

ကြံရည်၊ပျားရည်၊တင်လဲရည်တို့၌လည်း ရေရောမှ အဖျော်ကိစ္စအပ်သည်။ရေမရောက သတ္တာဟကာလိကအတိုင်းဖြစ်သည်။

ဒုတိယအကြိမ်

(ရေနွေးအနေချက်၊ သောက်အပ်လျက်၊ မီးချက်မအပ်ပြီ) ဆိုသည့်အတိုင်း အဖျော်ဘူသမျှ အစိမ်းအတိုင်းသော်ရင်း၊ နေပြင့်ချက်၍သော်ရင်း သောက်အပ်၏ မီးချက်ကား မအပ်၊

ယာဝကာလိက ဝတ္ထုဖြင့် အဖျော်ရည်ပြုလုပ်ရာ၌ အဖတ်အနယ်ဟူ၍ မုန်ညင်းစေ့ခန့်မျှ မပါရ၊ ပါလျှင် မအပ်ပြီ၊ အရေကြည်သက်သက်သာ ဖြစ်စေရသည်။

ယာဝဇီဝိက ဝတ္ထုဖြင့် အဖျော်ပြုလုပ်ရာ၌ကား အဖတ်အနယ်ပါသော်လည်း အပ်လေသည်။

အဖျော်ပအပ်သော ဝတ္ထုများ။ ၁=ထန်းသီး။ ၂=အုန်းသီး။
၃=အိမ်ပိန္နဲ။ ၄=တောင်ပိန္နဲ။
၅=ဘူး။ ၆=ဖရုံ။ ၇=သခွားငဆစ်။ ၈=သခွားပြုတ်။
၉=သခွားကြောင်-ဟူသော သီးကြီးကိုးလုံးအပြင်

ပဲမျိုး စပါး ၇-မျိုးနှင့် ကြိတ်စပါး စသော အခလျော် စပါးများ အဖျော်ရည်ပြုလုပ်၍ မသုံးဆောင်အပ်။

ဆောင်-ထန်း အုန်းနှစ်ကွဲ၊ ပိန္နဲနှစ်ပုံ၊ ဘူး-ဖရုံ၊ မှတ်တုံသုံ သခွား။
သီးကြီးကိုးပါး၊ ပဲမျိုးများ၊ စပါးခုနှစ်မည်။
အခလျော်စပါး၊ လေးမျိုးအားလုံး၊ ရှောင်ရှားအဖျော်ရည်။

ပြဆိုခဲ့ပြီးသော အဖျော်များကို မဆာဘဲ(ညအခါ၌) မသုံးဆောင်ကောင်း၊ ဆာလောင်မှသာ သုံးဆောင်အပ်သည်။ ဤကား ယနေ့အရုဏ်မှ နောက်နေ့အရုဏ်တက်အထိအပ်သော ယာမကာလိကအကြောင်းတည်း။

ဆောင်-နောက်အရုဏ်မျှ အပ်တုံက၊ ယာမကာလိကာ။

ဒုတိယအကြိမ်

**သတ္တာဟကာလိက**- ၇-ရက် ပတ်လုံးထား၍ သုံးဆောင်ကောင်း သောထောပတ်စသောဆေးငါးပါးသည် **သတ္တာဟကာလိက** မည်၏။

၁=ထောပတ်။ ၂=ဆီ။ ၃=ပျားရည်။ ၄=ဆီဦး။ ၅=တင်လဲ ဟူသော လျက်ဘွယ်ဆေးငါးပါးသည် သတ္တာဟကာလိက ဝတ္ထုဖြစ်သည်။

ဆောင်-၇-ရက်မျှ၊ အပ်တုံက၊ သတ္တာဟကာလိကာ။
ထော-ဆီ-ဆီ-ပျား၊ တင်လဲအာ၊ ငါးပါးသတ္တာဟာ။

**ယာဝဇီဝိက**=အသက်ထက်ဆုံး (ဂိလာနအကြောင်းရှိက) သုံးဆောင်ရန်အပ်သော လေးညှင်း ဆီးဖြူစသော ဝတ္ထုများသည် **ယာဝဇီဝိက** ဝတ္ထု မည်၏။

ယာဝဇီဝိကဝတ္ထုမှာ ထိုထိုအရပ်ဒေသတို့၌ ပကတိ အစာ အာဟာရအနေဖြင့် စားသောက်ရိုးမရှိသော ဆီးဖြူရှစ်ရွား သဖန်းခါးစသည်ဖြင့် များပြားလှပေသည်။

ဆောင်-တသက်လုံးမျှ၊ အပ်တုံက၊ ယာဝဇီဝိကာ။
အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ မစားကြ ယာဝဇီဝိကာ၊
ဆီးဖြူရှိရွား၊ သဖန်းခါး၊ များ၏အနန္တာ။

(သုံးကာလိက၊ နေလွဲည၊ နာမှအပ်သည်သာ။ ရေရော ဂုဠ၊ သောက်အပ်လှ၊ ဆာမှဆော်ခြင်ကာ) ဆိုသည့်အတိုင်း ယာမ သတ္တာဟ၊ ယာဝဇီဝိကသုံးခုသည် ဝိကာလ နေလွဲအခါ (ညအခါ)တို့၌ ပိပါသ ဂေလညအကြောင်းရှိမှ သုံးဆောင်

အပ်သည်၊ အကြောင်းမရှိက ဒုက္ခအပြစ်သင့်၏။ ထန်းလျက် သကာခဲတို့ကိုလည်း အတုံးအခဲလိုက် မစားအပ်၊ ရေဖျော်မှ အပ်၏။ တင်လဲလည်း ရေရောမှပင် အပ်သည်။

ကာလိကဝတ္ထုလေးပါးတွင် ယာဝကာလိကဝတ္ထုသည် အတိုဆုံးဖြစ်သည်၊ ထို့ထက် ယာမကာလိက ရှည်၏၊ ထို့ထက် သတ္တာဟကာလိကရှည်၏၊ ယာဝဇီဝိကမှာအရှည်ဆုံးဖြစ်သည်။ ယာဝဇီဝိကသည် အတိုဆုံးဖြစ်သော ယာဝကာလိကနှင့် ရောမိ ပေါင်းမိက အတိုယာဝကာလိက ဖြစ်သွား၏။

ဥပမာ=ဖန်းခါးသီးကို ဟင်းလျာပြုလုပ်က ယာဝဇီဝိကမဟုတ်တော့ဘဲ ယာဝကာလိက ဖြစ်သွားသည်။

ဥပမာထပ်မံပြရမူ=မနေ့က အကပ်ခံထားသောဆားကို ယနေ့ အကပ်ခံသောဆွမ်းနှင့်ရောလျှင် ထိုဆားသည် မနေ့က အကပ်ခံထားသော ယာဝကာလိက သဘွယ်ဖြစ်ကာ ထိုဆွမ်းကို မစားအပ်တော့ချေ။ ဤသို့ အတိုအရှည် ရောမိပေါင်းမိရာ၌ အရှည်သည် အတိုဘက်သို့ ပါရမြဲ ဖြစ်လေသည်။

ဆောင်–အတိုအရှေ၊ ရောမိချေ၊ အရှေ တိုဘက်ပါ။

ပြဆိုခဲ့ပြီး ဆေးပစ္စည်းများကို ဂေလညအကြောင်းရှိမှ သုံးဆောင်အပ်သည်။ ဂေလညအကြောင်းရှိမှဟု ဆိုသော်လည်း အနာနှင့် မလျော်ရာဆေးကို မသုံးဆောင်ရ၊ လျော်ရာဆေး ကိုသာ သုံးဆောင်ရသည်။

ဒုတိယအကြိမ်

**ဥပမာ**-ဖျားနေလျှင် အဖျားပျောက်ဆေးကိုသာ သုံးဆောင်ရသည်၊ အစာကြေဆေး မသုံးဆောင်ရ၊ အနာနှင့် မလျော်သည်ကို သုံးဆောင်က အပြစ်ဖြစ်သည်။

**ဆေးပစ္စည်းသည်**- ၁=အတွင်းအသုံးအဆောင်မျိုး။ ၂=အပ အသုံးအဆောင်မျိုးဟု ၂-မျိုးရှိသည်။

၁။ ဝမ်းထဲသို့ရောက်ရန် သောက်မျိုအပ်သော ဆေးဝတ္ထုမျိုးသည် အတွင်းအသုံးအဆောင်မျိုးမည်၏။

၂။ လည်ချောင်းမှအပ ကိုယ်အင်္ဂါတို့၌ လိမ်းကျံခြင်းစသည်ဖြင့် သုံးဆောင်အပ်သော ဆေးဝတ္ထုမျိုးသည် အပအသုံးအဆောင်မျိုးမည်၏။

ခံတွင်း(ပါးစပ်)သည် အပအင်္ဂါ၌ပါသဖြင့် ဝမ်းတွင်းသို့ မျိုရန်မဟုတ်ဘဲ ခံတွင်း၌သာ ငုံရန်၊ ဝါးရန်၊ သွားနာသိပ်ရန် ဝတ္ထုမျိုးသည်လည်း အပအသုံးအဆောင်မည်၏။

လည်ချောင်းတွင်းသို့ မပင်အောင် တတ်စွမ်းနိုင်ပါက သား၊ ငါး၊ အမဲတို့ကိုပင် နေလွဲအခါ ခံတွင်းမှာထည့်ဝါး၍ လျှာအရသာခံစားခြင်းငှာ အပ်သည်၊ ဗာဟိရ (အပအင်္ဂါ) အသုံးအဆောင်ဖြစ်၍ ဝိကာလအရ အပြစ်မရှိ။

ဥပ္ပန္နာနံ ဝေဒနာနံ ပဋိဃာတာယ = ဥပ္ပန္န (ဖြစ်ပြီးသော) ဝေဒနာ ဟူသည်- အကြောင်းထင်ရှားပြီးဖြစ်၍ ဖြစ်ပြီးဝေဒနာနှင့် တူသော ဖြစ်ဆဲသော ဝေဒနာပင်တည်း။

ဖြစ်ပြီးသောဝေဒနာမှာ ဥပါဒ်၌-ဘင်စေ့တ အလိုလို ချုပ်ပြီးဖြစ်၍ ဥပ္ပန္နဟုဆိုသော်လည်း မယူရတော့၊ ဆေးဖြင့် တားမြစ်ကုသဘွယ် မလိုတော့သောကြောင့်တည်း။

ဝေယျာဗာဓိကာနံ၌ ဗျာဗာဓဟူသည် ခန္ဓာကိုယ်၌ ဓာတ် ၄-ပါးချောက်ချားဖောက်ပြန်ခြင်း၊ ထိုဓာတ်လေးပါးချောက် ချားခြင်းကြောင့်ဖြစ်သော နူနာ အိုင်းနာစသော ရောဂါများ တည်း။

ဓာတ်ချောက်ချားခြင်း၊ ထိုဓာတ် ချောက်ချားမှုကြောင့် ဖြစ်သော အနာရောဂါတို့သည် နှိပ်စက်တတ်သောကြောင့် ဗျာဗာဓ မည်၏။

ဝေဒနာနံ-၌ ဝေဒနာဟူသည် အကုသလဝိပါက်ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်း။

ဓာတ်ချောက်ချားခြင်း၊ ထိုဓာတ် ချောက်ချားခြင်းလျှင် အကြောင်းရှိသော အနာရောဂါတို့ကြောင့်ဖြစ်သော ဆင်းရဲ ဝေဒနာသည် ဝေယျာဗာဓိကဝေဒနာ မည်၏။

ပဋိဃာတာယ=(ပယ်ဖျောက်) ဟူသည် နာကျင်မှု၊ စိတ် နောက်ကျုမှုကို ပယ်ဖျောက်ခြင်းတည်း၊ (ရောဂါဖြစ်က ကိုယ်၏နာကျင်မှု စိတ်၏နောက်ကျု ဆင်းရဲမှု ဖြစ်၏။ ထိုကို ပယ်ဖျောက်ရန် ဆေးမှီဝဲသည်-ဟူလို)

အဗျာပဇ္ဈပရမတာယ-၌ အဗျာပဇ္ဈဟူသည် ဆင်းရဲကင်းကွာ ချမ်းသာခြင်းတည်း။ဝါ-နှိပ်စက်တတ်သော အနာရောဂါ မရှိသ ဖြင့်အနာရောဂါကြောင့်ဖြစ်သောဆင်းရဲမှုကင်းငြိမ်းခြင်းတည်း။

အဗျာပဇ္ဇပရမတာယ ဖြင့် ဆင်းရဲကင်းကွာ ကျန်းမာချမ်းသာခြင်း အတိုင်းအရှည်တိုင်ရုံ အကျိုးငှာသာ ဆေးဝါးကို မှီဝဲသည်ဟု ပြသည်။

ဗေယဇ္ဇပစ္စယပရိက္ခာရ ယာဝဒေဝ ဥပ္ပန္နာနံ–ပ–ပရိယာ တာယ ဖြင့် ဖြစ်ဆဲပစ္စုပ္ပန် အနာရောဂါအတွက် ဆေးကို သုံးစွဲရာ၌ ဆင်ခြင်ရန်ပြသည်။

အဗျာပဇ္ဇပရမတာယ-ဖြင့် နောင်ဖြစ်သတ္တံ့သော အနာရောဂါကို မဖြစ်မီကြိုတင်ကာကွယ်ရန် ဆေးကိုမှီဝဲရာ၌ ဆင်ခြင်ရန်ပြသည်။

သက်နှံးစသော ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းကြောင့် သတ္တဝါတို့သည် တည်ကုန် ဖြစ်ကုန် မျှတကုန်၏။ ထို့ကြောင့် သက်နှံးစသည်သည် ပစ္စယ=ပစ္စည်းမည်၏။

ပစ္စဝေက္ခဏာ အဓိပ္ပါယ်ပြီး၏

---

ပစ္စည်းလေးပါးနှင့်စပ်၍ သုံးဆောင်ခြင်း ပရိဘောဂကို လည်း နားလည်သိမှတ်ထားသင့်သည်၊ သို့ဖြစ်၍ ပရိဘောဂ ၄–ပါးကို ပြဦးအံ့။

ပရိဘောဂ ၄ ပါး

ပစ္စည်းလေးပါးကို သုံးဆောင်ခြင်း (ပရိဘောဂ)သည်=

၁=ထေယျပရိဘောဂ။ ၂=ဣဏပရိဘောဂ။ ၃=ဒါယဇ္ဇပရိဘောဂ။ ၄=သာမိပရိဘောဂ–ဟူ၍ ၄–မျိုးရှိ၏။

ဒုတိယအကြိမ်

၁။ ဒုဿီလ(သီလမရှိသော) ရဟန်းသာမဏေတို့၏ ပစ္စည်းလေးပါးသုံးဆောင်ခြင်းသည် ခိုးယူ စားသုံးသည်နှင့် တူသောကြောင့် ထေယျပရိဘောဂ မည်၏။

မြတ်စွာဘုရားသည် သီလဝန္တပုဂ္ဂိုလ်တို့အားသာ ပစ္စည်းလေးပါးကို ခွင့်ပြု၏။ ဒုဿီလတို့အား ခွင့်မပြု။ ဒါယကာတို့ကလည်း သီလဝန္တပုဂ္ဂိုလ်တို့အားသာ ပေးလှူ၏၊ ဒုဿီလကို မလှူ၊ ထိုသို့ဗုဒ္ဓရှင်က ခွင့်မပြုသောကြောင့်၎င်း၊ ဒါယကာတို့က မလှူအပ်သောကြောင့်၎င်း၊ ဒုဿီလတို့၏ ပစ္စည်းလေးပါး သုံးဆောင်ခြင်းသည် ထေယျပရိဘောဂဖြစ်လေ၏။

၂။ သီလဝန္တပုဂ္ဂိုလ်တို့၏ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ကြွေးယူချေးငှားစားသည်နှင့် တူသောကြောင့် ဣဏပရိဘောဂ မည်၏။

သီလနှင့် ပြည့်စုံသော်လည်း သုံးဆောင်ရခြင်း၏အကြောင်းကိုမဆင်ခြင်ဘဲ ရလတ္တံ့သောအကျိုးကို မဆင်ခြင်ဘဲ သုံးဆောင်ခြင်းကြောင့် ကြွေးယူစားသည်နှင့် တူလေ၏၊ ဣဏပရိဘောဂ ဖြစ်လေ၏။

ထို့ကြောင့် အောက်ထစ်ဆုံး(အနည်းဆုံး) အားဖြင့် တနေ့ တကြိမ် ဆင်ခြင်၍ သုံးဆောင်ရသည်။

၃။ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ပစ္စည်းသုံးဆောင်ခြင်းသည် အမွေရသူ(အမွေခံ)အဖြစ်ဖြင့် သုံးဆောင်သည်နှင့် တူသောကြောင့် ဒါယဇ္ဇပရိဘောဂ မည်၏။

ဒုတိယအကြိမ်

ရဟန်းသာမဏေများသည် မြတ်စွာဘုရား၏ သားတော်များ ဖြစ်၍ ဒါယကာတို့လှူဒါန်းသော ပစ္စည်းပင်ဖြစ်သော်လည်း မြတ်စွာဘုရားခွင့်ပြု၍သာ သုံးစွဲရသဖြင့် မြတ်စွာဘုရားပစ္စည်း သာဖြစ်၍ အမွေခံသုံးစားကြရ၏။ သို့ဖြစ်၍ သေက္ခပုဂ္ဂိုလ်များ၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂဖြစ်လေသည်။

၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးသုံးဆောင်ခြင်းသည် ပိုင်ရှင်အဖြစ်ဖြင့် သုံးဆောင်သည်နှင့် တူသောကြောင့် သာမိပရိဘောဂ မည်၏။

အာသဝေါ ကုန်ခမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်များသည် တဏှာ့ကျွန်အဖြစ်ကို လွန်မြောက်ကြပြီးဖြစ်၍ အရှင်သခင်များ ဖြစ်ကြ၏။ ထို့ကြောင့် ရဟန္တာအရှင်များ၏ သုံးဆောင်ခြင်း သည် သာမိပရိဘောဂဖြစ်၏။

သီလဝန္တ အနုပုထုဇ္ဇဉ် ကလျာဏပုထုဇ္ဇဉ်တို့၏ ပစ္စည်း လေးပါးကို ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ဒါယကာတို့၏ စိတ်နှလုံးကို မချွတ်ယွင်းစေဘဲ ပြည့်စုံစေသဖြင့် ကြွေးမြီကင်း သော သုံးဆောင်ခြင်းဖြစ်သောကြောင့် အာဏဏျပရိဘောဂ မည်၏။ ဒါယဇ္ဇပရိဘောဂ၌ သွင်းယူရ၏။

ဒါယဇ္ဇပရိဘောဂ၊ သာမိပရိဘောဂ ၂-ပါးလုံးကို ပုထုဇ္ဇဉ်ပုဂ္ဂိုလ်များသည်လည်း ဥပစာအားဖြင့် ရ၏။

သလ္လေခ(ခေါင်းပါးခြိုးခြံသော)အကျင့်ရှိသောပုထုဇဉ်သည် ပစ္စည်းလေးပါး၌ ကပ်ငြိမှုမရှိဘဲ သုံးဆောင်သောကြောင့် သာမိပရိဘောဂဖြစ်၏။

ကလျာဏပုထုဇဉ်ကို သေက္ခပုဂ္ဂိုလ်များ၌ သွင်းယူရေတွက်ရသောကြောင့် ဒါယဇ္ဇပရိဘောဂဟု ဆိုရသည်။

ဆောင်=ထေယျ-ဣဏ၊ ဒါယဇ္ဇနှင့်၊ ပိုင်လှသာမိ၊ လေးခုရှိ၊
ပရိဘောဂတည်း။

သုံးဆောင်ရာ၌ ဆင်ခြင်ရာကာလ=

(က) သင်္ကန်းကို ကိုယ်မှလွတ်၍ ဝတ်ရုံတိုင်း [ပြင်ဆင်ရန်းတိုင်း] ဆင်ခြင်ရမည်။ သင်္ကန်းကိုခင်း၍ ထိုင်ရာ၊ အိပ်ရာနှင့် ဒုဿကုဋိကို သုံးဆောင်ရာ၌လည်း စီဝရပစ္စဝေက္ခဏာကိုပင် ဆင်ခြင်ရသည်။

(ခ) ဆွမ်းခဲဘွယ်ကို ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း [ခဲစားတိုင်း] ဆင်ခြင်ရမည်။

(ဂ) ကျောင်းကို ဝင်တိုင်း ထွက်တိုင်း အိပ်တိုင်း ထိုင်တိုင်း ဆင်ခြင်ရမည်။

(ဃ) ဆေးပစ္စည်းကိုမူ အကပ်ခံရာ၌ရင်း၊ သုံးဆောင်မှီဝဲရာ၌ရင်း ဆင်ခြင်ရသည်၊ ခံယူရာသာ ဆင်ခြင်၍ သုံးဆောင်ရာ၌ မဆင်ခြင်က အပြစ်ဖြစ်၏။ ခံယူရာ၌ မဆင်ခြင်ဘဲ သုံးဆောင်ရာ၌ ဆင်ခြင်က အပြစ်မရှိ။ အကပ်ခံရာ၌ ဆင်ခြင်ခြင်းသည် ဂိလာနသညာကို ဖြစ်စေခြင်း အကျိုးရှိ၏။ သုံးဆောင်ရာ၌ ဆင်ခြင်ခြင်းသည် ဣဏပရိဘောဂမှ လွတ်စေခြင်းအကျိုးရှိ၏။

ဒုတိယအကြိမ်

သက်န်း-ဆွမ်း-ကျောင်းတို့ကို သုံးဆောင်တိုင်း မဆင်ခြင် နိုင်က အယုတ်ဆုံး တနေ့တကြိမ် (အရုဏ်မတက်မီ) ဆင်ခြင် ရသည်၊ မဆင်ခြင်မိဘဲ အရုဏ်လာက ဣဏပရိဘောဂ ဖြစ်တော့သည်။

ဆေးပစ္စည်းကိုမူ ခံယူစဉ် သုံးဆောင်စဉ်၌သာ ဆင်ခြင် ရသည်။ မဆင်ခြင်မိက အပြစ်ဖြစ်၏။ ဣဏပရိဘောဂမူ မဖြစ်သေး။ သုံးဆောင်စဉ်ကလည်း မဆင်ခြင်မိ၊ အယုတ်ဆုံး တနေ့တကြိမ်လည်း မဆင်ခြင်မိက ဣဏပရိဘောဂ ဖြစ်တော့ သည်။

ရေသည် ကာလိကဝိမုတ်(ကာလိက ၄-ပါးလွတ်) ဖြစ်သော် လည်း သုံးဆောင်သောအခါ (ချိုး၊သောက် သုံးဆောင်သော အခါ) ဘေသဇ္ဇပစ္စဝေက္ခဏာကို ဆင်ခြင်ရသည်။ (ရေသည် မှုမှန်မပါက "စစ်ထားပြီးက" ကာလိက ၄-မျိုးလုံးမှ လွတ်သည်၊ မှုမှန်ပါလျှင်ကား ယာဝဇီဝိကဖြစ်၏။ ရဟန်း ဆိုက အကပ်ခံပြီးမှ သောက်အပ်တော့သည်၊ မြူမပါက အကပ်ခံဘွယ်မလို)။

ပရိဘောဂ ၄-ပါးပြီး၏

---

## လိင် ၁၀-ပါး အဓိပ္ပါယ်

ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ ဆိုသည်မှာ ဗုရားမဟုတ်၊ ပူဇော် အထူးကို မခံထိုက်၊ အလုံးစုံကို မသိ စသည်ဖြင့် ဗုရားရှင်၏ ဂုဏ်တော်ကို ညှိုးနွမ်းစေရန် အပြစ်ပြောခြင်းတည်း။

ဒုတိယအကြိမ်

ဝမ္မဿ အဝဏ္ဏံ ဘာသတိ–ဆိုသည်မှာ မကောင်းသဖြင့် ဟောထားသောတရားများ၊ ကျင့်သော်လည်း အကျိုးမပြီး အချည်းနှီး။ မဂ်–ဖိုလ်မရနိုင်၊ သံသရာမှ မလွတ်မြောက်နိုင် စသည်ဖြင့် တရားတော်၏အပြစ်ကို ပြောခြင်းတည်း။

သံဃဿ အဝဏ္ဏံ ဘာသတိ-ဟူသည် သံဃာများသည် တရားကို ကောင်းစွာကျင့်သူများ မဟုတ်ကြ၊ အချောင်သမား များဘည်း စသည်ဖြင့် သံဃာတော်၏အပြစ်ကို ပြောခြင်း တည်း။

ဤသို့ ရတနာ ၃–ပါး၏အပြစ်ကိုပြောသော သာမဏေကို ၃-ကြိမ်တိုင်အောင် ဆရာသမားက ဆုံးမသွန်သင်ရမည်၊ ၃-ကြိမ် တိုင်အောင် ဆုံးမ၍မရမှ အသွင်ကိုဖျက် လူထွက်စေရမည်။

အပြစ်ပြောစဉ်ကပင် လိင်ကျပြီးဖြစ်သော်လည်း ဆုံးမသွန် သင်ပြုပြင်၍ရက အသင်ဖျက်ဆီးရန်မလိုဘဲ သရဏဂုံထပ်မံယူ၍ ရှင်သာမဏေကောင်းဖြစ်နိုင်သည်၊ သို့ဖြစ်၍ ၃-ကြိမ်တိုင်အောင် ဆုံးမရသည်။

မိစ္ဆာဒိဋ္ဌိကော ဟောတိ-၌ မိစ္ဆာဒိဋ္ဌိဖြစ်ပုံမှာ ကိုယ်သည်၊ လောကသည်၊ တစုံတယောက်သည် မြဲ၏ဟု ယူခြင်း၊ ဤဘဝမှ သေလျှင် ပြတ်တော့သည်၊ တမလွန်မရှိဟု ယူခြင်းစသည်တည်း။ ဤသို့ မှားယွင်းသော သဿတစသောအယူကို ယူသည့် သာမဏေကို အသွင်ကိုဖျက် လူထွက်စေရမည်။

ဒုတိယအကြိမ်

မိစ္ဆာဒိဋ္ဌိဖြစ်သော သာမဏေကိုလည်း ၃–ကြိမ်တိုင် အယူစွန့်ရန် သွန်သင်ဆုံးမ၍ မရမှ အသွင်ကိုဖျက်ရမည်၊ လိင်ကျသည်မှာကား အယူမှားစဉ်ကပင် ကျပြီးဖြစ်သည်။

**ဘိက္ခုနီ ဒူသကော ဟောတိ**-၌ ဘိက္ခုနီ ဒူသကဆိုသည်မှာ ရဟန်းအမကို အဓမ္မမေထုန်မှုပြု၍ ဖျက်ဆီးခြင်းတည်း။

ဘိက္ခုနီကို အတင်းအဓမ္မ လူဝတ်လဲစေပြီး ဖျက်ဆီးလျှင်လည်း ဘိက္ခုနီဒူသကပင်ဖြစ်သည်။ အဓမ္မလူဝတ်လဲစေရာ၌ သဘောတူသာယာသော ဘိက္ခုနီကို ဖျက်ဆီးရာ၌ကား ဘိက္ခုနီဒူသကမဖြစ်၊ အကြောင်းကား လူအဖြစ်လူအသွင်ကို သာယာဆဲ ခဏမှာပင် ဘိက္ခုနီမဟုတ်တော့သောကြောင့်တည်း။

ဘိက္ခုနီဒူသကသိက္ခာပုဒ်မှာ အဗြဟ္မစရိယသိက္ခာပုဒ်၌ အတွင်းဝင်ပြီးဖြစ်သော်လည်း အဗြဟ္မစရိယသိက္ခာပုဒ်ကို လွန်ကျူးသော သာမဏေမှာ စောင့်စည်း၍ ကောင်းစွာနေက ရှင်သာမဏေအဖြစ်သာမက ရဟန်းအဖြစ်ကိုပင် ရယူခွင့်ရှိ၍။

ဘိက္ခုနီဒူသကမှာမူ ရဟန်းအဖြစ်ကို မဆိုထားဘိ ရှင်သာမဏေအဖြစ်ကိုပင် ထပ်မံမရနိုင်တော့ဟု သာမဏေရပါရာဇိက သိက္ခာပုဒ်အဖြစ် သိစေလို၍ သီးခြားပညတ်တော်မူ၏။

**သာမဏေရ ပါရာဇိက ၄-ပါး**၊ ။ဘိက္ခုနီဒူသနအမှုနှင့် ထေယျသံဝါသ ၃-မျိုးမှာ လွန်ကျူးမိက ရှင်သာမဏေအဖြစ်မှ ဆုံးရှုံးရသောကြောင့် (ရှင်အဖြစ်ကို ထပ်မံမရထိုက်တော့သောကြောင့်) သာမဏေရ ပါရာဇိကဟု ဆိုကြ၏။

ဤနေရာဝယ် အဘဗ္ဗပုဂ္ဂိုလ် (ရှင်ရဟန်းအဖြစ်မရထိုက်သူ) ၁၁-ယောက်ကို သိသင့်သိထိုက်သည်။

ရှင်မပြုကောင်းသူ (အဘဗ္ဗပုဂ္ဂိုလ်) ၁၁ ယောက်
၁=ပဏ္ဍုက် ၂=ထေယျသံဝါသက ၃=တိတ္ထိယပက္ကန္တက
၄=တိရစ္ဆာန် ၅=အဖသတ်သူ ၆=အမိသတ်သူ
၇=ရဟန္တာသတ်သူ ၈=ဗုဒ္ဓရှင်ကိုသွေးစိမ်းတည်စေသူ
၉=သံဃာသင်းခွဲသူ ၁၀=ဘိက္ခုနီဒူသက
၁၁=ဥဘတောဗျည်း ဤ ၁၁-ယောက်ကို (ရှင်အဖြစ် ရဟန်းအဖြစ်ကို မရထိုက်သောကြောင့် အဘဗ္ဗပုဂ္ဂိုလ်ဟု ဆိုရ၏။

ဆောင်-ပဏ်-ထေ-ပက်- ဆာန်၊ ပဥ္စာနန်၊ ဒူသံဥဘောဗျည်း။
ရှင်မပြုရ၊ အဘဗ္ဗ၊ မှတ်ကြဆယ့်တစ်တည်း။

ထိုတွင် ပဏ္ဍုက်သည် ၅-မျိုးရှိသည်=

၁။ အာသိတ္တပဏ္ဍုက်=(သူတပါးအင်္ဂါကို ပါးစပ်ဖြင့်စုပ်၍ သုက်ကိုသောက်ရမှ ကိလေသာငြိမ်းသူ)
၂။ ဥဿူယပဏ္ဍုက်= (သူတပါးတို့၏ လွန်ကျူးမှုကို မြင်သော် ငြူစူမှုဖြင့် ကိလေသာငြိမ်းသူ)
၃။ ဩပက္ကမိကပဏ္ဍုက်=(လုံ့လဖြင့် အစေ့ထုတ်ထားသူ)
၄။ ပက္ခပဏ္ဍုက်= (တပက္ခ၌ ကိလေသာပူပန်၍ တပက္ခ၌ ကိလေသာငြိမ်းသူ)
၅။ နပုံးပဏ္ဍုက်=(ယောကျ်ားအင်္ဂါ မိန်းမအင်္ဂါ မပါသူ)

ဆောင်-အာ-ဥ-ဩ-ပက်၊ နပုံးစွက်၊ ငါးချက်ပဏ္ဍုက်လာ။

ဒုတိယအကြိမ်

ထိုပဏ္ဏ ၅-မျိုးတွင် အာသိတ္တနှင့် ဥဿူယမှာ ရဟန်းပင် ခံကောင်းသည်၊ ပက္ခပဏ္ဍုက်မှာ ပုပန်ငြိမ်းသောပက္ခ၌ ရှင် ရဟန်းဖြစ်ထိုက်၏၊ ဩပက္ကမိကနှင့် နပုံးမှာ လုံးဝမအပ်။ ထို့ကြောင့် အဘဗ္ဗပဏ္ဍုက်မှာ ဩပက္ကမိကနှင့် နပုံးပဏ္ဍုက်သာ ဖြစ်သည်ဟု သိလေ။

**ထေယျသံဝါသက ၃ မျိုး။** ၁=လိင်္ဂထေနက (ရဟန်းအသွင် သာမဏေအသွင်ကိုသာ ခိုးယူသူ)

၂။ သံဝါသထေနက= (ဝါရေတွက်၍ ရဟန်းတို့နှင့် ပေါင်းသင်းဆက်ဆံမှုခိုးသူ)

၃။ ဥဘယ ထေနက=(၂-မျိုးလုံး ခိုးသူ)

ခိုးသောအားဖြင့် ပေါင်းသင်းဆက်ဆံနေထိုင်ခြင်းကို ထေယျ သံဝါသက-ဟု ခေါ်၏။

၁။ လိင်္ဂထေနက။ ။ဆရာဥပဇ္ဈာယ်မရှိဘဲ မိမိဘာသာ သင်္ကန်းဝတ်လာသူသည် ရဟန်း သာမဏေအသွင်ကို ခိုးယူရာရောက်သောကြောင့် လိင်္ဂ ထေနက ဖြစ်၏။ ဝါရေတွက်ခြင်း ပေါင်းသင်းခြင်း မပြုက သံဝါသ ထေနက မဖြစ်။

ဆောင်=ရဟန်းတော်များ၊ မပေးငြားဘဲ၊ လျောက်လှားကိုယ်စိုး ရှင်လုပ်မျိုး၊ လိင်ခိုးပါရာစီ။

ဒုတိယအကြိမ်

ကပ်ဘေး၊ မင်းဘေး၊ ရန်သူဘေး၊ ခိုးသူဓားပြဘေး၊ ကန္တာရ ခရီးခဲဘေး မိမိ၌ စွဲကပ်ရှိနေသော ရောဂါဘေးဟူသော အကြောင်းရှိမှု ထိုဘေးတို့မှလွတ်ရန် မိမိဘာသာ သင်္ကန်းဝတ် သော်လည်း အပြစ်မရှိ၊ သို့သော် ထိုဘေးငြိမ်းက သာမဏေစစ်၊ ရဟန်းစစ်ဖြစ်အောင် လုပ်ရသည်။ သို့မဟုတ် လိင်ခိုး လိင် ထေနကဖြစ်၏။

ဆောင်- ကပ်-မင်း–ရန်သူ၊ ခိုးသူ- ဓားပြ၊ ကန္တာရ၊ ရောဂအစပ် ကြောင်း ရှိ။

၂။ သံဝါသ ထေနက။ ။ကပ်ဘေးစသော အကြောင်း ရှိ၍ ဝတ်ပြီးက သာမဏေ ကောင်း ရဟန်းကောင်းတို့နှင့် တွေ့သောအခါ ဟုတ် မှန်တိုင်း အကြောင်းစုံကို ပြောကြားလျှောက်ထားရ မည်။ ထိုသို့မလျှောက်ထားဘဲ ပေါင်းသင်းဆက်ဆံ ကံကြီး,ကံငယ်စသည်ပြုက ပေါင်းသင်းဆက်ဆံမှုခိုးခြင်း ကြောင့် သံဝါသ ထေနကဖြစ်၏။

ဆောင်-အကြောင်းရှိ၍၊ ဝတ်မိပြီးခါ၊ သာမဏေကောင်း၊ ရဟန်း ကောင်းနှင့်၊ ပေါင်းဖော်တမျိုး၊ စိတ်မရိုး၊ ထေရ်ခိုးပါရောဗီ။

ကပ်ဘေး စသည်ကြောင့် ဝတ်လာသူမဟုတ်ဘဲ ဆရာ ဥပဇ္ဈာယ်တို့ဖြင့် သင်္ကန်းဝတ်ခဲ့သော သာမဏေသည်လည်း ရဟန်းများနှင့်တွေ့သောအခါ ရဟန်းဟု ဝန်ခံ၍ ဝါရေတွက် ခြင်း၊ ရှိခိုးခြင်း စသည်ကို ပြုလုပ်သာယာက သံဝါသ ထေနကပင် ဖြစ်၏။

၃။ ဥဘယ ထေနက။ ။ကပ်ဘေးစသည်အကြောင်းမရှိဘဲ မိမိဘာသာ သင်္ကန်းဝတ်ပြီးလျှင် ရဟန်း (သာမဏေ) ဟု ဝန်ခံကာ ဝါရေတွက်ခြင်း၊ ကံကြီး,ကံငယ်ပြုခြင်းကို ပြုလုပ်က အသင်္ချေ ပေါင်း ဖော်ခြင်းပါ ခိုးယူရာ ရောက်သောကြောင့် ဥဘယ ထေနက မည်၏။

ဆောင်—မိမိဘာသာ၊ဝတ်ပြီးခါဖြင့်၊ ဝါရေတွက်ချိုး၊ပေါင်းဖော်ခိုး၊ ၂-မျိုးပါရာဇိ၊

သာမဏေကောင်းသည် သာမဏေအသွင်၌တည်၍ မေထုန် မှီဝဲသော်ရှင်း၊ ပြန်ဝတ်မည်ဟု သင်္ကန်း၌ ငဲ့ကွက်ခြင်းရှိလျက် သင်္ကန်းတို့ကို ချွတ်ပယ်၍ မေထုန်မှီဝဲပြီးမှ သင်္ကန်းကို ပြန်ဝတ် သော်ရှင်း လိင်သာကျသည်၊ လိင်ထေနကမဖြစ်။

ပြန်ဝတ်ဦးမည်ဟု သင်္ကန်း၌ ငဲ့ကွက်မှုမရှိဘဲ သင်္ကန်းကို ပယ်၍ အဝတ်ဖြင့်ဖြစ်စေ အဝတ်မပါဘဲဖြစ်စေ မေထုန်မှီဝဲပြီး ၍ မိမိဘာသာပြန်ဝတ်က လိင်ထေနကဖြစ်၏။

လူထွက်လိုစိတ်ဖြင့် သင်္ကန်းကို ခါးတောင်းကျိုက်၍ဖြစ်စေ၊ လူဝတ်နည်းတမျိုးမျိုးကိုဖြစ်စေ ဝတ်ကာ"ငါ၏လူဝတ်ကြောင် အသွင် တင့်တယ် မတင့်တယ်"ဟု စုံစမ်းရုံ စုံစမ်း၏၊ လိင် ထေနက မဖြစ်သေး၊ တင့်တယ်၏ဟု ဆုံးဖြတ် ကျေနပ်လိုက်က အသင်ခိုးပါရာဇိကကျတော့၏။ (ထို့ကြောင့် ရှင်သာမဏေ များ ခါးတောင်းမကျိုက်မိစေရန် အထူးသတိထားသင့်၏)။

ဒုတိယအကြိမ်

လူထွက်လိုစိတ်ဖြင့် သင်္ကန်းကိုပယ်၍ အခြားအဝတ်ကို ဝတ်ကာ ဂရု နည်းတူပြုလုပ်၏၊ စုံစမ်းရုံဖြစ်က အသင်ခိုးမဖြစ်သေး၊ လူ့အသင်ကို ဝန်ခံကျေနပ်ပြီးမှ ပြန်ဝတ်က လိင်ခိုးပင်ဖြစ်၏။ (သင်္ကန်းပေါ်မှ လူ့ဝတ်ကို ဝတ်ရာ၌ကား ဒုက်)။

ပါရာဇိကကျသောရဟန်းသည် ရှင်ဖြစ်ခွင့် ရနိုင်သော်လည်း အသင်ခိုးပေါင်းဖော်ခိုး၍ သေနကဖြစ်သော သာမဏေမှုကား ရဟန်းအဖြစ်မဆိုထားဘိ သာမဏေပင် ပြန်ဝတ်ခွင့်မရှိတော့။ (ထို့ကြောင့် သာမဏေရပါရာဇိက ၄-ပါးရှိကြောင်း ရှေ့က ပြခဲ့ပြီ)။

တိတ္ထိယ ပက္ကန္တက။ ။ရဟန်းဖြစ်လျက် သာသနာပ တိတ္ထိတို့၏ အယူကို နှစ်သက်၍ တိတ္ထိတို့၏ အသင်ကိုယူခြင်းတည်း။

အနန္တရိယကံထိုက်သူ ငါးယောက်။ ။၁=မာတုဃာတက (လူဇာတ်ဖြစ်သော မိခင်ကို သတ်သူ)။ ၂=ပိတုဃာတက= (လူဇာတ်ဖြစ်သော ဖခင်ကို သတ်သူ)။ ၃=အရဟန္တဃာတက= (ရဟန္တာကိုသတ်သူ)။ ၄=လောဟိတုပ္ပါဒက=(မြတ်စွာဗုဒ္ဓကိုသွေးစိမ်းတည်အောင်ပြုသူ)။ ၅=သံဃဘေဒက=သံဃာကိုသင်းခွဲသူ ဤငါးယောက်သည် ရှင်အဖြစ်ရော ရဟန်းအဖြစ်ပါ မရထိုက်၊ သို့ဖြစ်၍ ဤငါးပါးကို လူပါရာဇိက ငါးပါးဟု ခေါ်၏။

ဆောင်-မိ-ဘ-ရဟန္တာ၊ သတ်သုံးဖြာ၊ သံဃာသင်းခွဲမှု။
သွေးစိမ်းတည်စေ၊ ဤငါးထွေ၊ ရှုံးလေရှင်ဖြစ်မှု။

ဒုတိယအကြိမ်

**တိရစ္ဆာန်**–အရ လူယောင်ဆောင်နိုင်သော နဂါး၊ ဂဠုန် များနှင့် နတ်များကိုပါ ယူရသည်။

**ဥဘတောဗျည်းဆိုသည်မှာ**= ယောကျ်ားနိမိတ်၊ မိန်းမနိမိတ် ၂-ခုလုံးပါရှိသောသူကိုခေါ်သည်။

ဥဘတောဗျည်းသည်၊ ၁=ယောကျ်ား ဥဘတောဗျည်း။ ၂=မိန်းမ ဥဘတောဗျည်းဟု ၂–မျိုးရှိသည်။ မိန်းမစိတ်ဖြင့် ယောကျ်ားထံကပ်၍ မေထုန်မှီဝဲသောအခါ ယောကျ်ားအင်္ဂါ ကွယ်ပြီး မိန်းမအင်္ဂါထင်ရှားဖြစ်သည်။ ယောကျ်ားစိတ်ဖြင့် မိန်းမထံမေထုန်မှီဝဲသောအခါ မိန်းမအင်္ဂါကွယ်ပြီး ယောကျ်ား အင်္ဂါပေါ်၏။

ယောကျ်ားဥဘတောဗျည်းသည် သူတပါးကိုသာ သားမျိုး ပေးနိုင်၍၊ မိမိက သားမျိုးမယူနိုင်။ ဝါ= ကိုယ်ဝန်မရနိုင်။ မိန်းမဥဘတောဗျည်းသည် သူတပါးကိုလည်း သားမျိုးပေး နိုင်၍ မိမိလည်း ယူနိုင်သည်။ ဝါ=ကိုယ်ဝန်ဆောင်ကာ မွေး ဖွားနိုင်၏။ ဤ ၂–မျိုးလုံး ရှင်အဖြစ် ရဟန်းအဖြစ် မရ ထိုက်။

အဘဗ္ဗ ၁၁–ယောက်တွင်(က) ပဏ္ဍုက်၊ တိရစ္ဆာန်၊ ဥဘ တောဗျည်း ဤသုံးယောက်သည် ဝတ္ထုချွတ်ယွင်းသောကြောင့် ရှင်ရဟန်းမဖြစ်ထိုက်။

(ခ) ထေယျသံဝါသက၊ တိတ္ထိယ ပက္ကန္တက၊ ဘိက္ခုနီ ဒူသကနှင့် ပဉ္စာနန္တရိယကံထိုက်သူငါးယောက်၊ (ပေါင်း ၈– ယောက်)မှာ အပြုအကျင့် ဖောက်ပြန်ချွတ်ယွင်းသောကြောင့် ရှင်ရဟန်းမဖြစ်ထိုက်၊

ဒုတိယအကြိမ်

သာမဏေရေ နာသေတဗ္ဗာဒ္ဒနာသန = ဖျက်ဆီးခြင်းသည် ၃-မျိုးရှိ၏။

၁။ လိင်္ဂနာသန=အသင်္ကန်းကိုဖျက် လူထွက်စေခြင်း

၂၊ သံဝါသနာသန=အတူနေခွင့်မပြုဘဲ နှင်ထုတ် (ဖျက်ဆီး)ခြင်း

၃။ ဒဏ္ဍကမ္မနာသန=ဒဏ်ပေးခြင်း။ ဤသုံးမျိုးတွင် ဤနေရာ၌ နာသနအရ လိင်္ဂနာသနကို ယူရမည်။

သူ့အသက်ကို သတ်ခြင်းစသော သိက္ခာပုဒ် တပါးပါးကို ကျူးလွန်သည်နှင့်တပြိုင်နက်၊ ဝါ=လိင်ကျသည်နှင့်တပြိုင်နက်-

၁=ရှေးကယူထားသော သရဏဂုံ ၃-ပါးသည်၎င်း။ ၂=ဥပဇ္ဈာယ်ယူမှုသည်၎င်း။ ၃=နေထိုင်ဘို့ရာ ခံယူထားသော ကျောင်းအိပ်ရာနေရာ ခံယူမှုသည်၎င်း ငြိမ်းစဲသွားတော့သည်။

၄=သံဃိကလာဘ်ဟူသမျှကိုလည်း မရတော့။ ၅=အသင်္ကန်း တခုမျှသာ ကြွင်းတော့၏။ လိင်ကျသောသာမဏေသည် အပြစ်များသူ၊ အမှုပွေ့သူ၊ နောင် စောင့်စည်းမည့်သူ မဟုတ်က ထပ်မံ သရဏဂုံ ပေးရန်မလို၊ တခါတည်း နှင်ထုတ်ရမည်။

စောင့်စည်းမည့်သူဖြစ်က အသင်္ကန်းကိုမဖျက်ဘဲ သရဏဂုံကို၎င်း၊ ဥပဇ္ဈာယ်ကို၎င်း အသစ်ထပ်မံယူစေရမည်။

လိင်=ဟူသော မြန်မာစကားသည် လိင်္ဂဟူသော ပါဠိမှ [ပါဠိဂ္ဂနုသာရိနည်းအားဖြင့်] ဖြစ်ပေါ်လာသော စကားဖြစ်

သည် အသွင်အပြင်ဟု အနက်ရ၏။ ထို (သာမဏေ)အသွင်ကို ဖျက်၍ လူဝတ်လဲရအောင် ပြစ်မှုကျူးလွန်ခြင်းကို၊ ဝါ =သာမဏေ လိင်အသွင် လျောကျအောင် ပြစ်မှုပြုခြင်းကို လိင်ကျသည်ဟု ခေါ်သည်။

## လိင် ၁၀-ပါးပြီး၏

---

## ဒဏ် ၁၀-ပါး အနိပ္ပါယ်

ဒဏ္ဍကမ္မံ **ကာတဗ္ဗံ**-၌ မကောင်းသောရဟန်းသာမဏေတို့ကို ဆုံးမနှိပ်ကွပ်ကြောင်းဖြစ်သောကြောင့် ဒဏ်မည်၏။

ဆုံးမကြောင်းဖြစ်သောအမှုသည် ဒဏ္ဍကမ္မမည်၏။

ဒဏ္ဍကမ္မများကား=နေမြဲကျောင်းသို့ မလာရဟု တားမြစ်ခြင်း၊ သဲ-ဆောင်ယူစေခြင်း၊ ထင်း-သယ်စေခြင်း၊ ရေခပ်စေခြင်းစသည်များတည်း။

သဲဒဏ် ၅–ခေါက်ဆမ်းရမည် စသည်ဖြင့် အပြစ်ပေးမှု နှိပ်ကွပ်ဆုံးမမှုကို ဒဏ်ပေးသည်ဟု ခေါ်သည်။ ထိုသို့ ဒဏ်ပေးထိုက်အောင်၊ ဝါ ဒဏ်ပေးခံရလောက်အောင် အပြစ်ပြုလုပ်ခြင်းကို ဒဏ်ထိုက်သည်ဟု ခေါ်သည်။

ဒဏ်အမှုပြုစေရာ၌၊ ဝါ= ဒဏ်ပေးရာ၌–

နှောင်ရှောင်ကြဉ်လိမ့်မည်၊ ကောင်းစွာကျင့်သူ၊ သီလစောင့်သူ ဖြစ်လာလိမ့်မည်ဟူသော ကြင်နာစောင့်ရှောက်မှုဖြင့်

ပြုစေရ(ဒဏ်ပေးရ)မည်၊ ပျက်စီးသွားစေရန်၊ လူထွက်သွားစေရန် စသော မကောင်းသော ရည်ရွယ်ချက်ဖြင့်ကား မပြုစေရ၊ (ဒဏ်မပေးရ)။

ဘိက္ခုနီ အလာဘာယ ပရိသက္ကတိ=ဟူသည် ရဟန်းသံဃာတော်များကို ဆွမ်းသက်န်းစသည် မလှူဒါန်းချင်အောင် ပြောပေါ်နှောက်ယှက်ခြင်းတည်း။

ဘိက္ခုနီ အာဝါသာယ ပရိသက္ကတိ=ဟူသည် နေမြဲကျောင်း၌ မနေနိုင်အောင်၊ တစုံတခုသောအပြစ်ကြောင့် ထိုကျောင်းမှ ထွက်ခွာသွားရအောင် အာထုတ်ခြင်းတည်း။ အကျင့်ဖျက်သူ (မကောင်းသူ)ကို ထွက်ခွာသွားအောင် အားထုတ်ရာ၌ အပြစ်မရှိ။

ဘိက္ခုနီ အနတ္ထာယ ပရိသက္ကတိ=ဟူသည် ဆေးဝါး မန္တန်စသည်ဖြင့် ဖျားနာအောင် ဘေးဥပါဒ် အန္တရာယ်ဖြစ်အောင် အားထုတ်ခြင်းတည်း။

ဘိက္ခု အက္ကောသတိ ပရိဘာသတိ=၌ အက္ကောသ ဟူသည် ဆဲရေးခြင်း ၁၀-မျိုးတွင် တမျိုးမျိုးဖြင့် ဆဲရေးခြင်းတည်း။

ပရိဘာသန=ဟူသည် သတ်မည်၊ ရိုက်မည်၊ ဘာလုပ်မည် စသည်ဖြင့် ဘေးဥပါဒ်ကိုပြ၍ ခြောက်လှန့်ခြင်းတည်း။

ဤအရာဝယ် အက္ကောသအရ ဆဲရေးခြင်း ၁၀-မျိုးကိုလည်း သိအပ်သည်။

ဒုတိယအကြိမ်

**အက္ကောသဝတ္ထု ၁၀-ပါး။** ။၁-အမျိုးကို ထိပါးဆဲရေးခြင်း။ ၂=အနွယ်ကို ထိပါးဆဲရေးခြင်း။ ၃=အမည်ကို ထိပါးဆဲရေးခြင်း။ ၄=ထိုသူပြုလုပ်သော အမှုကို ထိပါးဆဲရေးခြင်း။ ၅=အတတ်ပညာကို ထိပါးဆဲရေးခြင်း။ ၆=ထိုသူ၌ရှိသော အနာရောဂါကို ထိပါးဆဲရေးခြင်း။ ၇=အဆင်းသဏ္ဌာန်ကို ထိပါးဆဲရေးခြင်း (နိမ့်–မြင့်–တို–ရှည်–မည်း-ဖြူ)။ ၈=လောဘကြီးမှုစသော ကိလေသာကို ထိပါးဆဲရေးခြင်း။ ၉=ထိုသူမှာ သင့်နေသောအပြစ် (အာပတ်)ကို ထိပါးဆဲရေးခြင်း။ ၁၀=အမျိုးမျိုးဆဲရေးတိုင်းထွာခြင်း။

ဆောင်=မျိုး-နွယ်-မည်-ကံ၊ တတ်-အာ-သန်၊ ကိလံ-အာ အက်ထိ၊
သက္ကောသစု၊ ဆယ်ဝတ္ထု၊ ပြစ်မှုကြီးလေဘိ။

**ဘိက္ခု ဘိက္ခုဟိ ဘေတေဘိ**=ဆိုသည်မှာ တပါးနှင့်တပါး အချစ်ပျက်သည့်း မုံးစေသောစကားကို ပြောဆိုခြင်းတည်း။

**ရှင်သာမဏေများ လိင်-ဒဏ်ဘင့်ကြောင်း ၆-ပါး။**

၁=အရက်မရှိခြင်း၊ ၂=မသိ (မိုက်မဲ) ခြင်း၊ ၃=အလိုလို (ကုက္ကုစ္စ) နှိပ်စက်ခြင်း။ ၄=သတိမမွေ့လျော့ခြင်း။ ၅=မအပ်သည်၌ အပ်သည်ဟု ဆင်ခြင်း။ ၆=အပ်သည်၌ မအပ်ဟု ထင်ခြင်း။

ဆောင်-မရှက်-မသိ၊ ကုက္ကုစ္စနှင့်၊ သတိမမြဲ၊ ထင်လွဲ ၂-ပါး၊
ပေါင်း ၆-ပါးသည်၊ ရှင်များ လိင်-ဒဏ်သင့်ကြောင်းတည်း။

ဒဏ် ၁၀-ပါးပြီး၏

## သေခိယ အခိပ္ပါယ်

စၫရိတ္တသိက္ခာပုဒ်များသည် သိအောင်ပြု၍ ကျင့်အပ်ကျင့် ထိုက်သောကြောင့် သေခိယမည်၏။

တနည်း=သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောကြောင့်သေခိယ မည်၏။

သေခိယသိက္ခာပုဒ်များသည် မသိ၍ မကျင့်လျှင် အပြစ်မရှိ၊ သိလျက်မကျင့်မှသာ အပြစ်ရှိသည်၊ သိအောင်လည်း အားထုတ် ရသည်၊ သိက တကယ်လည်းကျင့်ရသည်။

### ပရိမဏ္ဍလဝဂ်

**ပဌမပရိမဏ္ဍလသိက္ခာပုဒ်။** ။သင်းပိုင်ကို ဝတ်ရာ၌ အထက်၌ ချက်အဝန်း၊ အောက်၌ ပုဆစ် ဒူးဝန်းကို ဖုံးအုပ်စေ၍ လက်ရှစ်သစ်ခန့်ချကာ ရှေ့ရောနောက် ပါ ထက်ဝန်းကျင် ညီညာဝန်းဝိုင်းစွာ ဝတ်ရသည်၊ ထိုသို့ ဝတ်ခြင်းကို ပရိမဏ္ဍလဟု ခေါ်၏။

ခြေသလုံးကြီးနေခြင်း၊ အမာရွတ်ရှိခြင်း၊ အနာပေါက် နေခြင်းစသည်ကြောင့် လက်ရှစ်သစ်အောက် နိမ့်ချ၍ ဝတ်လျှင် ၎င်း၊ ထို့ထက်မြင့်တင်၍ ဝတ်လျှင်၎င်း အပြစ်မရှိ။

ဘေးရန်တွေ့၍ မညီမညာတဝတ်ပြေးရခြင်း၊ အမှတ်တမဲ့ ဖြစ်ခြင်း၊ ညီအောင်ဝတ်သော်လည်း မညီခြင်းတို့၌လည်း အပြစ် မရှိ။

ဒုတိယအကြိမ်

ဒုတိယပရိမဏ္ဍလသိက္ခာပုဒ်။ သင်္ကန်းအနားစွန်း ၂–ခုကို ညီစွာထား၍ ရန်းခြင်းဝတ်ခြင်းသည် ပရိမဏ္ဍလပါရုပနမည်၏။

ဤပရိမဏ္ဍလ သိက္ခာပုဒ် ၂-ပါးကို ရွာတွင်းမှာရောကျောင်း အရပ်တွင်း၌ပါ ပြုကျင့်ရသည်။

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂ ပါး။ ။သည်ပင်းကိုဖုံးလွှမ်း၍ လက်ကောက်ဝတ်ကို ဖုံးလွှမ်း၍၊ အနားပတ်သီး တတ်၍ ၂–ဘက်သော သင်္ကန်းအနားတို့ကို ညီစွာထားလိပ်၍ သင်္ကန်းရုံခြင်းကို သုပဋိစ္ဆန္နဟုခေါ်၏။

မြို့တွင်း ရွာတွင်းသွားသောအခါ ဤသိက္ခာပုဒ်များအရ သင်္ကန်းရုံသွားရသည်၊ မရုံက အပြစ်သင့်၏။

ထိုင်သောအခါလည်း လက်ကောက်ဝတ်အပြင်ဘက်ကိုရင်း၊ လည်မျိုမှအထက် ဦးခေါင်းကိုရင်း၊ သလုံးသားမှအောက် ခြေသားကိုရင်း ဖော်၍ ထိုမှ အခြားအင်္ဂါများကို ဖုံးလွှမ်း၍ ထိုင်ရမည်။

မြို့ရွာထည်း၌ တည်းခိုနေထိုင်သော ပုဂ္ဂိုလ်အား သင်္ကန်းမရုံသော်လည်း အပြစ်မရှိ၊ ထိုပုဂ္ဂိုလ်ကို ဝါသူပဂတ-ဟု ခေါ်၏။

ပရိဘ်ရွတ်၊ ဆွမ်းစား၊ တရားဟောတို့မှာ ဝါသူပဂတ မဟုတ်၍ အပြစ်မလွတ်။

သုသံဝုတ သိက္ခာပုဒ် ၂-ပါး။ ။လက်ခြေတို့ကို မလှုပ်မရှား မကစားဘဲ ကောင်းမွန်ငြိမ်သက်စွာ ထားခြင်းကို သုသံဝုဘ ဆို၏။ သုသံဝုဘဖြင့်သာ မြို့ရွာတွင်း သွားလာရမည်။

ဒုတိယအကြိမ်

ဩကို္ခတ္တစက္ခုသိက္ခာပုဒ် ၂-ပါး။ ။အောက်၌ ချထားအပ်သော မျက်စေ့ (မျက်လွှာ) ရှိသည် ဖြစ်၍ လေးတောင်ဝန်းမျှကြည့်ရှုခြင်းသည် ဩကို္ခတ္တစက္ခုမည်၏။ တနေရာ၌ ရပ်တန့်၍ ဆင်—မြင်းစသော ဘေးရန်ရှိ မရှိကို ကြည့်ကောင်းသည် အပြစ်မရှိ။

ဥက္ခိတ္တကာယသိက္ခာပုဒ် ၂-ပါး၊ ။မြို့ရွာတွင်း သွားလာ နေထိုင်ရာ၌ သင်္ကန်းကို မြှောက်ပင့်၍ (ရှေ့ရော နောက်ပါ-ပင့်၍) မသွားလာ မနေထိုင်ရ။ နိသီဒနဍ္ဌ- ဝါသူပဂတပုဂ္ဂိုလ် အပြစ်မရှိ။

ကျောင်း၏ တံခါးခုံမှစ၍ မြှောက်ပင့်ကာ မသွားလာအပ်တော့။

ပရိမဏ္ဍလဝဂ်ပြီး၏၊

---

ဥဇ္ဇဂ္ဃိကဝဂ်

ဥဇ္ဇဂ္ဃိကသိက္ခာပုဒ် ၂-ပါး။ ။ကျယ်လောင်စွာရယ်၍ ရွာတွင်း၌ သွားလာနေထိုင်ခြင်း မပြုရ။ ရယ်ဘွယ် ကြုံတွေ့သော်လည်း ပြုံးရုံသာပြုံးရမည်၊

အပ္ပသဒ္ဒသိက္ခာပုဒ် ၂-ပါး။ ။၁၂-တောင်ခန့် အရပ်က အသံကိုလည်း ကြားရ၍ စကားလုံးကိုလည်း ပီပြင်ကွဲပြား နားလည်က ထိုအသံသည် ပဟာသဒ္ဒမည်၏၊ ၁၂-တောင်ခန့် အရပ်က အသံကိုသာကြားရ၍ စကားလုံး ပီပြင်ကွဲပြား နားလည်မှုမရှိက ထိုအသံသည် အပ္ပသဒ္ဒမည်၏။

တရားဟောရာ၌ အပြစ်မရှိ။

ဒုတိယအကြိမ်

ပစ္စာလကသိက္ခာပုဒ် ၆-ပါး။ ။ကိုယ်ကိုငင်း၊ လက်ရုံး လက်မောင်းကိုငင်း၊ ဦးခေါင်းကိုငင်း လှုပ်ရမ်း၍ သွားလာနေထိုင်မှု မပြုရ။ မတုန်မလှုပ်ဖြောင့်မတ်ငြိမ်သက်စွာ သွားလာနေထိုင်ရမည်။

နိသီဒန(ထိုင်)သိက္ခာပုဒ် ၃-ပါး၌ ဝါသူပဂတအပြစ်မရှိ။

## ဥဇ္ဇဂ္ဃိကဝဂ်ပြီး၏

### ခမ္ဘကတဝဂ်

ခမ္ဘကတသိက္ခာပုဒ် ၂-ပါး။ ။ခါးထောက်၍ သွားလာနေထိုင်ခြင်း မပြုရ၊ နိသီဒန၌ ဝါသူပဂတ အပြစ်မရှိ။

ဩဂုဏ္ဌိတသိက္ခာပုဒ် ၂—ပါး။ ။မြို့ရွာတွင်း၌ ဦးခေါင်းခြုံ၍ သွားလာနေထိုင်ခြင်း မပြုလုပ်ရ။ ထိုင်သိက္ခာပုဒ်အတွက် ဝါသူပဂတ အပြစ်မရှိ။

ဥက္ကုဋိကသိက္ခာပုဒ်။ ။မြို့ရွာတွင်းဝယ် မြေ၌ ခြေဖဝါးကို အညီအမျှမချဘဲ ဖဝါးစွန်းနင်းလျက် ဝါ—ခြေဖျားထောက်သွားခြင်း၊ ဖနောင့်ဖြင့်သာ သွားခြင်း၊ ဖဝါးစောင်းချ၍ သွားလာခြင်း မပြုလုပ်ရ။

ပလ္လတ္ထိကသိက္ခာပုဒ်။ ။မြို့ရွာတွင်း၌ လက်နှစ်ဘက်ဖြင့် ဒူးနှစ်ဘက်ကို ပွေ့ပိုက်ထိုင်ခြင်း လက်အာယောဂပတ်။ သင်္ကန်းဖြင့် ဒူးနှစ်ဘက်ကို သိုင်းခြုံရစ်ပတ်ထိုင်ခြင်း ပုဆိုးအာယောဂပတ် ပြုလုပ်လျက် မထိုင်ရ။ ဝါသူပဂတ အတွက် အပြစ်မရှိ။

ပရိမဏ္ဍလသိက္ခာပုဒ်မှစ၍ ဤသိက္ခာပုဒ်အထိ ၂၆-ပါးသော သိက္ခာပုဒ်များကို လျောက်ပတ်တင့်တယ် သပ္ပါယ်စွာနေထိုင် သွားလာကြရန် ပညတ်အပ်သောကြောင့် သာရုပ္ပသိက္ခာပုဒ်များဟု ခေါ်၏။

**သက္ကစ္စပဋိဂ္ဂဟဏသိက္ခာပုဒ်။** ။ဆွမ်းခံရာ၌ ဆွမ်းကို လေးလေးစားစား သတိထား၍ ခံယူရမည်။ မခံချင်သလို မလိုချင်သလို စွန့်ပစ်တော့မည့်လို ပေါ့တန်စွာ မခံယူရ။ လေးလေးစားစား သတိထား၍ ခံယူခြင်းကို သက္ကစ္စပဋိဂ္ဂဟဏ (ရိုသေစွာခံယူခြင်း)ဟု ခေါ်၏။

ဆင်းရဲလှစွာသော ယောကျ်ားသည် ရွှေငွေရတနာများ ပေးလှူသော် မဖိတ်မယိုစေဘဲ အလွန်လိုလား လေးစားစွာ ခံယူသကဲ့သို့ ခံယူရမည်။

**ပတ္တသညီပဋိဂ္ဂဟဏသိက္ခာပုဒ်။** ။ဆွမ်းခံရာ၌ တောင်တောင် မြောက်မြောက် မကြည့်ရှုဘဲ မိမိသပိတ်၌သာ စူးစိုက်ထားရှိရမည်။ (သို့မှသာ ဆွမ်းလောင်း ပြီးမပြီးကို သိနိုင်မည်-ဟူလို။

**သမသူပကပဋိဂ္ဂဟဏသိက္ခာပုဒ်။** ။လက်ကော်ရအောင် မကျဲ မပြစ်သော ပဲနောက် ပဲကြီး စသော ပဲဟင်း၊ဟူသမျှကို သူပ ဟု ခေါ်၏။ ထိုသူပမည်သော လက်ကော်ရပဲဟင်းကို ဆွမ်း၏လေးပုံတပုံခန့်မျှတလောက်ရုံသာ ခံယူရမည်။ များလျှင်သော အပြစ်ရှိသည်၊ နည်းလျှင် အပြစ်မရှိ။

သူပမှတပါး အခြားဟင်းလျာဟူသမျှကိုရသရသဟုခေါ်၏။ (အလွန်ကောင်းသော အရသာ–ဟူလို) ထို ရသရသမည်သော ဟင်းလျာများကိုကား အလိုရှိသမျှခံယူနိုင်၏၊ အပြစ်မရှိ။

ဆွေမျိုးထံမှခံယူရလျှင်၄င်း၊ ဖိတ်ကြားထားသူထံမှ ခံလျှင်၄င်း၊ သူတပါးအတွက်ခံလျှင်၄င်း၊ မိမိ၏အပ်သောဥစ္စာဖြင့် ခံယူလျှင် (ကပ္ပိလျှင်)၄င်း အပြစ်မရှိ။

**သမတိတ္တိကသိက္ခာပုဒ်**။ ဆွမ်းခံရာ၌ သပိတ်အတွင်း အနားရေး (ရစ်) နှင့် ညီမျှရုံသာ ခံယူရမည်။ ပိုလွန်မို့မောက်အောင် ခံယူက အပြစ်ရှိ၏။ ဤသိက္ခာပုဒ်၌ ပိဏ္ဍပါတ–အရ ယာဝကာလိက ဘောဇဉ် ခဲဘွယ်များကိုယူ၊ သပိတ်–အရလည်း အဓိဋ္ဌာန်ပေါက်သော သပိတ်ကိုသာ ယူရမည်။

ကပ္ပိယသပိတ်သည်= ၁=သံသပိတ် ၂=မြေသပိတ်ဟူ၍ ၂–မျိုးရှိသည်။ သစ်သား, ကြေး, ဖလ်စသော သပိတ်များကား မအပ်သော အကပ္ပိယ သပိတ်များတည်း။

**သပိတ်** ၉–လုံး။ ။ကပ္ပိယသပိတ်သည် ၁=ဥက္ကဋ္ဌသပိတ် ၂ မဇ္ဈိမသပိတ် ၃=ဩမကသပိတ်ဟု (မူလအားဖြင့်) ၃–မျိုးရှိ၏။

ထိုမူလသပိတ် ၃-လုံးတွင် တလုံးတလုံး၌ ၁=ဥက္ကဋ္ဌုက္ကဋ္ဌ ၂=ဥက္ကဋ္ဌမဇ္ဈိမ ၃=ဥက္ကဋ္ဌောမကစသည်ဖြင့် ၃ -လုံးစီပြားကာ သပိတ် ၉ လုံးဖြစ်၏။

ဤသိက္ခာပုဒ်အရ ဂိလာနလည်း အပြစ်မလွတ်။

သူပ-အရ ပဲဟင်းစသော ဟင်းရည်မျိုး၊ ဗျဉ္ဇန-အရ သား, ငါးဟင်းလျာများ ရ၏။

**သူပေါဒန ဝိညတ္တိသိက္ခာပုဒ်။** ။ဂိလာနမဟုတ်လျှင် မိမိအတွက် ဆွမ်းကိုရင်း၊ ငါး, သား၊ ပဲဟင်းစသည်များကိုရင်း တောင်းမစားရ၊ အယုတ်အားဖြင့် ရေကိုပင် တောင်းမသောက်ရ။

ဆွေမျိုးထံ ဖိတ်ထားသူထံနှင့် သူတပါးအတွက် တောင်းရာ၊ မိမိပစ္စည်းနှင့်ဝယ်ရာတို့၌ အပြစ်မရှိ။

ဤနေရာ၌ ဒါယကာ ၄-မျိုးကိုသိအပ်၏။

၁။ ဆွေမျိုးမတော်ဘဲ တောင်းပါဟု ဖိတ်ကြားထားသော ဒါယကာသည် တောင်းသာတောင်းကောင်း၍ မပေးကောင်းသော ဒါယကာမည်၏။

၂။ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်ပြုသောဒါယကာသည် ပေးသာပေးကောင်း၍ မတောင်းကောင်းသော ဒါယကာ မည်၏။

၃။ နှစ်ပါးလုံး မပြုလျှင် (မပြုသော ဒါယကာသည်) တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်းသော ဒါယကာမည်၏။

၄။ နှစ်ပါးလုံးပြုလျှင် တောင်းလည်းတောင်းကောင်း ပေးလည်း ပေးကောင်းသော ဒါယကာမည်၏။

ဥဇ္ဈာနသညီ သိက္ခာပုဒ်။ ။ကဲ့ရဲ့လိုသော စိတ်ဖြင့် သူတပါး သပိတ်(ဆွမ်းခွက်)ကို မကြည့်ရ။

နည်းလျင်ပေးလှူမည်၊ များလျင်အလှူခံမည်ဟု ကြည့်မှုအပြစ်မရှိ၊ ဂိလာနလည်း အပြစ်မလွတ်။

ကဗဠသိက္ခာပုဒ်။ ။ဒေါင်းဥအသား အလွန်ကြီးမားသော ဆွမ်းလုပ်ပြု၍ မစားရ။ ကြက်ဥလောက် ငယ်လွန်းစွာလည်း မစားရ၊ (ကြက်ဥခန့်မှာ မလျောက်ပတ်သည်သာရှိသည်၊ အပြစ်မရှိ)။

ခဲဘွယ် သစ်သီးကြီးငယ်တို့၌ အပြစ်မရှိ။

အာလောပသိက္ခာပုဒ်။ ။ဆွမ်းလုပ်ကို ရှည်ရှည်လျားလျား မဖြစ်စေဘဲဝိုင်းဝန်းအောင် ပြုပြင်၍ စားရသည်၊ လက်သုတ် သစ်သီးကြီးငယ်တို့၌ အပြစ်မရှိ။

သက္ကစ္စဝဂ် ပြီး၏

---

ကဗဠဝဂ်

အနာဟဋသိက္ခာပုဒ်။ ။ဆွမ်းစားသည့်အခါ ပါးစပ်ပေါက်သို့(ခံတွင်းဝသို့) ဆွမ်းလုပ်မရောက်မီ ပါးစပ်ကို (စောစီးစွာ) ဖွင့်ဟမထားနှင့်ရ။

ဘုဉ္ဇမာနသိက္ခာပုဒ်။ ။ဆွမ်းစားစဉ် ဆွမ်းနှင့်အတူ လက်ချောင်းများကို ခံတွင်းထဲသို့ မသွင်း ပရောက်စေရ။

ဒုတိယအကြိမ်

**သဗ္ဗဟတ္ထ**= (လက်အလုံးစုံ)ဟု ဆို၍အားလုံး စုပြုံရောက်မှု မဟုတ်၊ တချောင်းတလေဝင်စေ ရောက်စေကလည်း အပြစ် ရှိသည်ပင်။

**သကဗဠ သိက္ခာပုဒ်**။ ။ဤသိက္ခာပုဒ်၌ ကဗဠ အရ စကား ပြော၍ မပီသနိုင်သော ဆွမ်းလုပ်ကိုယူ၊ ထိုဆွမ်းလုပ်မျိုး ပါးစပ်တွင်း၌ရှိနေစဉ်စကားမပြောရ၊ အနည်း ငယ်ရှိ၍ ပီသအောင်ပြောနိုင်လျှင်မူ ပြောကောင်း၏အပြစ်မရှိ။ တရားဟောရာ၌ ဆီးဖြူသီးစသည် ငုံ၍ ဟောသကဲ့သို့တည်း။

**ပိဏ္ဍုက္ခေပကသိက္ခာပုဒ်**။ ။ပဲလှော်စသည်ကို ပစ်မြှောက်စား သကဲ့သို့ ဆွမ်းခဲဆွမ်းလုပ်ကို ပစ်မြှောက်(ပစ်သွင်း)၍ မစားရ။ သစ်သီးခဲဘွယ်တို့၌ အပြစ် မရှိ။ သို့သော် စားရိုးစားစဉ် စားခြင်းသာ ယဉ်ကျေး၍ ကြည်ညိုဘွယ်ဖြစ်ပေမည်။

**ကဗဠာဝစ္ဆေဒကသိက္ခာပုဒ်**။ ။ဆွမ်းလုပ်ကို(ဆွမ်းဆုပ်ဆွမ်းခဲကို) ကိုက်ဖြတ်၍ မစားအပ်။ ကောက်ညှင်းကို ဆုပ်၍ ကိုက်ဖြတ်စားလျှင်လည်း ဤသိက္ခာပုဒ်အရ အပြစ်ဖြစ် မည်ထင်၏၊ သို့သော် ယခုခေတ်၌မူ ခဲဘွယ်အဖြစ် မှတ်ယူကာ ကိုက်ဖြတ်စားသောက်လျက်ရှိကြ၏၊ ခဲဘွယ်, မုန့်, ငါး, လက်သုတ် များ၌ အပြစ်မရှိ။

**အဝဂဏ္ဍကာရကသိက္ခာပုဒ်**။ ။မျောက်ကဲ့သို့ ဆွမ်းလုပ်ကို ပါးစောင်၌ထား၍ (ပါးစောင်ကို မို့မောက်နေအောင်ပြု၍) မစားရ၊ သစ်သီးစသည်၌ အပြစ်မရှိ။

ဒုတိယအကြိမ်

ဟတ္ထနိဒ္ဓုနကသိက္ခာပုဒ်။ ။လက်ကိုခါ၍မစားရ၊ ခါခြင်းကြောင့် ဆွမ်းဟင်းထဲ သူတပါး သပိတ်ထဲသို့ ကျသွားက ရှုံ့ဘွယ်ဖြစ်သည်၊ လက်တွင်ကပ်နေသည်ကို လက်ချောင်းချင်းပွတ်၍ ချသင့်သည်။ အမှိုက်ပါလာ၍ ခါရာ၌ အပြစ်မရှိ။

သိတ္ထာဝကာရကသိက္ခာပုဒ်=ဆွမ်းစားရာ၌ ဆွမ်းလုံးများကို ဖြန့်ကြဲသကဲ့သို့နေအောင် ဖရိုဖရဲဖြစ်အောင်မစားရ၊ ကောင်းစွာ သိမ်းရုံးစုစည်း၍ စားရမည်၊ အမှိုက်စွန့်ရာ၌ ဆွမ်းသုံးကြဲသလို ဖြစ်သော်လည်း အပြစ်မရှိ။

ဇိဝှါနိစ္ဆာရကသိက္ခာပုဒ်=လျှာကိုထုတ်၍ ဆွမ်းလုပ်ကိုမယူရ၊ မစားရ၊ ဟင်းလျှာကိုလည်း နည်းတူပင်။

စပုစပုကာရက သိက္ခာပုဒ်=ဆွမ်းစားရာ၌ စပ်စပ်ပြတ်ပြတ် မည်အောင် မစားရ၊ ထိုအသံမျိုး မကြားစေရ။

ကပဋ္ဌဝဂ် ပြီး၏

---

သုရုသုရုဝဂ်

သုရုသုရုကာရက သိက္ခာပုဒ် ဆွမ်းစားရာ ဟင်းရေ သောက်ရာယာဂုသောက်ရာ နွားနို့သောက်ရာတို့၌ ရှုတ်ရှုတ်သံ မြည်အောင် မစားရ၊ မသောက်ရ။

ဒုတိယအကြိမ်

**ဟတ္ထနိလ္လေဟက** သိက္ခာပုဒ်=ဆွမ်းစားသောအခါ လက်ကို လျှာဖြင့်လျက်၍ မစားကောင်း၊ လက်ချောင်းတချောင်းမျှကို လည်း မလျက်ကောင်း။

လက်ဖြင့် ကော်စားရသော ယာဂုပြစ်၊ သကာ၊ တင်လဲ စသည်၌ကား အပြစ်မရှိ၊ ပါးစပ်ထဲသို့လည်း လက်သွင်းအပ်၏။

**ပတ္တနိလ္လေဟက** သိက္ခာပုဒ်=သပိတ်၊ ဆွမ်းပုဂံများကိုခြစ်ယူ၍ မစားရ၊ လက်ချောင်းတချောင်းမျှဖြင့်လည်း မခြစ်ရ၊ ကုန်ခါနီး၌ အသာသိမ်းယူ၍သာ စားရမည်၊ ယာဂုပြစ်စသည်၌အပြစ်မရှိ။

**သြဋ္ဌနိလ္လေဟက** သိက္ခာပုဒ် နှုတ်ခမ်းကို လျှာဖြင့်လျက်၍ မစားကောင်း နှုတ်ခမ်း၌ ဆွမ်းစသည်ကပ်နေက နှုတ်ခမ်းချင်းဖြင့်သာ သိမ်းယူရမည်၊ လျှာဖြင့် မလျက်ရ၊ ယာဂုပြစ်၊ ပျားရည် စသည်၌ အပြစ်မရှိ။

**သာမိသ** သိက္ခာပုဒ်=ဆွမ်းစသော အာမိသ ပေကျံနေသော လက်ဖြင့် သံဃာပိုင်ဖြစ်စေ၊ မိမိပိုင်ဖြစ်စေ၊ ပုဂ္ဂိုလ်ပိုင်ဖြစ်စေ၊ လူတို့ပိုင်ဖြစ်စေ သောက်ရေခွက် မှန်သမျှကို မကိုင်မတွယ်ကောင်း၊ မပေကျံသော အစိတ်အပိုင်းဖြင့်မူ ကိုင်ကောင်းသည်၊ ပြီးက ဆေးကြောမည်ဟု နှလုံးထား၍ ကိုင်က အပြစ်မရှိ။

**သသိတ္ထက** သိက္ခာပုဒ်=ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို မြို့ရွာတွင်း၌မစွန့်(မသွန်ရ)၊ ဆွမ်းကို တနေရာ၌ စုပုံပြီးမှ

ရေသက်သက်ကိုစွန့်လျှင်ရှင်း၊ ဆွမ်းလုံးကို ရေနှင့်သမအောင် ချေနယ်၍ စွန့်လျှင်ရှင်း၊ ဖေထူးခံ၍စွန့်လျှင်ရှင်း၊ မြို့ရွာအပ၌ စွန့်လျှင်ရှင်း အပြစ်မရှိ။

ခမ္မကကဏ္ဍဝဂ် သန္တုဋ္ဌပဋိဂ္ဂဏသိက္ခာပုဒ်မှ ဤသိက္ခာပုဒ်အထိ ၃၀-သော သိက္ခာပုဒ်များသည် ဆွမ်းဘောဇဉ်နှင့် စပ်ယှဉ်၍ ပညတ်တော်မူအပ်သောကြောင့် ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်များ မည်၏။

သတ္တပါဏိသိက္ခာပုဒ် ဂိလာနမဟုတ်ဘဲ ထီးကိုင်ထားသူကို တရားမဟော(။ ပခုံး၌ချိတ်ထားခြင်း၊ ရင်ခွင်ပေါ် တင်ထားခြင်းစသော အခြားကိုယ်အင်္ဂါတို့၌ ရှိသော်လည်း လက်ဖြင့် မထိမကိုင်က ဟောကောင်း၏။

ဤသိက္ခာပုဒ်၌ ခမ္မအရ သံဂါယနာတင် ပါဠိအဋ္ဌကထာ မဆိုယူ၊ မြန်မာစသော အခြားဘာသာများဖြင့် ဟောရာ၌ အပြစ်မရှိ။

ဒဏ္ဍပါဏိ သိက္ခာပုဒ်= မဇ္ဈိမပုရိသ (အလယ် အလတ် ယောကျ်ား)အတောင်ဖြင့် ၄-တောင်ပြည့်ဒုတ်ကို ကိုင်ထားသူ ကိုသာ ဒဏ္ဍပါဏိ ခေါ်သည် ထို့ထက်ရှေက တိုက ဒဏ္ဍပါဏိ မဟုတ်၊ တရားဟောအပ်၏ (တချို့ကလည်း မဇ္ဈိမဒေသ ယောကျ်ား ၄–တောင်၊ ပကတိပုရိသ ၆-တောင်ကို ဒဏ္ဍ–အရ ယူရမည် ဆိုကြ၏)။

သတ္တပါဏိသိက္ခာပုဒ် သတ္တအရ ဓါး၊ သန်လျက်၊ လှံ စသော လက်နက်တွင် ပါဝင်သမျှ အကုန်ယူမည်။ သေနပ်၊

လှ့်စွင်များကိုလည်း ဤသတ္တအရ၌ သွင်းယူရမည်။ လက်ဖြင့် ထိကိုင်ထားလျှင်သာ မဟောကောင်း၊ ကိုယ်၌ လွယ်ထား၊ ဘေး၌ချထားလျှင်ကား (လက်မှလွတ်သောကြောင့်) ဟော ကောင်း၏။

အာဝုဓပါဏိသိက္ခာပုဒ်= လေးဆိုရာ၌ များနှင့်တကွသော လေး၊ လေးသက်သက်၊ များသက်သက်၊ ညို့ကြိုးတတ်ထား သော လေး၊ ညို့ကြိုးမတတ်ဆင်ရသေးသော ဖြုတ်ထား သောလေးများကိုယူ။ ဤ၌လည်း လက်နှင့် မထိမကိုင်က ဟောအပ်သည်။

သုရုသုရှဝဂ် ပြီး၏

## ပါဒုကဝဂ်

ပါဒုကသိက္ခာပုဒ်=သဲကြိုးမပါ အဖျား၌ ကြေးဘု၊ သစ် သားဘုတပ်၍ ထိုဘုကို ခြေမ၊ ခြေညှိုးတို့ဖြင့် ညှပ်လျက် စီးနင်းရသော ဘိနပ်ကို ပါဒုက ခေါ်၏။

သစ်သား၊ ထန်းပလတ်၊ မြက်စသည်ဖြင့် (ပါဒုက) များစွာ၏။

ယခုခေတ် ခြေဖျားသာ စွပ်ရှိုစီးရသော ခုံဘိနပ်ကိုလည်း ပါဒုက အရယူသင့်သည်ထင်၏။ ထိုပါဒုကကို စီးထားလျှင် ဖြစ်စေ။ ချွတ်၍ နင်းထားလျှင်ဖြစ်စေ တရားမဟောအပ်။

ဒုတိယအကြိမ်

**ဥပါဟန သိက္ခာပုဒ်**=ပါဒုက ဘိနပ်မျိုးမှတပါး သဲကြိုး တပ်ထားသော ဘိနပ်အမျိုးမျိုးနှင့် ရှူးဘိနပ်များသည် ဥပါဟန မည်၏။

**ယာနဂတ သိက္ခာပုဒ်**=ယာဉ်ထက်၌နေသူကို တရားမဟော ကောင်း၊ အယုတ်ဆုံးဖျက်ထားသော ယာဉ်ဘီး၊ ယာဉ်အိမ် ထက်၌ နေသူကိုပင် အောက်ကနေ၍ တရားမဟောကောင်း။ ယာဉ်၌ အတူတူနေမှု ဟောအပ်၏။

ယာန–ဟူရာ၌ လှည်း၊ ရထား၊ ကားအမျိုးမျိုးနှင့် ထမ်းစင် များအပြင် လူ ၂–ယောက် လက်ချင်းယှက်၍ ပြုလုပ်သော (လက်ထမ်းစဉ်)ပါ အကျုံးဝင်၏။

**သယနဂတသိက္ခာပုဒ်**=လျောင်းအိပ်နေသူကို တရားမဟော ရ၊ အယုတ်ဆုံး မြေပြင်၌ အိပ်နေသူကိုပင် မဟောရ၊ အိပ်နေသူ ချင်းဖြစ်က ဟောအပ်၏။

(က) တူမျှသောနေရာ၌အိပ်လျက် ၁=အိပ်သောသူ။ ၂=ရပ် သောသူ။ ၃=ထိုင်သောသူ သုံးယောက်လုံးကို တရား ဟောကောင်း၏။

(ခ) ထိုင်နေလျက် ၁=ထိုင်သောသူ။ ၂=ရပ်သောသူ ၏ ၂-ယောက်ကို တရားဟောကောင်း၏။ အိပ်နေသူကို မဟောကောင်း။

(ဂ) ရပ်နေလျက် ၁=ရပ်နေသူ တယောက်ကိုသာ ဟော ကောင်း၏။ ထိုင်နေသူ အိပ်နေသူ ၂-ယောက်ကို မဟောကောင်း။

ဒုတိယအကြိမ်

ပလ္လတ္ထိက သိက္ခာပုဒ် — ဤသိက္ခာပုဒ်အရ လက်ပိုက်နေသူကိုလည်း ယူသင့်သည်ထင်၏။

ဝေဌိတသီသသိက္ခာပုဒ် — ဝေဌိတ — (ဦးရစ်ပေါင်းခြင်း) အရ ခေါင်းပေါင်းခြင်း၊ ဦးထုပ်ဆောင်းခြင်း၊ ပန်ချာပီခေါင်းပေါင်းခြင်းစသည်ဖြင့် ခေါင်းရစ်ပတ်ခြင်း အားလုံးကိုယူ။ ဆံပမပေါ်လျှင်သာ မဟောအပ်၊ ဆံစပေါ်က ဟောအပ်သည်၊ အဖော်ခိုင်း၍ဟောလျှင် အပြစ်မရှိ။

ဩဂုဏ္ဌိတသိက္ခာပုဒ် — ပသိကုလားမ များကဲ့သို့ ခေါင်းမြီးခြုံထားသူကို တရားမဟောအပ်၊ ခေါင်းဖော်ခိုင်း၍ ဟောအပ်၏။

ဆမာသိက္ခာပုဒ် မြေ၌နေလျက် မြက်အခင်း၊ အဝတ်အခင်းပေါ်၌နေသူကို တရားမဟောအပ်။

နီစသိက္ခာပုဒ် — အနိမ့်၌နေလျက် အမြင့်၌နေသူကို တရားမဟောရ၊ အယုတ်ဆုံးမြေပြင်မှာပင် ချိုင့်ဂွင်းရာမှာနေ၍ ကုန်းမှာနေသူကို မဟောရ။

ဌိတသိက္ခာပုဒ် — ရပ်နေလျက် ထိုင်နေသူအား တရားမဟောရ။ ထိုင်နေသောမထေရ်ကြီးက ရပ်နေသော မထေရ်ငယ်ကို ပြဿနာမေးက မဖြေအပ်၊ အနီးအနား၌ ရပ်နေသူကို ရည်ညွှန်း၍ ဖြေမှု အပ်၏။

ပစ္ဆတောဂမနသိက္ခာပုဒ် — ခရီးသွားရာ၌နောက်ကနေလျက် ရှေ့ကသွားနေသူကို တရားမဟောအပ်၊ ရှေ့မှသွားသူက ပြဿနာမေးသော်လည်း မဖြေရ၊ နောက်မှလိုက်လာသူကို ရည်ရူးဖြေမှု အပ်၏။

ဒုတိယအကြိမ်

သင်ယူအပ်သောဓမ္မကို အတူတူသရဇ္ဈာယ် (ရွတ်ဆံပြန်ဆို) ခြင်းငှာရင်း၊ ခရီးတူ (ပြောင်ယှဉ်)သွားရာ၌ ဟောခြင်းငှာရင်း အပ်သည်။

ဥပ္ပဲထေနဂမနသိက္ခာပုဒ်။ =သမ်းဘောမှနေ လျက်လမ်းပေါ်မှ သွားနေသူကို တရားမဟောရ၊ လှည်းလမ်း၌ဘီးခြေရာအတိုင်း တဘက်တနယ်ကသွားရာ၌ရင်း၊ လမ်းမဟုတ်ချင်း ညီတူသွားရာ၌ရင်း ဟောအပ်၏။

ဌိတောဥစ္စာရသိက္ခာပုဒ်= ဂိလာနမဟုတ်ဘဲ မတ်တတ်ရပ်လျက် ကျင်ကြီး၊ ကျင်ငယ် မစွန့်အပ်။ စွန့်ရာဌာနသို့ သွားစဉ်မအောင့်နိုင် မချုပ်တီးနိုင်၍ ထွက်ကျရာ၌ အပြစ်မရှိ။

ဟရိတဥစ္စာရသိက္ခာပုဒ်= ဂိလာနမဟုတ်က စိမ်းစိုရှင်သန်နေသော မြက်သစ်ပင်ပေါ်၌ ကျင်ကြီး၊ကျင်ငယ်၊တံတွေး၊နှပ်၊ မစွန့်ကောင်း။ ခေဠသဒ္ဒါဖြင့် သင်္ဃာဏိက (နှပ်) ကိုပါ ယူရသည်။

မြက်သစ်ပင်ပေါ်သာမက မြေမှပေါ်နေသော သစ်မြစ်ပေါ်၌ရင်း၊ သစ်ရွက်သစ်ခက်ပေါ်၌ရင်း၊ မစွန့်ကောင်း။ ပါးစပ်ဖြင့်ငုံထားသောရေ၊ ကြံဖတ်၊ အရိုးစသည်ကိုကား ထွေးစွန့်ကောင်း၏။

သစ်ပင်(သစ်ကိုင်း)ပေါ်မှနေ၍ မြက် သစ်ပင်မရှိရာအရပ်သို့ စွန့်ချရာ၌ရင်း၊ စွန့်ရန်နေရာရှာစဉ် မချုပ်တီးနိုင်၍ ထွက်ကျရာ၌ရင်း၊ မြက်သစ်မရှိရာ၌စွန့်ရာ ရှိရာသို့စီးသွားရာ၌ရင်း အပြစ်မရှိ။

ဒုတိယအကြိမ်

မြက်ပင်စသည်ပေါ်၌ မြက်ကရွတ်ခွေ သစ်ရွက်ခြောက်ကရွတ်ခွေပြု၍ စွန့်ကောင်း၏၊ ထိုမှတဆင့် စီးသွားရာ၌ အပြစ်မရှိ။

ဥဒကေဥစ္စာရသိက္ခာပုဒ်—ဥဒက-အရ သောက်ချိုး သုံးစွဲကောင်းသောရေကို ယူရမည်။

ဝစ္စကုဋီအတွင်းရှိရေနှင့် သမုဒ္ဒရာရေ အစရှိသော မသုံးစွဲ မသောက်ချိုးရသောရေ၌ စွန့်မှု အပြစ်မရှိ။ မိုးရွာ၍ဖြစ်စေ၊ ရေလွှမ်း၍ဖြစ်စေ ရေပြင်ကြီးဖြစ်နေရာ၌ရင်း၊ မြစ်တွင်း ခရီးသွားရာ၌ရင်း(မြေလွတ်မရနိုင်က) စွန့်ကောင်း၏၊

လွတ်ရာတွင်စွန့်ရာ ရေရှိရာသို့ စီးသွားရာ၌လည်း အပြစ်မရှိ။

သုရုသုရုဝဂ် ဆတ္တပါဏိသိက္ခာပုဒ်မှ ဥဒကေသိက္ခာပုဒ်အထိ ၁၉-ပါးသော သိက္ခာပုဒ်များသည် တရားဟောခြင်းနှင့် စပ်ယှဉ်၍ ပညတ်အပ်သောကြောင့် ဓမ္မဒေသနာပဋိသံယုတ္တ သိက္ခာပုဒ်များမည်၏။

နောက်ဆုံးသုံးပုဒ်မှာ တရားဟောခြင်းနှင့် မဆိုင်သော်လည်း များရာသို့ ပေါင်းထည့်၍ ရေတွက်ဟန်ရှိသည်၊ ဥစ္စာရသိက္ခာပုဒ် ၃-ပါးဟု သီးခြားလည်း ရေတွက်ကြသည်။

သေခိယ ၇၅-ပါးတွင် ဂိလာနတို့ပင် အပြစ်မလွတ်သော သိက္ခာပုဒ် ၃-ပါးပါသည်။ ၎င်းတို့မှာ—

၁=သမတိတ္တိကသိက္ခာပုဒ်၊ ၂=သူဒနုပဋိစ္ဆာဒနသိက္ခာပုဒ်၊ ၃=ဥဇ္ဈာနသညီသိက္ခာပုဒ်များဖြစ်သည်။ ကျန် ၇၂-ပါးမှာ ဂေလညအကြောင်းရှိက အပြစ်မရှိ။

ပါဒုကဝဂ်ပြီး၏။ (သေခိယအစိပ္ပါယ်ပြီး၏)။

ဒုတိယအကြိမ်

# စုဒ္ဒသခန္ဓကဝတ် အစိပ္ပါယ်

ဤခန္ဓကဝတ်အကျင့်များမှာ နိဿယနက်နှင့်ပင် သိနိုင်ပြီ ဖြစ်သည်။ အနက်တွင်ပင် အဓိပ္ပါယ်များ ပါဝင်နေပြီးဖြစ်၍ ဤ၌မူ ထူးရာလောက်သာ ရေးသားတော့မည်ဖြစ်သည်။

**အာဂန္တုကဝတ်**= သူတပါးကျောင်းတိုက်သို့ ခရီးခဲ့ရာ သွားရောက်လည်ပတ်သော ရဟန်းသာမဏေကို အာဂန္တုက (ဧည့်သည်)ဟု ခေါ်၏။ ထိုအာဂန္တုကတို့ ကျင့်အပ်သော ဝတ်အကျင့်များကို အာဂန္တုကဝတ်ဟု ခေါ်၏။

ရောက်ကာစ အာဂန္တုရဟန်းသာမဏေသည် အာဝါသိက တို့က နေရာချထား၍ နေရာရပြီးမှ အာဝါသိကများနည်းတူ ဘိနပ်စီးကောင်းသည်။

**အာဝါသိကဝတ်**=မိမိနေမြဲကျောင်း၌ အတော်ကြာကြာ နေသော ရဟန်းသာမဏေကို အာဝါသိက (ကျောင်းနေ)ဟု ခေါ်၏။

ရေးဦးကိုဆိုခြင်းသော ဝတ်များအပြင် တည်းခိုကြိမ်းစက် ဘို့နေရာနှင့် ကျင်ကြီး၊ ကျင်ငယ်အိမ်များကိုလည်း ပြရသည်။

**ဂမိကဝတ်**=ခရီးသွားသော ရဟန်းသာမဏေကို ဂမိက (ခရီးသွားသူ)ဟု ခေါ်၏။

**အနုမောဒနဝတ်**=ဆွမ်းကျွေး အလှူပွဲအပြီးတွင် အလှူရှင် များအား ဝမ်းမြောက်ဝမ်းသာရှိအောင် တရားပြောဟော ခြင်းကို အနုမောဒနာ (ဝမ်းမြောက်စေခြင်း)ဟု ဆိုသည်။

ဒုတိယအကြိမ်

အလှူရှင် ဒကာဒကာမကြည်ညိုသောပုဂ္ဂိုလ်ကိုတရားဟောရန် လျှောက်ထားလျှင် ခွင့်ပန်ကြားရန်မလို။

ဘတ္တဂ္ဂဝတ်-- ဆွမ်း စားရာဖြစ်သော ကျောင်းကိုဖြစ်စေ၊ ဇရပ်ကိုဖြစ်စေ၊ အိမ်ကိုဖြစ်စေ ဘတ္တဂ္ဂ-ဟု ခေါ်၏။

နိဿယပေါ် ကျင့်ဝတ်များအပြင် သေခိယလာ ဘောဇနပဋိသံယုတ္တသိက္ခာပုဒ်များကိုလည်း ကျင့်သုံးရသည်။

ပိဏ္ဍစာရိကဝတ်=ဆွမ်းခံသွားသော ရဟန်းသာမဏေများကို ပိဏ္ဍစာရိက (ဆွမ်းခံသွားသူ)ဟု ခေါ်၏။

မရှည်မကြာရပ်ခြင်းဆိုသည်မှာ=ဗုဒ္ဓ၊ တရား၊ သံဃာရတနာ ၃-ပါး ဂုဏ်တော်ပါဠိကို မှန်မှန် သရဇ္ဈာယ်မှု ပြီးဆုံးအောင် ရပ်ခြင်းတည်း။ ထို့ထက်ကြာက ရှည်ကြာသောရပ်ခြင်းမည်၏။

ဆွမ်းခံစဉ် ဆွမ်းလောင်းသူ၏ မျက်နှာကိုလည်း မမော့ မကြည့်ရ၊ (ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မကြည့်ရ)။

ဆွမ်းခံပုဂ္ဂိုလ်သည် အကျွမ်းတဝင် ဆွမ်းမခံကောင်းသော အိမ်ခြောက်အိမ်ကိုလည်း သိထားရသည်။ ၎င်းခြောက်အိမ်မှာ-

၁။ သေရည်သေရက်သောက်စားရောင်းချရာ သေတင်းကုတ် (အရက်ဆိုင်)

၂။ အခကြေးငွေပေး၍ ယောကျ်ားများ ပျော်မြူးရာ ပြည့်တန်ဆာမအိမ်။

ဒုတိယအကြိမ်

၃။ လင်သေလင်ကွာ မုဆိုးမအိမ်

၄။ အပျိုကြီးအိမ်။ ၅။ ပဏ္ဍုက်အိမ်။

၆။ သိက္ခာနိကျောင်းတို့ဖြစ်ကြသည်။

ဆောင်-သုရာသောက်ထုတ်၊ သေတင်းကုတ်၊ ပဏ္ဍုက်ဘိက္ခုနီမ။
ပျိုကြီးဂေဟာ၊ ပြည့်တန်းဆာ၊ လင်ကွာမုဆိုးမ။
ဤ ၆-အိမ်တွင်၊ ကျွမ်းတဝင်၊ ဆွမ်းလျှင်မခံရ။

**အာရညိကဝတ်**=တောရဆောက်တည်၍ တောကျောင်း၌ နေသော ရဟန်းသာမဏေများကို အာရညိက (တောနေ)ဟု ခေါ်၏။ သူခိုးဓားပြသူပုန်တို့က ရန်ပြုတတ်၍ သူတို့အကျိုးငှာ မီး,ရေ,နက္ခတ်တို့ကို ရှိအောင် သိအောင် လုပ်ရသည်။

**သေနာသနဝတ်**= သေနာသနဝတ်ကိုပြုလုပ်ရာ၌ မိမိထက် အကြီးပုဂ္ဂိုလ်ရှိနေလျှင် ထိုပုဂ္ဂိုလ်ကို ပန်ကြား၍သာ စာချ၊ စာအံ၊စာတက် ပြဿနာမေး၊ တရားဟော။ မီးထွန်း၊မီးငြိမ်း၊ ပြူတင်းပေါက်ဖွင့်-ပိတ်မှုများကို ပြုလုပ်ရသည်။ သိတင်းကြီးက ခွင့်ပြုထားလျှင်၎င်း၊ အကျွမ်းဝင်၍ မပန်ကြားဘဲ၎င်း ပြုလုပ်နိုင်သည်၊ မိမိက ပန်ကြားထားလျှင်လည်း အပ်သည်သာ။

ဇန္တာဃရဝတ်= အအေးဓာတ် လွန်ကဲသော အရပ်တို့၌ အအေးမိရောဂါ မဖြစ်အောင် ကိုယ်ခန္ဓာ နွေးနပ်စေခြင်းငှာ မီးဖိုနှင့်တွဲ၍ ပြုလုပ်ထားသော ရေချိုးအိမ်ကို ဇန္တာဃရဟု ခေါ်သည်။ ဇရုံးအိမ်ဟု၎င်း၊ မီးတင်းကုတ်ဟု၎င်း ခေါ်သေးသည်။

ဝစ္စကုဋိဝတ်= ရေးကကုဋိတံခါး အမြဲစေ့ထား၍ လူရှိမရှိသိရန် အပြင်က ချောင်းဟန့် အသံပြုရသည်။ သက်နိုးကို မကောင်းနံ့စွဲမည်စိုး၍ အပြင်၌ရှိသောတန်းတွင် ထားခဲ့ရသည်။ ကုဋိတက်စဉ် အင်း—အင်းဟူသော ညည်းသံ ညစ်သံ မပြုရ။ ဒန်ပူမစားရ။

ကျင်ငယ်စွန့်ရာ မြောင်းထဲသို့ တံတွေး၊ နှပ် မစွန့်ရသုက်၊ အဆင်းထင်ဘွယ်ရှိသောကြောင့် မထွေးမစွန့်ရခြင်း ဖြစ်သည်။ စွန့်ပြီး ရေဖြင့်ဆေးကြောခဲ့မှု အပြစ်မရှိရာ။

ကွဲသော၊ ကြမ်းသော၊ ပုတ်ဆွေးသော၊ အခေါင်းပါသော၊ အဆစ်အဖုပါသော၊ ဆူးပါသော ကနုတ် ၆-မျိုးဖြင့် မသုတ်သင်ရ။

ဆောင်=ကွဲ-ကြမ်း-ဆစ်ဖု၊ ဆူး-ခေါင်း—ပု၊ ကနုမအပ်မြောက်။

သုတ်ပြီး ကနုတ်ကို ကုဋိတွင်းလဲမချရ၊ စီထပ်၍(အဟောင်းပုံး၌)ထားရသည်၊ သန့်သက်ရေဆေးရသည်၊ ရေဆေးစဉ် အသံ မမြည်စေရ၊ ရေခွက်ကိုမှောက်ထားခဲ့ရသည်၊ခွက်ထဲ၌ ရေကြွင်း ရေကျန် မထားခဲ့ရ၊ လက်သုတ်ပုဝါ၌ ကျင်ကြီးမသုတ်ရ။

ဥပဇ္ဈာယဝတ်=ဥပဇ္ဈာယ်ဆရာ၌ ဝတ်ပြုရန် အတူနေ (သဒ္ဓိဝိဟာရိက)တပည့်တိုင်းတွင် တာဝန်ရှိသည်၊ သို့သော် တပါးပါးက တာဝန်ယူထားလျှင်ဖြင့်၊ ဆရာက ခွင့်ပြုထားလျှင်ဖြင့်၊ မပြုဘဲနေခွင့်ရသည်။ ပြုမည့်သူမရှိက ကောန်လုပ်ကြရသည်။ နေရာခင်းခြင်းစသည်သာမက ဖွတ်လျှော်ဘွယ်တို့ကိုလည်း ဖွတ်လျှော်ရသည်။

**သဒ္ဓိဝိဟာရိကဝတ်**=ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိဟု ဥပဇ္ဈာယ်ယူထားသော တပည့်ကို သဒ္ဓိဝိဟာရိက (အတူနေ) **တပည့်ဟုခေါ်၏**။

ဥပဇ္ဈာယ်ဆရာသည် စာချပေးခြင်း၊ ဆုံးမဩဝါဒပေးခြင်းတို့ဖြင့်၎င်း၊ တပည့်တွင် သပိတ်၊သင်္ကန်းစသည်မရှိက (မိမိမှာ အပိုရှိနေလျှင်) ပေးကမ်းခြင်းဖြင့်၎င်း သင်္ဂြိုဟ် ထောက်ပံ့ရသည်။

အပိုမရှိလျှင်လည်း သပိတ်၊ သင်္ကန်း ရနိုင်ရန် ကြောင့်ကြစိုက်ရသည်၊ တပည့် မမာမကျန်းဖြစ်သောအခါ ကိုယ်တိုင် ဆေးကုခြင်း၊ မျက်နှာသစ်ရေ၊ ဒန်ပူပေးခြင်း စသည်များကို ပြု၍ စောင့်ရှောက်ရသည်။

**အာစရိယဝတ်**= တပည့်တို့၏ အစီးအပွားကို လွန်စွာကျင့်တတ်သောကြောင့် **အာစရိယ(ဆရာ)မည်၏**။ ဆရာ ၄-မျိုး ရှိသည်။—

၁။ ပဗ္ဗဇ္ဇာစရိယ= (ရှင်ပြုပေးသောဆရာ)

၂။ ဥပသမ္ပဒါစရိယ= (ရဟန်းပြုပေးသောဆရာ)

၃။ ဓမ္မာစရိယ= (စာချပေး**သော**ဆရာ)

၄။ နိဿယာစရိယ= (မှီခိုနေရာ "နိဿယည်းပေးသော" ဆရာ)

ဩဝါဒါစရိယ= (ဩဝါဒပေးသောဆရာ)ပါ ထည့်ပါက ဆရာ ၅-ပါးရှိသည်။ ထိုဆရာ ၄-ပါး၌သည်း ဥပဇ္ဈာယ်ဆရာ၌ ကဲ့သို့ ပြုလုပ်ဘွယ်ဝတ္တရားများကို **အန္တေဝါသိက** တပည့်များက မချွတ်ပြုလုပ်ကြရသည်။

**အန္တေဝါသိကဝတ်**= အနီးနေတပည့်ကို အန္တေဝါသိက တပည့်ဟု ခေါ်သည်။

အန္တေဝါသိကတပည့်သည်လည်း ၄-မျိုးပင်ရှိ၏။

၁။ ပဗ္ဗဇ္ဇန္တေဝါသိက= (ရှင်ပြုပေးအပ်သောတပည့်)
၂။ ဥပသမ္ပဒန္တေဝါသိက= (ရဟန်းခံပေးအပ်သောတပည့်)
၃။ ဓမ္မန္တေဝါသိက= (စာချပေးအပ်သောတပည့်)
၄။ နိဿယန္တေဝါသိက=(နိဿယည်းပေးအပ်သောတပည့်)
ဟု ၄-မျိုးဖြစ်သည်။

ဆုံးမသြဝါဒပေးခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိကဝတ်အတိုင်း ဆရာ ၄–ပါးက တပည့်လေးပါးအပေါ်၌ ပြုလုပ်ရသည်။

ဤ ၁၄—ပါးသော ဝတ်များသည် ဝိနည်း မဟာဝါ၊ စူဠဝါခန္ဓကတို့၌ လာသောကြောင့် ခန္ဓကဝတ်မည်ကြ၏။

အမှာ-ဝတ္တံအပရိပုဏ္ဏဖြစ်သောဂါထာ၏ အဓိပ္ပါယ်ကိုမူ အနက်အတိုင်းမှတ်ကြလေ၊ သံပေါက်ကဗျာကိုလည်းအနက်အဆုံး၌ ရေးသားစီကုံး ထည့်ထားပြီးဖြစ်၍ အဓိပ္ပါယ်ကို ထိုကဗျာအတိုင်း မှတ်ကြလေ။

**စုဒ္ဒသ ခန္ဓကဝတ် ပြီး၏**

**ရှင်ကျင့်ဝတ်ဝယ် မှတ်ဖွယ်များပြီး၏**

---

ဒုတိယအကြိမ်

## ကန်တော့ရည်ညွှန်း-နှုတ်ရွတ်စဉ်

## (ညဥ့်ဝတ်ရွတ်စဉ်)

ပဌမ=ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကို ရှိခိုးပူဇော်ကြသည်။

ရှိခိုးပူဇော်ပြီးက ထိုရက် ဘုရားဝတ်တက်ရာ၌ ပါသော သိက္ခာတော်အကြီးဆုံးပုဂ္ဂိုလ်ကို ရှိခိုးကန်တော့ကြသည်။

မထေရ်ကြီးကို ရှိခိုးကန်တော့ပြီးမှ နေ့စဉ် ရွတ်ဆိုနေကြ ရွတ်စဉ်များနှင့် ရက်အလှည့်ကျရွတ်ဆိုရသည့် ရွတ်စဉ်များကို ရွတ်ဆိုကာမေတ္တာပို့ အမျှဝေ၍ ည-အခါဘုရားဝတ်ပြုမှုကိစ္စ ပြီးဆုံးသည်။ ထိုနောက် သာမဏေ ၂-ပါးက ရောက်ဆဲ နှစ်,လ,ရက်ကို လျှောက်ကြားသည်။

### ရတနာ ၃-ပါးနှင့် ဆရာသမားကန်တော့=

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါးသော ကံဖြင့် ပြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါး (ဆရာသမားတို့အား)* ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ဝဋ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပ္ပတ္တိ

ဒုတိယအကြိမ်

တရားလေးပါး ပျသနတရားငါးပါး အနာမျိုး ၉၆-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျှင်မြန်စွာ ရ,ရပါလို၏ အရှင်ဘုရား။

**အလှည့်ကျဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း—**

၁။ တနင်္ဂနွေနေ့=မင်္ဂလသုတ်ပရိတ်
၂။ တနင်္လာနေ့=ရတနသုတ်ပရိတ်
၃။ အင်္ဂါနေ့=မေတ္တသုတ်ပရိတ်
၄။ ဗုဒ္ဓဟူးနေ့=ခန္ဓ-ဓမောရ-ဝတ္တသုတ်ပရိတ်
၅။ ကြာသပတေးနေ့=ဓဇဂ္ဂသုတ်ပရိတ်
၆။ သောကြာနေ့=အာဋာနာဋိယသုတ်ပရိတ်
၇။ စနေနေ့=အင်္ဂုလိမာလ-ဗောဇ္ဈင်္ဂ-ပုဗ္ဗဏှသုတ် ပရိတ်

---

**နေ့စဉ် ဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း—**

မဏ္ဍလာဇရိယသုတ် (ငါးရံ့မင်းပရိတ်)

၁။ ပူရေန္တော ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တော မစ္ဆယောနိယံ။
အစရိ တဠ ဉာတတ္ထံ၊ မဟာမေဃံ ပဝဿယံ။

၂။ သစ္စေနသု နိဂြောဓရာဇေ၊ ဝသန္တေ မဟောဒိနော။
သာရိပုတ္တဿ သေရဿ၊ ဘာသိတံ တံ ဘဏာမ ဟေ။

၃။ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။

ဒုတိယအကြိမ်

၄။ တတော ကာကာ စ၊ ဂိဇ္ဈာ စ ကင်္ကာကုလလသေနကာ၊
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေ ဥပနိသီဒိယ။

၅။ ဧဝံ ဝိနဋ္ဌသဟံ တတ္ထ၊ သဟာ ဉာတီဟိ ပိဠိတော။
ကေန နု ခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယေ။

၆။ ဝိစိန္တယိတွာ ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။

၇။ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။

၈။ ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကပါဏမ္ပိ ဟိံသိတံ။

၉။ ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။
အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေ သောကာ ပမော
စယ။

၁၀။ သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၁၁။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယမုတ္တမံ။
ဝဿာပေသိံ မဟာမေဃံ၊ သစ္စတေဇဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

မစ္ဆရာဇစရိယသုတ်ပြီး၏။

---

ဒုတိယအကြိမ်

## ပဋ္ဌာနပစ္စယုဒ္ဒေသပါဠိ

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယော-တိ။

## အနေကဇာတိ ဂါထာ

၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

## ပဋိစ္စသမုပ္ပါဒ် အနုလောမ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ

ဒုတိယအကြိမ်

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလောမ

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿ နိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ၊ သောက ပရိဒေဝဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ဥဒါန်းဂါထာ

၁။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

၂။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

၃၈။ ယဒါ ဟဝေ ပါတုဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

## မေတ္တာဘာဝနာ

၁။ အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

၂။ သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

၃။ သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၄။ အမှာကံ ကန်တော့ရမဟာထေရာ အဝေရာ ဟောန္တု ပ-ပရိဟရန္တု၊ ဒီဃာယုကာ ဟောန္တု အနာမယာ။

၅။ အမှာကံ ဂေါစရဂါမေ ဇေဋ္ဌကမနုဿာ အဝေရာ ဟောန္တု-ပ-ပရိဟရန္တု။

၆။ အမှာကံ ဂေါစရဂါမေ (သဗ္ဗေ) မနုဿာ အဝေရာ ဟောန္တု-ပ-ပရိဟရန္တု။

၇။ သဗ္ဗေသတ္တာ သဗ္ဗေပါဏာ သဗ္ဗေဘူတာ သဗ္ဗေပုဂ္ဂလာ သဗ္ဗေ-အတ္တဘာဝပရိယာပန္နာ သဗ္ဗာဣတ္ထိယော သဗ္ဗေ

ပုရိသာ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ သဗ္ဗေဝိနိပါတိကာ အဝေရာဟောန္တု ပ-ပရိဟရန္တု။

၈။ ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယဒိသာယ၊ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ။ သဗ္ဗေသတ္တာ-ပ-ပရိဟရန္တု။

ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓါ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၉။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။
၁၀။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။
၁၁။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။
၁၂။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

ဒုတိယအကြိမ်

၁၃။ ပါပုဏာန္တံ ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။

၁၄။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၁၅။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

၁၆။ သဗ္ဗေ သင်္ခါရာ အနိစ္စာ-တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၇။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ-တိ၊ ယဒါ ပညာယ ပဿတိ၊
အဟ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၈။ သဗ္ဗေ ဓမ္မာ အနတ္တာ-တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၁၉။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ
ဒုလ္လဘော လောကသ္မိံ၊ မနုဿတ္တဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သဒ္ဒါသမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊
သဒ္ဓမ္မဿဝနံ ဒုလ္လတံ၊ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒတိ။

၂၀။ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ
သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

၂၁။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ-နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၂၂။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ-ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဒုတိယအကြိမ်

၂၃။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၂၄။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ
ဇာတိဇရာ မရဏမှာ ပရိမုစ္စိဿာမိ။

**အမျှဝေ။** ။ဤကောင်းမှု အဖို့တို့ကို ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ ကျောင်းအရပ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရွာနယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်။ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ သမ္မာဒေဝနတ်၊ သာသနာတော်စောင့်နတ်မှစ၍ မိဘဆရာ ရာဇာမကြွင်း ခပင်း ဥဿုံ သုံးဆယ့်တဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျ သတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါကုန်၏။ ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ်ကောင်းမှုအဖို့တို့ကို ရကြကုန်သည် ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ အေးမြကြပါစေကုန် သတည်း။

မေတ္တာပို့ နှင့် အမျှဝေပြီး၏

ဒုတိယအကြိမ်

## ဗိနာသင်ရှာစန (ဇနေယျက်) ဖာသာပင်း

## [သာသနာလျှောက်]

ရာဇာတိရာဇိန်၊ ဒေဝါတိဒေဝိန်၊ ဗြဟ္မာတိဗြဟ္မိန်၊ မုနိန္ဒာဓိပတိ၊ တိလောကမှန်ကူ၊ သာယမ္ဘူ မြတ်စွာသည်၊ များစွာသော ဝေနေယျာကို ပြည့်စေမှာအောင်မြို့သို့ ဆောင်ပို့မည်ရည်စူး၍ ထူးမြတ်သောစည်းစိမ်၊ ရွှေနန်းမရိပ်ငြိမ်ဝယ် စံမွေ့သိရိပျော် မယ်ယသော်သက်နှင်း သောင်းမျှသော ရွှေသင်းနှင့် ဘမင်းကို စွန့်ခွာ၊ သန်းခေါင်ယာမ် ညဉ့်အခါတွင် ကျွန်ရင်းချာ မောင်ဆန်၊ ကဏ္ဍကာ မြင်းပါနှင့် မြိုင်ဝေယံတောနက်သို့ မြန်းထွက်တော်မူပြီးကာ အနော်မာ မြစ်အနီး ထိန်ညီးလျက် ပြိုးပြောင် ရတနာငွေသောင်ဝယ် ပိတုံးရောင်ကေသျှင်ကို ပယ်သုတ်သင်ရှင်းထား၍ ဗြဟ္မာတို့မှတာ၊ မာရ်စစ်သည်ဗိုလ်ပါကို အောင်ဇေယျာခပင်း တန်ခိုးဖြင့် နှိမ်နင်းလျက် တညဉ့်တွင်း ခပ်သိမ်းအောင် တရားဖုံသိမြင်၍ သုံးလူ့ရှင်မမှရာဇ် သမ္ဗုဒ္ဓအဖြစ်သို့ တက်သစ်ဗနေအလား ဆိုက်ရောက်တော်မူငြားကာ၊ ဘုံသုံးပါးဝေနေ မျှားနတ်လူ့ဗိုလ်ခြေကို တရားရေအမြိုက်ဆေး တိုက်ကျွေးတော်မူလျက် နှစ်၊ရက်၊လ များ လေးဆယ့်ငါးဝါ၊ ကာလကြာသော် ကုသိနာရုံ အင်ကြင်းပင်အစုံ ပင်ပျိုနှိုရိပ်မြုံဝယ် ရွှေနိုဘုံညောင်စောင်း၊ ပြိဿရာသီ ၁၂-လုံးအညီတွင်၊ နဝင်းမှိ စက်ဇလျောင်းကာ နိဗ္ဗူတာမြန်းသို့ စံမြန်းတော်မူသည့် နေ့မှစ၍ မြွက်ဟမိန့်ဖော် ထားတော်မူခဲ့သော သာသနာတော်မြတ်သည်ကား အနှစ်ငါးထောင် ဖြစ်ပါသည်ဗျား၊ ထိုအနှစ်ငါးထောင်တွင် လွန်ခဲ့ပြီးသော အတိတ် သာသနာတော်မြတ်

သည်ကား(　　　)ခုရှိပါပြီ အရှင်ဘုရား၊ ကြွင်းကျန်မပြတ် အနာဂတ်ခေါ် သာသနာတော်မြတ်သည်ကား နှစ်အရေအတွက်အားဖြင့် (　　　)ခုမျှသာ ကျန်ရှိပါတော့သည် ဘုရား။ ယခုလူတို့မှည့်သော် ဓါဝေါပညတ် သမုတ်အပ်သော ကောဇာသက္ကရာဇ် နှစ်အရေအတွက်သည်ကား (　　ခုနှစ်၊ 　လ၊ 　ရက်၊ 　)နေ့ ဖြစ်ပါသည် အရှင်ဘုရား။

အာရုံတပါး စိတ်မသွားဘဲ နားစိုက်တော်မူကြပါ ဆရာတော်သခင် သံဃာတော် အရှင်သူမြတ်တို့ဘုရား။ အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်း တရားပေါင်းကား ရဟန်းများတို့ တရားမနာ စာပေမသင် နှုတ်တွင်မဆောင် သိအောင်မမှတ် ပတိပတ်ကွာ ဤငါးဖြာတည်း။ အသာဝါထို့ပြင် စာသင်ပယ် လျှော ကျယ်မဟောကြ ကျယ်မချနှင့် ကျယ်စွာမအံ မကြံမစီ ဤငါးမည်တည်း။ တနည်းမှတ်ပါ အာ့က္ခရာပုဒ်ပျက် လေ့ကျက်သင်ကြ ဒုဗ္ဗစပြောတူ စာချသူရှား လာဘ်များ အောင်ဖန် ခိုက်ရန်ကွဲပြား ပေါင်း ၁၅–သည်၊ မြတ်ဘုရား သာသနာ ကွယ်ကြောင်းပါတည်း။ ကွယ်ကြောင်းဆိုးဝါး ယင်းတရားတို့ကို ပယ်ရှားဆန္ဒ စိတ်တွင်ချ၍ ထိုမှပြန်လောင်း တည်ကြောင်းသာသနာ ၁၅-ဖြာကို လွန်စွာပွားကြောင်းဆုပန် တောင်းလျက် ကောင်းကောင်းကြီး ကျင့်ကြံအားထုတ်တော်မူကြပါဆရာတော်သခင် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

ဤတွင် ညဉ့်ဂက်ရှက် စဉ်ပြီး၏။

---

ဒုတိယအကြိမ်

## နံနက်ဝတ်ရွတ်စဉ်

ဘုရားရှိခိုးပြီးနောက် ပစ္စဝေက္ခဏာ ၄-ပုဒ်နှင့် ဘို့နပ်ဆိမ်း လင်္ကာကို ရွတ်ဆိုဆင်ခြင်ကြသည်။ ထို့နောက် အောက်ပါ အစဉ်အတိုင်း ရွတ်ဆိုကြသည်။

နိကဋ္ဌဓုတင်= သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

ခလုပစ္ဆာဓုတင်= အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။

## ဒွတ္တိံသ ကောဋ္ဌာသပါဠိ

ယေ တုမှေ ဘိက္ခဝေ ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခထ။

အတ္ထိ ဣမသ္မိံ ကာယေ—

ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

မြန်မာပြန်။ ။ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ချဉ်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊

အစာသစ်၊ အစာဟောင်း၊ ဥကျောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ သဏ္ဌာန တောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသ တောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ပါဠိယေကြော ကောဋ္ဌာသော နိဿတ္တာ နိဇ္ဇီဝေါ အဗျာကတော သုညော ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ဣမသ္မိံ မေ ကာယေ ဣမေ လောမာ နာမ (တူပြီ)။

ဣမသ္မိံ မေ ကာယေ ဣမေ နခါ နာမ (တူပြီ)။

ဣမသ္မိံ မေ ကာယေ ဣမေ ဒန္တာ နာမ (တူပြီ)။

ဣမသ္မိံ မေ ကာယေ အယံ တစော နာမ ဝဏ္ဏတောပိ-ပ-ပဋိကူလော။

ဣမသ္မိံ မေ ကာယေ အယံ တစော နာမ ပါဠိယေကြော ပ-ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ အယံ တစော နာမ ခယဋ္ဌေန အနိစ္စော၊ ဘယဋ္ဌေန ဒုက္ခော၊ အသာရကဋ္ဌေန အနတ္တာ။

မှတ်ချက်-ကြွင်းကောဋ္ဌာသတို့ကိုလည်း လိင်ဆင်ခြင်၍ (ဗုဒ္ဓိလိင် ပုလ္လိင်၌ အယံ၊ န ပုလ္လိင်၌ ဣဒံ-ဟု) ရွတ်ဆိုလေ၊ ပိတ္တံမှ မုတ္တံတိုင်အောင် အာပေါဓာတုယေဝဟု ဆိုလေ။

## အာဟာရေ ပဋိကူလသညာပွားခြင်း

၁။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဧကဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိ သန္ဒတိ။

၂။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတိ သမရိဝါရော၊ နိက္ခမနေ္တာ နိလီယတိ၊

၃။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတိ အဘိနန္ဒန္တော၊ နိက္ခမနေ္တာ ဇိဂုစ္ဆတိ။

၄။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဧကရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။

၅။ အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ၊
ပဉ္စကောဋ္ဌာသေန ဘာဇေတွာ၊ နိဋ္ဌုဝ ဃသေန နဿတိ။

၆။ ဓာတုမတ္တက မေဝေတံ ယဒိဒံ စီဝရံ တထူပမံ ပရိ
ဘုတ္တော ပုဂ္ဂလောပိ ဓာတုမတ္တကမေဝ။

၇။ ဓာတုမတ္တကမေဝေတံ ယဒိဒံ ပိဏ္ဍပါတံ တထူပမံ ပရိ
ဘုတ္တော ပုဂ္ဂလောပိ ဓာတုမတ္တကမေဝ။

၈။ ဓာတုမတ္တကမေဝေတံ ယဒိဒံ သေနာသနံ တထူပမံ ပရိ
ဘုတ္တော ပုဂ္ဂလောပိ ဓာတုမတ္တကမေဝ။

၉။ ဓာတုမတ္တကာ မေ ဝေတံ ယဒိဒံ ဘေသဇ္ဇံ တထူပမံ ပရိ
ဘုတ္တော ပုဂ္ဂလောပိ ဓာတုမတ္တကမေဝ။

၁၀။ ဝဏ္ဏဂန္ဓရသသမ္ပန္နံ ဣဒံ စီဝရံ မမပူတိကာယံ ပတွာ
ပန အတိဇိဂုစ္ဆနီယဘာဝံ ပါပုဏိဿတိ။

ဒုတိယအကြိမ်

၁၁။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣဒံ ပိဏ္ဍပါတံ မမ ပူဇိကာယံ ပတ္တာ ပန အတိဗီဂုစ္ဆနိယဘာဝံ ပါပုဏာတိ။

၁၂။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣဒံ သေနာသနံ မမ ပူဇိကာယံ ပတ္တာ ပန အတိဗီဂုစ္ဆနိယဘာဝံ ပါပုဏာတိ။

၁၃။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣဒံ ဘေသဇ္ဇံ မမ ပူဇိကာယံ ပတ္တာ ပန အတိဗီဂုစ္ဆနိယဘာဝံ ပါပုဏာတိ။

ထို့နောက်— မေတ္တာပို့၊ အမျှဝေ၍ နံနက် ဝတ်တက် ပြီးသည်။

## ကန်တော့ရ ညဉ့်—နံနက် ဝတ်ရွတ်စဉ် ပြီး၏

### နိဂုံး

၁။ ဤတွင်ပြီးဆုံး၊ ကမ္မတ်ဖုံး၊ နှလုံးလိုပြည့်ကာ။

၂။ ရှင်တို့ကျင့်အပ်၊ သိကွာမြတ်၊ ရေးမှတ်နည်းစုံစွာ။

၃။ သိရေးကျင့်ရေး၊ စိတ်ယဉ်ကျေး၊ ဝိနေးသာသနာ။

၄။ နေနှယ်ပတွန်း၊ လနှယ်ရွှန်း၊ တွန်းလိမ့်ဤသည့်စာ။

၅။ ဤစာပြုစု၊ မြတ်ကောင်းမှု၊ ယခုမြန်မကြာ။

၆။ ချမ်းသာအမွန်၊ ပြည်နိဗ္ဗာန်၊ ကေန်ရောက်လိုပါ။

၇။ နွယ်မြတ်ဂုဏ်ရောင်၊ ဤစာစောင်၊ အမှောင်ခွင်းပါစေ။

ဤတွင် ကန်တော့ရရှင်ကျင့်ဝတ် အလုံးစုံပြီး၏

ဒုတိယအကြိမ်

ဒုတိယအကြိမ်

## ရူတင် ၁၃-ပါဠိ ပါဠိ=အနက်

### ၁။ ပံသုကူ ဓုတင်

(ပါဠိ) ဂဟပတိ ဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ။

(အနက်) ဂဟပတိဒါနစီဝရံ - ဒါယကာတို့ လှူလာသော သင်္ကန်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏၊ ပံသုကူလိကင်္ဂ = ပံသကူသင်္ကန်းကို ဆောင်လေ့ရှိသူ၏ အကြောင်း အင်္ဂါ စေတနာကို၊ သမာဒိယာမိ=ဆောက်တည် ပါ၏။

### ၂။ တိစီဝရိက် ဓုတင်

(ပါဠိ) စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂ သမာဒိ ယာမိ။

(အနက်) စတုတ္ထကစီဝရံ=လေးထည်မြောက်သင်္ကန်းကို၊ ပဋိက္ခိ ပါမိ=ပယ်ပါ၏။ တေစီဝရိကင်္ဂ=သင်္ကန်း သုံး- ထည်သာ ဆောင်လေ့ရှိသူ၏ အကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။

### ၃။ ပိဏ္ဍပါတ် ဓုတင်

(ပါဠိ) အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂ သမာ ဒိယာမိ။

(အနက်) အတိရေကလာဘံ=ပိဏ္ဍိယာလောပမှ ပိုလွန်သော လာဘ်ကို၊ ပဋိက္ခိပါမိ=၏။ ပိဏ္ဍပါတိကင်္ဂ=ဆွမ်း ခံသွားလေ့ရှိသူ၏ အကြောင်းအင်္ဂါ စေတနာကို သမာဒိယာမိ - ၏ ။

၄။ သံပဒါနုစာရိက ဓူတင်

(ပါဠိ) လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

(အနက်) လောလုပ္ပစာရံ=အိမ်စဉ်ကျော်၍ လျှပ်ပေါ်သော သွားခြင်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏။ သပဒါနု-စာရိကင်္ဂံ=အိမ်စဉ် မပြတ် ဆွမ်းရပ်လေ့ ရှိသူ၏ အကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ=၏။

၅။ ဧကသနိက် ဓူတင်

(ပါဠိ) နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။

(အနက်) နာနာသနဘောဇနံ=ယာပိုက်ပြောင်းကူးအထူးထူး-သောနေရာ၌စားခြင်းကို၊ ပဋိက္ခိပါမိ=၏။ ဧကာ-သနိကင်္ဂံ=တနေရာတည်း၌ စားလေ့ရှိသူ၏ အ-ကြောင်းအင်္ဂါ စေတနာကို။ သမာဒိယာမိ=၏။

၆။ ပတ္တပိဏ္ဍိက ဓူတင်

(ပါဠိ) ဒုတိယကဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

(အနက်) ဒုတိယကဘာဇနံ=နှစ်ခုမြောက်သောခွက်ကို၊ ပဋိက္ခိ-ပါမိ=၏။ ပတ္တပိဏ္ဍိကင်္ဂံ=ခွက်တခုတည်း၌သာ ဆွမ်းကို ယူလေ့ရှိသူ၏ အကြောင်းအင်္ဂါ သမာ-ဒါနစေတနာကို၊ သမာဒိယာမိ = ၏။

၇။ ခလုပစ္ဆာဘတ္တိ ဓူတင်

(ပါဠိ) အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။

(အနက်) အတိရိတ္တဘောဇနံ=ဂိလာနပုဂ္ဂိုလ် ဝိနည်းမိုရ်တို့၏ ပိုလွန်ကြွင်းကျန်သောဘောဇဉ်ကို၊ ပဋိက္ခိပါမိ=၏။ ခလုပစ္ဆာဘတ္တိကင်္ဂ=ပြစ်ပယ်သည့်နောက်မှရသော-ဆွမ်းကို စားလေ့ရှိသူ၏ အကြောင်းအင်္ဂါစေတ-နာကို၊ သမာဒိယာမိ=၏။

ဂ။ ရုက္ခမူ ဓုတင်

(ပါဠိ) ဆန္နံပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂ သမာဒိယာမိ။

(အနက်) ဆန္နံ = အုတ်-ကျောက်-သစ်ရွက်-မြက်-အင်္ဂတေ ငါးတွေ့သောအမိုးကို၊ ပဋိက္ခိပါမိ=၏။ ရုက္ခမူလိ-ကင်္ဂ=သစ်ပင်ရင်း၌ နေလေ့ရှိသူ၏ အကြောင်း-အင်္ဂါစေတနာကို၊ သမာဒိယာမိ = ၏ ။

၉။ အာရညကင် ဓုတင်

(ပါဠိ) ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂ သမာ ဒိယာမိ။

(အနက်) ဂါမန္တသေနာသနံ=ရွာနီးကျောင်းကို၊ ပဋိက္ခိပါမိ=၏။ အာရညိကင်္ဂ=တော၌နေလေ့ရှိသူ၏ အ-ကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ=၏။

၁၀။ အဗ္ဘောကာသိက ဓုတင်

(ပါဠိ) ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ဂ သမာဒိယာမိ။

(အနက်) ဆန္နဉ္စ=ငါးတွေ့သော အမိုးကိုရင်း၊ ရုက္ခမူလဉ္စ= သစ်ပင်ရင်းကိုရင်း၊ ပဋိက္ခိပါမိ=၏။ အဗ္ဘော-ကာသိကင်္ဂ=လင်းတီးဟင်းလင်းပြင်၌နေလေ့ရှိသူ၏ အကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ=၏။

၁၁။ သုဿာန် ရှုတင်

(ပါဠိ) နသုဿာနံ ပဋိက္ကူလံ ပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ။

(အနက်) နသုဿာနံ=သင်္ချိုင်းမဟုတ်သောအရပ်ကို၊ ပဋိက္ခိ-ပါမိ ၏၊ သောသာနိကင်္ဂံ=သင်္ချိုင်း၌ နေလေ့-ရှိသူ၏ အကြောင်းအင်္ဂါ စေတနာကို၊ သမာဒိ-ယာမိ = ၏။

၁၂။ ယထာသန္တတိ ရှုတင်

(ပါဠိ) သေနာသန လောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္တတိ-ကင်္ဂံ သမာဒိယာမိ။

(အနက်) သေနာသနလောလုပ္ပံ = ကောင်းမကောင်း စုံစမ်းမေးမြန်းခြင်းဟူသော ကျောင်း၌ လျှပ်ပေါ်လော်လီ-ခြင်းကို၊ ပဋိက္ခိပါမိ=၏။ ယထာသန္တတိကင်္ဂံ = အစဉ် ရောက်ရာ ကျောင်း၌ နေလေ့ရှိသူ၏ အ-ကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ=၏။

၁၃။ နေသဇ္ဇိက ရှုတင်

(ပါဠိ) သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

(အနက်) သေယျံ=ကိုယ် ကိုဆန့်၍ လျောင်းအိပ်ခြင်းကို၊ ပဋိက္ခိပါမိ=၏။ နေသဇ္ဇိကင်္ဂံ -ထိုင်နေလေ့ရှိသူ၏ အ-ကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏။

ရှုတင် ( ၁၃ ) ပါး ပြီး၏။

# အမှား – အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄ | ၁၀ | အနုကမ္ဗံ | အနုကမ္ပံ |
| ၅ | ၆ | အနုကမ္ဗံ | အနုကမ္ပံ |
| ၇ | ၁၄ | အပြဟ္မာစရိယာ | အပြဟ္မစရိယာ |
| ၉ | ၂၀ | အဌကတာဆရာ | အဋ္ဌကထာဆရာ |
| ၁၂ | ၉ | ဋ္ဌိတိယာ | ဋ္ဌိတိယာ |
| ၁၂ | ၁၀ | ပြဟ္မာစရိယာ | ပြဟ္မစရိယာ |
| ၁၄ | ၁၉ | ပဋိသလ္လာနာခရုတ္တံ | ပဋိသလ္လာနာရာမတ္တံ |
| ၁၇ | ၁၄ | အ ပြဟ္မာစာရီ | အပြဟ္မစာရီ |
| ၂၂ | ၇ | နဩဂုဏ္ဏိ့တာ | နဩဂုဏ္ဏိ ့တာ |
| ၂၃ | ၁၉ | ပက္ခိ ါိဿာမိတိ | ပက္ခိပိဿာမိတိ |
| ၂၆ | ၁ | ဩဂုဏ္ဏိဘာသီသဿ | ဩဂုဏ္ဏိတာသီသဿ |
| ၃၀ | ၁ | — | ခမ္ဘကတဝင် |
| ၃၁ | ၁၀ | သတိယား၍ | သတိထား၍ |
| ၃၃ | ၂ | ကဗဋ္ဌ | ကဗဋ္ဌေ |
| ၃၉ | ၁၂ | ဘဂဝတော | ဘဂဝတာ |
| ၄၁ | ၁၄ | သိုမှိုခြင်း | သိုမှီးခြင်း |
| ၄[illegible] | ၁၉ | စိခဘ္တကဂ္ဂံ | စိတ္တေကဂ္ဂံ |
| [illegible]၇ | ၂၁ | နှလုံးသွင်းနိုင်ရ-ည် | နှလုံးသွင်းခိုင်းရမည် |
| ၄[illegible] | [illegible] | ကော ဋ္ဌ ာသအစု ကို | ကောဋ္ဌာသအစုကို |

## အမှား – အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၈ | ၁၅ | ဒဓန္တာ | ဒန္တာ |
| ၅၃ | ၉ | ဌာန်တရိုက်း | ဌာန်ကရိုက်း |
| ၆၀ | ၁၂ | ၀ ॥ | ၁ ॥ |
| ၆၁ | ၁၆ | ဒသော်တုံ | ဒုသောတုံ |
| ၆၂ | ၁၀ | မိတ်ဆိုရင်း | မိန့်ဆိုရင်း |
| ၈၇ | ၁၂ | သိက္ခာမင် | သိက္ခမာန် |
| ၁၃၉ | ၂၁ | သတ္တပါကို | သတ္တပါကို |
| ၁၄၂ | ၈ | သြဂုဏ်ိတ | သြဂုဏ်ိတ |
| ၁၄၂ | ၉ | တောအမ်၏ | ဟောအပ်၏ |
| ၁၄၃ | ၁၃ | သဃော်ကိုတာ (နှုပ်) | သဃ်ာကိုက (နှုပ်) |
| ၁၄၅ | ၁၇ | ဂမိဂ | ဂမိက |
| ၁၄၆ | ၇ | ဂိဏ္ဍစာရိကဝင် | ပိဏ္ဍစာရိကဝင် |
| ၁၅၃ | ၆ | အတိက္ခယ် | အဘိက္ခယံ |
| ၁၅၃ | ၉ | ပတ္တောသည့် | ပတ္တောသို့ |
| ၁၅၃ | ၁၀ | ဒကပါကမို့ | ၎ကပါကမို့ |
| ၁၅၇ | ၁၆ | နိဒ္ဒုက္ခစာနုပဒ္ဒဝါ | နိဒ္ဒုက္ခာစာနုပဒ္ဒဝါ |
| ၁၅၈ | ၁၅ | သဒ္ဒါသမ္ဗတ္တိ | သဒ္ဓါသမ္ပတ္တိ |
| ၁၅၈ | ၁၆ | ဒုလ္လတံ | ဒုလ္လဘံ |
| ၁၆၂ | ၁၆ | အနုဂကံ | အနုဂ္ဂကံ |

ဤရှင်ကျင့်ဝတ်သည်=

သိမှတ်ဘွယ်၊ ကျင့်အပ်ဘွယ်၊ အဓိပ္ပါယ်အစုံ အလင်ဖြင့် တန်းဆာဆင်ထား၍ ရှင်စစ်ရှင်ကောင်း ဖြစ်နိုင်ရေးနှင့် မြို့နယ် ရွှေကျင်နိကာယ ဝိနယဓမ္မစာမေးပွဲ အမြို့မြို့အနယ်နယ် သာမဏေဝိနည်းပြန် စာမေးပွဲများ အတွက် များစွာ အထောက် အကူ ပေးပါလိမ့်မည်။